

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပြန်ကြားရေးဝန်ကြီးဌာန | – | စာအုပ်အမှတ်စဉ် ( ၈/၂၀၂၅ ) |
| ထုတ်ဝေသည့်ခုနှစ် | – | ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| အုပ်ရေ | – | ၁၀၀၀ အုပ် |
| ပုံနှိပ် | – | ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH, NUG, PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH, NUG, PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Public Notice for Elimination of Violence

1. **Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.**
2. **Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.**
3. **Giving information secretly to the authorities on terrorists and on the possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ
( ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ )

## မာတိကာ


– နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅)ရပ် ၅

– နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် ၆

**မိန့်ခွန်းများ**

၁။ (၇၅) ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၇

၂။ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်စဉ် ပြောကြားသည့် အမှာစကား ၁၂

၃။ ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် သုမင်္ဂလာအဆင့်မြင့်စျေး တည်ဆောက်ရေး စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား ၁၈

၄။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း ၂၀

၅။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၆) သင်တန်းဆင်းပွဲတွင် ထူးချွန်ဆုရ ဗိုလ်လောင်းများနှင့် မိဘများအား တွေ့ဆုံစဉ် ပြောကြားသည့်မိန့်ခွန်း ၂၅

၆။ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၂၇

၇။ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၃၃

၈။ (၇၆) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၃၆

၉။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ ကတိသစ္စာပြုခြင်း အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၃၉
၁၀။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၆) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြ အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၄၃
၁၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၄၈
၁၂။ တပ်မတော် (လေ) ၏ ဖွဲ့စည်းတည်ထောင်မှု (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၅၃
၁၃။ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၅၅
၁၄။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၅) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၅၈
၁၅။ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၆၃
၁၆။ ခရစ်တော်မွေးနေ့ (ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၆၇
၁၇။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်ခန်းမဖွင့်ပွဲနှင့် ရာပြည့်သဘင် အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၇၀
၁၈။ ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၇၅
၁၉။ (၇၇)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်ရေယာဉ်များတပ်တော်ဝင်ခြင်း အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၈၀

## သဝဏ်လွှာ

၁။ သတ္တမအကြိမ်မြောက် ထားဝယ်အမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ ၈၅
၂။ နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် ရခိုင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ ၈၇
၃။ နှစ် (၅၀) ပြည့် ရွှေရတု အာခါအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ ၉၁
၄။ ကရင်အမျိုးသားနှစ်သစ်ကူးနေ့သို့ ပေးပို့သည့် သဝဏ်လွှာ ၉၃

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၉) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# (၇၅) ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသား စာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၁ - ၁၂ - ၂၀၂၄ )






(၇၅) ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆု အထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာမူဆု ဆုနှင်းသဘင်အခမ်းအနားကို ဒီဇင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ စာပေဆုများ ပေးအပ် ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီး များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိ ကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စာပေဆုစိစစ်ရွေးချယ်ရေး ကော်မတီဝင်ဆရာကြီး၊ ဆရာမကြီးများ၊ ဆုရပုဂ္ဂိုလ်များ၊ စာပေပညာရှင်များ၊ အနုပညာရှင်များ၊ စာပေဝါသနာရှင် များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က စိန်ရတုအမျိုးသား စာပေဆု အထိမ်းအမှတ်ပြခန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ် ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနား တက်ရောက် လာကြသူများသည် စိန်ရတုအမျိုးသားစာပေဆု အထိမ်း အမှတ်ပြခန်း ၂၀၂၃ ခုနှစ်အတွက် ဆုရရှိသူများ၏ အတ္ထုပ္ပတ္တိ၊ ဓာတ်ပုံ၊ ဆုရစာအုပ်များ၊ စာအုပ်စာစောင်များနှင့် အင်းဝ ခေတ် မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှုပြခန်း၊ စာပေဆိုင်ရာ

ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များ၏ "စိန်ရတုမှသည် ရာထောင်ချီ" စာပေဆုနှင်းသဘင်ဂုဏ်ပြုသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုနှင့် "နိုင်ငံ့ဂုဏ်၊ လူမျိုးဂုဏ်ကို စာပေဂုဏ်ဖြင့်မြှင့်တင်မည်" မှတ်တမ်း Video Clip ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၌ နှစ်စဉ်နှစ်တိုင်း နတ်တော်လဆန်း ၁ ရက်နေ့တွင် မိမိနိုင်ငံနှင့် အများပြည်သူတို့၏ ကောင်းကျိုးအဖြာဖြာကို စာပေကလောင်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် စာပေပညာရှင်ကြီးများ၊ စာဆိုတော်ကြီးများ၏ စာပေဂုဏ်ကျေးဇူးကို လေးမြတ်ဂုဏ်ပြုလျက် စာဆိုတော်နေ့ အခမ်းအနားကို ၁၉၄၄ ခုနှစ်မှစတင်ပြီး မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတစ်ခုအဖြစ် ကျင်းပလာကြခြင်းဖြစ်ကြောင်း။

မြန်မာစာပေသမိုင်းကိုပြန်ကြည့်မည်ဆိုပါက ပုဂံခေတ်ကစပြီး ယနေ့ခေတ်ကာလအထိ နှစ်ပေါင်းထောင်ချီဖြတ်သန်းလာခဲ့ပြီဖြစ်ကြောင်း၊ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ်များမှ ယနေ့ခေတ်ကာလအထိ မြန်မာ့ယဉ်ကျေးမှု အနုပညာအဖြာဖြာ၏ ပင်စည်မဏ္ဍိုင်ကြီးဖြစ်သည့် စာပေနယ်ပယ်ကြီး ဖွံ့ဖြိုးတိုးတက်ခဲ့သည့် အစဉ်အလာကောင်းကို ပိုမိုခိုင်မာတိုးတက်အောင် ဆောင်ရွက်ခဲ့ကြသဖြင့် လေးစားဂုဏ်ယူပါကြောင်း။

စာပေသည် လူ့အဖွဲ့အစည်း၏ အကြံအစည်၊ အပြုအမူ၊ အနေအထိုင်၊ ဓလေ့ထုံးစံ၊ ဘာသာတရား၊ ပေါင်းသင်းဆက်ဆံရေး စသည့်ကိစ္စများအပြင် ယဉ်ကျေးမှု အနုပညာအပေါင်းတို့၏ အစပြုရာဖြစ်ကြောင်း၊ စာပေသည် လူမျိုး၏ ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်ပြီး စာအုပ်မျိုးစုံသည် လူသားများ၏ ခေတ်ကြေးမုံများပင်ဖြစ်ကြောင်း၊ စာအုပ်စာပေသည် လူသားများအတွက် မိတ်ဆွေကောင်းဖြစ်ပြီး စာပေမြင့်လာသည်နှင့်အမျှ လူမျိုးလည်းတင့်တယ်ဝင့်ကြွားလာမည်ဖြစ်ကြောင်း၊ စာပေသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှု အဆင့်အတန်းကို ထင်ဟပ်နေခြင်းဖြစ်သဖြင့် မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ စာပေနှင့်ပတ်သက်သည့် အစဉ်အလာကောင်းများကို စာပေပညာရှင်များ၊ စာပေကို တန်ဖိုးထားသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် မျိုးဆက်သစ်များက ဆက်လက်ပြီး လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ကြရန်လည်း မှာကြားလိုကြောင်း။

နိုင်ငံနှင့် ပြည်သူများ၏ ကောင်းကျိုးအတွက် အားထုတ်ရေးဖွဲ့ ထုတ်ဝေခဲ့ကြသည့် စာဆိုကြီးများ၏ စာကောင်းပေမွန်လက်ရာများကို နိုင်ငံတော်အဆင့် အမျိုးသားစာပေဆုအဖြစ် ရွေးချယ်ပြီး စာဆိုတော်နေ့ရောက်တိုင်း နှစ်စဉ်ချီးမြှောက်ဂုဏ်ပြုခြင်းသည် နိုင်ငံ၏

**စာပေသည် လူ့အဖွဲ့အစည်း၏
အကြံအစည်၊ အပြုအမူ၊ အနေအထိုင်၊
ဓလေ့ထုံးစံ၊ ဘာသာတရား၊ ပေါင်းသင်း
ဆက်ဆံရေး စသည့်ကိစ္စများအပြင်
ယဉ်ကျေးမှု အနုပညာအပေါင်းတို့၏
အစပြုရာဖြစ်၊ စာပေသည် လူမျိုး၏
ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်ပြီး စာအုပ်မျိုးစုံသည်
လူသားများ၏ ခေတ်ကြေးမုံများပင်ဖြစ်၊
စာပေသည် နိုင်ငံတစ်နိုင်ငံ၏
ယဉ်ကျေးမှု အဆင့်အတန်းကို
ထင်ဟပ်နေခြင်းဖြစ်သဖြင့် မြန်မာတို့၏
ဂုဏ်ယူဖွယ်ရာ စာပေနှင့်ပတ်သက်သည့်
အစဉ်အလာကောင်းများကို
စာပေပညာရှင်များ၊ စာပေကို
တန်ဖိုးထားသည့် ပုဂ္ဂိုလ်များ၊
အဖွဲ့အစည်းများနှင့် မျိုးဆက်သစ်များက
ဆက်လက်ပြီး လက်ဆင့်ကမ်း ထိန်းသိမ်း
စောင့်ရှောက်ကြရန်လည်းမှာကြားလို။**

ကောင်းမြတ်သည့် အစဉ်အလာပင်ဖြစ်ကြောင်း၊ ထိုသို့ ကောင်းမွန်သည့် အစဉ်အလာကောင်းကို ၁၉၄၈ ခုနှစ်က စတင်ကျင်းပခဲ့သည်မှာ ယခုဆိုပါက (၇၅)ကြိမ်မြောက် ရှိပြီဖြစ်သဖြင့် စိန်ရတုသက်တမ်းသို့ ရောက်ခဲ့ပြီ ဖြစ်ကြောင်း။

**ဘာသာပြန်စာပေများ ထုတ်ဝေ**

နိုင်ငံတော်၏ လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှုဖြင့် ၁၉၄၇ ခုနှစ်၊ ဩဂုတ်လတွင် တည်ထောင်ခဲ့သည့် စာပေဗိမာန်သည် တိုင်းရင်းသားပြည်သူများ နိုင်ငံတကာ ဗဟုသုတတိုးပွားရေးအတွက် ဘာသာပြန်စာပေများ ထုတ်ဝေခဲ့သကဲ့သို့ မြန်မာစာပေ ဖွံ့ဖြိုးရေးအတွက် ၁၉၄၈ ခုနှစ်တွင် **“စာပေဗိမာန်ကာလပေါ်ဝတ္ထုဆု”**ကို စတင်ချီးမြှင့်ခဲ့ကြောင်း။

**“စာပေဗိမာန်ကာလပေါ်ဝတ္ထုဆု”**ကို **“စာပေဗိမာန်ဆု”**၊ **“အနုပညာစာပေဆိုင်ရာဆု”**၊ **“အမျိုးသားစာပေဆု”** စသည်ဖြင့် ဆုအမည်ကို အဆင့်ဆင့်ပြောင်းလဲခဲ့ပြီး ဆုချီးမြှင့်သည့်ဘာသာရပ်များ၊ ဆုငွေများကိုလည်း အခါအားလျော်စွာ တိုးချဲ့၊ တိုးတက်ချီးမြှင့်ခဲ့ကြောင်း၊ ယခု ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေဆုတွင် ဆုချီးမြှင့်မည့် ဘာသာရပ် ၁၉ မျိုးအထိ ရှိလာခဲ့ပြီဖြစ်ကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် ပုံနှိပ်ထုတ်ဝေခြင်း မပြုဖြစ်သေးသည့် ကလောင်ရှင်တို့၏ ကောင်းမွန်သည့် လက်ရာစာမူများကို စာအုပ်အဖြစ် ထုတ်ဝေဖြန့်ချိနိုင်ရန် ရည်ရွယ်ပြီး “စာပေဗိမာန်စာမူဆု”ကိုလည်း နှစ်စဉ်ရွေးချယ်ပြီး ချီးမြှင့်ပေးအပ်ခဲ့ကြောင်း၊ ယခုနှစ်အတွက် စာပေဗိမာန်စာမူဆုတွင် ဘာသာရပ် ၁၃ မျိုး ဆုချီးမြှင့်မည် ဖြစ်ကြောင်း။

**ချီးမြှင့်ပေးအပ်**

ထို့ပြင် မိမိတို့ မြန်မာနိုင်ငံတွင် မြန်မာစာပေနှင့် နိုင်ငံနှင့်လူမျိုးအကျိုးကို တစ်သက်တာလုံးစာအုပ်စာပေများ အားထုတ်ရေးသားပြုစုခဲ့ပြီး ထူးချွန်ပြောင်မြောက်စွာ တာဝန်ကျေခဲ့ကြသည့် ပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသည့်အနေဖြင့် “အမျိုးသားစာပေတစ်သက်တာဆု” ကို ၂၀၀၁ ခုနှစ်က စပြီး နှစ်စဉ်ချီးမြှင့်ပေးအပ်ခဲ့ကြောင်း။

ယခုနှစ်အတွက် အမျိုးသားစာပေဆုများ ရွေးချယ်ရာတွင် ၂၀၂၃ ခုနှစ်အတွင်း ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၁၀၅၀ အတွင်းမှ အမျိုးသားစာပေဆုအတွက် သတ်မှတ်ထားသည့် ဘာသာရပ် ၁၉ မျိုးအနက် ဘာသာရပ် ၁၅ မျိုးကို ရွေးချယ်နိုင်ခဲ့ကြောင်း၊ စာပေဗိမာန်စာမူဆုတွင် ပြိုင်ပွဲဝင် စာမူ ၂၈၄ စောင်အတွင်းမှ ဘာသာရပ် ၁၃ မျိုးအနက် ဆုချီးမြှင့်ရန် ထိုက်တန်သည့် စာမူပေါင်း ၃၀ ကို ရွေးချယ်ခဲ့ပြီးဖြစ်သဖြင့် ယနေ့အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း။

အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့သည့် စာရေးသူများနှင့် စာအုပ်များ၊ စာမူများကို ကြည့်မည်ဆိုပါကလည်း ကလောင်နု၊ ကလောင်လတ်၊ ကလောင်ရင့်များပါဝင်ပြီး ခေတ်အတွေး၊ ခေတ်အမြင်များကို ထင်ဟပ်ဖော်ကျူးပြီး စေတနာစိတ်နှင့် စာနာစိတ်ထားများ ပွားများစေနိုင်သည့် ရသစာပေများ၊ နိုင်ငံဖွံ့ဖြိုးရေးနှင့် လုံခြုံရေးအတွက် ဖြည့်ဆည်းသင့်သည့် ပြည်တွင်းပြည်ပဆိုင်ရာ ခေတ်မီနည်းပညာများ၊ သိပ္ပံပညာရပ်များကို လူအများနားလည်လွယ်အောင် ရေးသားထားသည့် သုတစာပေများကို စာပေအဆင့်အတန်းမီစွာ ရေးသားထားကြသည်ဟု ဆုရွေးချယ်ရေးအဖွဲ့က သုံးသပ်ထားကြောင်း။

အမျိုးသားစာပေတစ်သက်တာဆုကို ချီးမြှင့်ရာတွင်လည်း စာပေပညာရှင်ကြီးများကို အလေးအမြတ်ထားသည့်အနေဖြင့် တစ်နှစ်ထက်တစ်နှစ် အရေအတွက်တိုးပြီး ချီးမြှင့်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ စတင်ခဲ့သည့် ၂၀၀၁ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ တစ်နှစ်လျှင်(၁)ဦးသာ ချီးမြှင့်ပြီးနောက်ပိုင်းတွင် တစ်နှစ်ကို (၂) ဦး၊ (၃) ဦး ရွေးချယ်ချီးမြှင့်ခဲ့ကြောင်း၊ မိမိတို့တာဝန်ယူခဲ့သည့်ကာလတွင် တစ်နှစ်လျှင် (၄) ဦးအထိ ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း စာပေပညာရှင်ကြီး (၆) ဦးအထိ ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ စာပေပညာရှင်ကြီးများအားလုံးကို အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် နိုင်ငံတော်က ထိုက်တန်စွာ ချီးမြှောက်ခွင့်ရသည့်အတွက် အတိုင်းမသိ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

**စာပေပညာရှင်ကြီးများ၏အားသည် အလွန်အရေးပါ**

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအားလုံး၏ ငြိမ်းချမ်းသာယာဝပြောသည့် အနာဂတ်၊ ကောင်းမွန်သည့် ပစ္စုပ္ပန်ကို ကြိုးစားတည်ဆောက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် စာပေပညာရှင်ကြီးများ၏အားသည်

အလွန်အရေးပါပြီး ကောင်းကျိုးများစွာ ရရှိနိုင်မည်ဟုလည်း ယုံကြည်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း စာပေ အနုပညာ ကဏ္ဍအသီးသီးမှ ပညာရှင်များ မိမိတို့၏ အနုပညာကို အရည်အသွေးမြင့်မားစွာ၊ လွတ်လပ်စွာ ဖန်တီးပုံဖော်နိုင်ရေး တတ်စွမ်းသမျှ အားပေးကူညီ ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ယခုအခါ စာပေပညာရှင်များနှင့် စာပေလောကအကျိုးကို ဖြည့်ဆည်းပေးမည့် "စာဆိုဗိမာန်" အဆောက်အအုံကြီးကိုလည်း အိန္ဒိယနိုင်ငံအစိုးရနှင့် ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

စာအုပ်စာပေထုတ်ဝေရေးကဏ္ဍတွင်လည်း နိုင်ငံတကာနှင့်ချိတ်ဆက်ပြီး စာပေယဉ်ကျေးမှုအပြန်အလှန် ဖလှယ်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ စာပေဆိုင်ရာ ထူးချွန်ဆုများသာမက စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သည့် ပုဂ္ဂိုလ်များကိုလည်း ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းလျက်ရှိကြောင်း။

**တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုအရှိန်အဟုန်**

မိမိတို့နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုအရှိန်အဟုန်ကို သတင်းအတုအယောင်များ၊ အမုန်းစကားများ၊ ကျင့်ဝတ်သိက္ခာမဲ့ သတင်းအချက်အလက်များက ဟန့်တားဖျက်ဆီးလျက်ရှိကြောင်း၊ တိုင်းရင်းသားညီညွတ်မှုကိုလည်း ပျက်စီးစေနိုင်ကြောင်း၊ မိမိတို့အားလုံးမျှော်မှန်းထားသည့် ငြိမ်းချမ်းရေးပန်းတိုင်ကိုလည်း အနှောင့်အယှက်ဖြစ်စေကြောင်း။

အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်ထောင်စုကြီးကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးတို့တွင် စွမ်းရည်ပြည့်စုံထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ရှိရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ယနေ့အချိန်တွင် အနာဂတ်၏ အင်အားများဖြစ်သည့် လူငယ်များကို ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများ မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ ယင်းအတွက် လိုအပ်သည့် အာဟာရမှာ စာပေလေ့လာဖတ်ရှုခြင်းဖြစ်ပြီး စာပေပညာရှင်၊ စာဆိုတော်များ၏ စာကောင်းပေမွန်များကို လေ့လာဖတ်ရှုသိမြင်ကြရမည်ဖြစ်ကြောင်း။

စာအုပ်စာပေဟူသည်မှာ မည်မျှပင်ကာလကြာရှည်က ထုတ်ဝေခဲ့သည်ဖြစ်စေ မဖတ်ရ၊ မလေ့လာရသေးပါက အသစ်ပင်ဖြစ်သည့်အတွက် ယခင်က ထုတ်ဝေခဲ့သည့် စာကောင်းပေမွန်များကို မျိုးဆက်သစ်လူငယ်များ လေ့လာနိုင်ရန်အတွက် ပြန်လည်ထုတ်ဝေသင့်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကြီးက ထုတ်ဝေခဲ့သည့် လူထုသိပ္ပံကျမ်းတွဲများ

မြန်မာ့သမိုင်းတစ်လျှောက် စာပေစွမ်းအားနှင့် မြန်မာ့ဂုဏ်မြင့်မားအောင်၊ အကျိုးစီးပွားတိုးတက်အောင် ဆောင်ရွက်ခဲ့သည့် ရဟန်းစာဆို၊ လူပုဂ္ဂိုလ်စာဆို၊ စာဆိုတော်ပညာရှင်ကြီးများကို ချီးကျူးပူဇော်ဂုဏ်ပြုခြင်းသည် မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ အစဉ်အလာတစ်ရပ်ဖြစ်၊ အစဉ်အလာကောင်းကို ဝါရင့်စာပေပညာရှင်ကြီးများက ထိန်းသိမ်းပြီး မျိုးဆက်သစ် ကလောင်ရှင်များကို လက်ဆင့်ကမ်းပေးကြရန် တိုက်တွန်းလို၊ မျိုးဆက်သစ်ကလောင်ရှင်များကလည်း စာပေဆိုင်ရာကျင့်ဝတ်၊ နီတိများကို ထိန်းသိမ်းပြီး ခေတ်ကို ထင်ဟပ်စေသည့်၊ အမျိုးဘာသာသာသနာ ကောင်းကျိုးသယ်ပိုးဆောင်ရွက်နိုင်သည့်၊ နိုင်ငံ့ပုံရိပ်ကို မြှင့်တင်နိုင်သည့်၊ စာဖတ်ပရိသတ်အတွက် စာဖတ်မှု အရည်အသွေး တိုးမြှင့်စေပြီး ကောင်းကျိုးပြုစေသည့် စာကောင်းပေမွန်များကို ရေးသားဖွဲ့ဆိုနိုင်ကြပါစေဟု ဆန္ဒပြုတိုက်တွန်း။

နှင့် အခြားပြန်လည်ထုတ်ဝေဖြန့်ချိသင့်သည့် စာအုပ်စာပေများကိုလည်း ပြန်ကြားရေးဝန်ကြီးဌာနက ပြန်လည်ထုတ်ဝေရန် လမ်းညွှန်မှာကြားထားကြောင်း၊ မြဝတီစာပေတိုက်ကလည်း ထုတ်ဝေလျက်ရှိကြောင်း။

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကိုပြည်သူများလိုလားချက်နှင့်အညီတည်ဆောက်နိုင်ရေး ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊အဆိုပါ လုပ်ငန်းများ အောင်မြင်ရေးအတွက် အသိပညာ၊ အတတ်ပညာ ကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာစေရေးနှင့် အသိပညာကြွယ်ဝသည့် လူ့ပတ်ဝန်းကျင်အသိုက်အဝန်းကို ပုံဖော်တည်ဆောက်ပေးရန် လိုအပ်ကြောင်း၊ ထိုသို့တည်ဆောက်ရာတွင် စာအုပ်စာပေများ၏ အသိပညာပေးမှု၊ လမ်းညွှန်မှုများက သာယာဝပြောသည့် လူ့ဘောင်အဖွဲ့အစည်းဖြစ်ပေါ်လာစေရေးကိုများစွာအထောက်အကူပြုနိုင်မည်ဟု ယုံကြည်ကြောင်း။

မြန်မာ့သမိုင်းတစ်လျှောက် စာပေစွမ်းအားနှင့် မြန်မာ့ဂုဏ်မြင့်မားအောင်၊ အကျိုးစီးပွား တိုးတက်အောင် ဆောင်ရွက်ခဲ့သည့် ရဟန်းစာဆို၊ လူပုဂ္ဂိုလ်စာဆို၊ စာဆိုတော်ပညာရှင်ကြီးများကို ချီးကျူးပူဇော်ဂုဏ်ပြုခြင်းသည် မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ အစဉ်အလာတစ်ရပ်ဖြစ်ကြောင်း၊ အစဉ်အလာကောင်းကို ဝါရင့်စာပေပညာရှင်ကြီးများက ထိန်းသိမ်းပြီး မျိုးဆက်သစ်ကလောင်ရှင်များကို လက်ဆင့်ကမ်းပေးကြရန် တိုက်တွန်းလိုကြောင်း၊ မျိုးဆက်သစ်ကလောင်ရှင်များကလည်း စာပေဆိုင်ရာကျင့်ဝတ်၊ နီတိများကို ထိန်းသိမ်းပြီး ခေတ်ကိုထင်ဟပ်စေသည့်၊ အမျိုးဘာသာသာသနာ ကောင်းကျိုးသယ်ပိုးဆောင်ရွက်နိုင်သည့်၊ နိုင်ငံ့ပုံရိပ်ကို မြှင့်တင်နိုင်သည့်၊ စာဖတ်ပရိသတ်အတွက် စာဖတ်မှု အရည်အသွေးတိုးမြှင့်စေပြီး ကောင်းကျိုးပြုစေသည့် စာကောင်းပေမွန်များကို ရေးသားဖွဲ့ဆိုနိုင်ကြပါစေဟု ဆန္ဒပြုတိုက်တွန်းမှာကြားလိုကြောင်းနှင့် မြန်မာစာပေ လောကခိုင်မြဲစည်ပင်ဖွံ့ဖြိုးရေးအတွက် ဆက်လက်ပါဝင်ကူညီပေးကြရန် မေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားသည်။

■ ■ ■

# ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်စဉ် ပြောကြားသည့် အမှာစကား

( ၃ - ၁၂ - ၂၀၂၄ )





ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကိုဒီဇင်ဘာလ ၃ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ရှေ့လုပ်ငန်းစဉ် (၅) ရပ်သည် နိုင်ငံတော်၏ ရည်မှန်းချက်၊ နိုင်ငံရေးမျှော်မှန်းချက်များ ဖြစ်ကြောင်း၊ ဦးတည်ချက် (၉) ရပ်သည် နိုင်ငံတော်၏ မူဝါဒများဖြစ်ပြီး အစိုးရအဖွဲ့၏ လုပ်ငန်းတာဝန် အနှစ်ချုပ်ပင်ဖြစ်ကြောင်း၊ အစိုးရဝန်ကြီးဌာနများအလိုက် တိုက်ရိုက်ဆောင်ရွက်ရခြင်းများရှိသကဲ့သို့ နိုင်ငံတော်မှ တိုက်ရိုက်အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းများလည်းရှိကြောင်း၊ ဥပမာအားဖြင့် နိုင်ငံရေးဦးတည်ချက်ဖြစ်သည့် "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး" ဆိုသည့် အချက်နှင့်ပတ်သက်၍ ၎င်းအပေါ် အခြေခံကာ မိမိတို့ လုပ်ဆောင်နေသည့် လုပ်ငန်းများသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို သွားသည့် လုပ်ဆောင်ချက်မျိုးဖြစ်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးသည်လည်း အလားတူပင်ဖြစ်ကြောင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို

အဆင့်ဆင့်ခွဲဝေပေးထားပြီးဖြစ်၍ မှန်မှန်ကန်ကန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တာဝန်ပေးမှ ဆောင်ရွက်ခြင်းထက် လုပ်သင့်လုပ်ထိုက်သည်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုကြောင်း။

အလားတူ "တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး အတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး" ဆိုသည့်အချက်တွင် ပြည်ထောင်စုအစိုးရအနေဖြင့် ဆောင်ရွက်ရခြင်းရှိသကဲ့သို့ ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်ရခြင်းများလည်းရှိကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လုပ်ဆောင်ရသည်များလည်းရှိကြောင်း၊ ဌာနဆိုင်ရာအသီးသီးမှလည်း ဆောင်ရွက်ရသည်များလည်း ရှိကြောင်း၊ ထိုသို့ အဆင့်ဆင့်ဆောင်ရွက်သွားမည်ဆိုပါက ငြိမ်းချမ်းရေးနှင့်ပတ်သက်သော နိုင်ငံရေးဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မည်ဖြစ်ကြောင်း၊ ၎င်းတို့မှာ ဥပမာများသာဖြစ်ကြောင်း၊ ဦးတည်ချက်များကို ချမှတ်ရာတွင် တစ်ချက်ချင်းစီအလိုက် သက်ဆိုင်ရာ ဖော်ပြချက်များအားလုံးသည် အဓိပ္ပာယ်ရှိပြီး ဖြစ်ကြောင်း၊ အဆိုပါအချက်များကို မိမိတို့ ပြည်ထောင်စု အစိုးရနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများအောင်မြင်မှု ရှိ/မရှိ ပြန်လည်သုံးသပ် ဆောင်ရွက်ကြရန်လိုကြောင်း။

**အားသွန်ခွန်စိုက် အောင်မြင်အောင် ဆောင်ရွက်ကြစေလို**

အစိုးရတစ်ရပ်ဟူသည်မှာ တာဝန်ထမ်းဆောင်ရာတွင် အချိန်ကာလအရ ကန့်သတ်မှုများရှိကြောင်း၊ ထို့ကြောင့် ရရှိသည့်အချိန်ကာလအတွင်း ထမ်းဆောင်ရမည့် နိုင်ငံ့တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အစိုးရအနေဖြင့် တာဝန်ယူဆောင်ရွက်ချိန်တွင် ကိုဗစ်-၁၉ ဖြစ်ပွားမှုနှင့် နိုင်ငံရေးအကျပ်အတည်းများကို ရင်ဆိုင်ကျော်လွှားခဲ့ရကြောင်း၊ အဆိုပါအချိန်တွင် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများမှ သင်ခန်းစာရယူ၍ တိုးတက်အောင် ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ တိုးတက်မှု နည်းပါးနေသေးသည်ကို တွေ့ရကြောင်း၊ ကိန်းဂဏန်းအချက်အလက်များအရ အောင်မြင်မှုများဖြင့် ကျေနပ်နေ၍မရဘဲ လက်တွေ့မြေပြင်၌လည်း အမှန်တကယ် တိုးတက်အောင်မြင်မှုရှိရန်လိုကြောင်း၊ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်မှုမရှိပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ရေးဆွဲရာတွင် မှားယွင်းမှုများ ဖြစ်ပေါ်စေနိုင်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ စီးပွားရေးရာဝန်ကြီးများနှင့် စီမံကိန်းရေးဆွဲရေးဌာနများအနေဖြင့် စီမံကိန်းများ ရေးဆွဲရာတွင် လက်တွေ့ကျသည့် စီမံကိန်းနှင့် ပြည်သူကို

**စီးပွားရေးနှင့်ပတ်သက်၍ တိုးတက်မှု နည်းပါးနေသေးသည်ကိုတွေ့ရ၊ ကိန်းဂဏန်း အချက်အလက်များအရ အောင်မြင်မှုများဖြင့် ကျေနပ်နေ၍မရဘဲ လက်တွေ့မြေပြင်၌လည်း အမှန်တကယ် တိုးတက်အောင်မြင်မှုရှိရန်လို၊ နိုင်ငံ့ဘဏ္ဍာငွေများကို သုံးစွဲရာတွင်လည်း လက်တွေ့ အကျိုးပြုစေနိုင်မည့် နေရာများ၌သာ သုံးစွဲသွားရန်လို၊ ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များအနေဖြင့် ပြည်သူများ၏ အခြေခံစားကုန်များနှင့်ပတ်သက်၍ သင့်တင့်လျောက်ပတ်သည့် အမြတ်ကိုသာ တင်၍ ရောင်းချသွားရန်လို၊ ကုန်ဈေးနှုန်းကြီးမြင့်မှုများအပေါ် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်ကြရန်လို၊ ဖြစ်သင့်ဖြစ်ထိုက်သည့် ကုန်ဈေးနှုန်းများ ဖြစ်စေရေး စေတနာထား၍ အပင်ပန်းခံ ဆောင်ရွက်ကြစေလို၊ နိုင်ငံအတွင်း ဝင်ငွေနှင့် ထွက်ငွေကိုလည်း မျှတအောင် ဆောင်ရွက်နိုင်ရန်လို။**

အမှန်တကယ် အကျိုးပြုနိုင်သည့် စီမံကိန်းများဖြစ်စေရေး စနစ်တကျ အသေးစိတ်တွက်ချက်ရေးဆွဲရန်လိုကြောင်း၊ မြေပြင်အခြေအနေမှန်များကို လေ့လာသုံးသပ်ပြီးမှသာ ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံ့ဘဏ္ဍာငွေများကို သုံးစွဲရာတွင်လည်း လက်တွေ့အကျိုးပြုစေနိုင်မည့် နေရာများ၌သာ သုံးစွဲသွားရန်လိုကြောင်း။

**ကုန်ဈေးနှုန်းများ ကျဆင်းရေးအတွက် ကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်**

စီးပွားရေးနှင့်ပတ်သက်၍ အသား၊ ငါးနှင့် အခြေခံစားကုန် ကုန်ဈေးနှုန်းများ ကြီးမြင့်လာမှုများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များအနေဖြင့် ပြည်သူများ၏ အခြေခံစားကုန်များနှင့် ပတ်သက်၍ သင့်တင့်လျောက်ပတ်သည့် အမြတ်ကိုသာ တင်၍ ရောင်းချသွားရန်လိုကြောင်း၊ ပြည်သူများအား ရောင်းချရာတွင် အမြတ်ငွေနည်းနည်းနှင့် ပမာဏများများ ရောင်းချနိုင်ခြင်းဖြင့် ပြည်သူလူထု သက်သာချောင်ချိမှုရှိအောင် ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း။

ကုန်ဈေးနှုန်းကြီးမြင့်မှုများအပေါ် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဖြစ်သင့်ဖြစ်ထိုက်သည့် ကုန်ဈေးနှုန်းများဖြစ်စေရေး စေတနာထား၍ အပင်ပန်းခံဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံအတွင်း ဝင်ငွေနှင့် ထွက်ငွေကိုလည်း မျှတအောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုကို မဖြစ်မနေ တိုးမြှင့်ဆောင်ရွက်၍ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန်လိုကြောင်း၊ လက်ရှိတင်ပို့နေသည်ထက် နှစ်ဆခန့် ပိုမိုတင်ပို့နိုင်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုကို ယခုထက်တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် အလုပ်အကိုင်များ ဖန်တီးပေးခြင်းနှင့် ကုန်ထုတ်လုပ်ငန်းများအပေါ် incentive များပေးရန်လိုကြောင်း၊ အလုပ်အကိုင်များ ဖန်တီးရာတွင် လိုအပ်သည့်သွင်းအားစုများကိုလည်း လုံလောက်စွာရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ထုတ်လုပ်မှုကို မဖြစ်မနေ တိုးမြှင့်ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပြီး **"မှတစ်ပါး အခြားမရှိ"** ကြောင်း၊ ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် ဈေးကွက်ရှိပြီး အရည်အသွေးပြည့်မီသည့် ကုန်ပစ္စည်းများ ဖြစ်ရန်လိုကြောင်း၊ ကုန်ပစ္စည်းချင်းတူပါက ဈေးသက်သာရမည်၊ ဈေးချင်းတူပါက အရည်အသွေးကောင်းမွန်ရမည်ဖြစ်ကြောင်း၊ ယင်းအချက်နှစ်ချက်ဖြင့် ဆောင်ရွက်ပါက အောင်မြင်နိုင်မည်ဖြစ်သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စဉ်းစားဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း။

**အချက်အလက်များ မှန်ကန်မှုရှိရန်လိုအပ်မှု**

ကိန်းဂဏန်းအချက်အလက်များ ခိုင်မာမှန်ကန်ရေးနှင့်ပတ်သက်၍လည်း ထပ်မံပြောကြားလိုကြောင်း၊ ဥပမာအနေဖြင့် မိမိတို့နိုင်ငံတွင် ဝါများပိုလျှံမှုရှိသည်ဟု ကိန်းဂဏန်း အချက်အလက်များအရသိရှိရပြီး ပြည်ပသို့ တင်ပို့ထားသည့် ကိန်းဂဏန်းအချက်အလက်နှင့် အမှန်တကယ် တင်ပို့ထားသည့်အချက်အလက်များ ကွဲလွဲနေသည်ကို တွေ့မြင်ရကြောင်း၊ ဆန်နှင့်ပတ်သက်၍လည်း နှစ်စဉ် ပိုလျှံမှုများရှိကြောင်း၊ သို့သော် ပိုလျှံသည့်ဆန်နှင့် ပြည်ပသို့ တင်ပို့သည့် ဆန်ပမာဏ ကွာခြားနေကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်မှ တင်ပြသည့် အချက်အလက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ စိစစ်ရခြင်းဖြစ်ပြီး ကိန်းဂဏန်းအချက်အလက်များအရ လွဲမှားမှု မဖြစ်ပေါ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ မြေပြင်ထွက်ရှိသည့် အထွက်နှုန်းများနှင့် အစိုးရတာဝန်ရှိသူများထံသို့ တင်ပြသည့်အချက်အလက်များ ကိုက်ညီမှုရှိရန်နှင့် မြေပြင်အမှန်အတိုင်းဖြစ်ရန်လိုကြောင်း။

**Green Zone Area များ ဖော်ဆောင်ပြီး စိမ်းလန်းစိုပြည်သည့် အနာဂတ်နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ရေး**

စိမ်းလန်းသာယာစိုပြည်ရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် Green Zone Area များ ဖော်ဆောင်သွားရန်လိုပြီး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိန်းသိမ်းကြပ်မတ်ရမည့် လုပ်ငန်းရပ်တစ်ခုဖြစ်ပြီး ကြပ်မတ်မှုအားနည်းပါက နောင်အနာဂတ်တွင် သစ်တောသစ်ပင်ပြုန်းတီးမှုနှင့် ရာသီဥတုဖောက်ပြန်မှုတို့ကို ကြုံတွေ့ရနိုင်မည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် မိုးရာသီ၌ သစ်ပင်စိုက်ပျိုးပွဲတော်များ ဆောင်ရွက်ခဲ့ကြပြီး စိုက်ပျိုးခဲ့သည့်အပင်များ ဆက်လက်ရှင်သန် ဖြစ်ထွန်းစေရေးအတွက်လည်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရမှ အချိန်၊ ငွေကြေးနှင့် လုပ်အားအရင်းအနှီးများ များစွာ

ကုန်ကျခံပြီး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် အောင်မြင်မှုရှိအောင် ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းဘေးဝဲယာများတွင်လည်း သစ်ပင်သစ်တောများ ရှင်သန်မှုရှိအောင် စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားကြရန်လိုပြီး ဒေသအလိုက်၊ နယ်အလိုက် အနီးကပ်ရှိသည့် အုပ်ချုပ်ရေးမှူးများနှင့် အုပ်ချုပ်ရေး

> မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများ၌ နေထိုင်ကြပြီး ၅၀ ရာခိုင်နှုန်းခန့်သည် ပညာအရည်အချင်း အားနည်းကြ၊ ၄၁ ရာခိုင်နှုန်းခန့်သည် လယ်ယာသစ်တောသားငါးကဏ္ဍတွင် လုပ်ကိုင်ကြသူများဖြစ်သဖြင့် မိမိတို့အနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုမှ အလုပ်အကိုင်များ ဖော်ဆောင်ပေးနိုင်ရေး လက်ရှိအခြေအနေ၌ မဖြစ်မနေလိုအပ်လျက်ရှိ၊ အလုပ်လုပ်ကိုင်မည့် စွမ်းအားများ လျော့နည်းသွားသည်ဖြစ်သဖြင့် ထိုက်တန်သည့် အလုပ်အကိုင်နှင့် လုပ်ခလစာများ ရရှိရေးကို ဆောင်ရွက်ပေးစေလို၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်လို၊ ကုန်ထုတ်စွမ်းအားများ မြင့်တက်လာပြီး Supply နှင့် Demand မျှအောင် လုပ်ဆောင်ပေးနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်။

ဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ လမ်းနယ်များ၊ မီးရထားလမ်းနယ်များနှင့်ပတ်သက်၍လည်း လမ်းမကြီးများ ဥပဒေ၊ မီးရထားလမ်း ဥပဒေတို့နှင့်အညီ စနစ်တကျဖြစ်ရန်လိုကြောင်း၊ ခေတ်အဆက်ဆက် ထိန်းသိမ်းကြပ်မတ်မှု အားနည်းခဲ့၍ လမ်းနယ်များ၊ မီးရထားလမ်းနယ်များနှင့် ပတ်သက်၍ သတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

**ကုန်ထုတ်လုပ်မှုစွမ်းအားရှိသည့် နိုင်ငံဖြစ်စေရေး အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်လို**

အလုပ်သမားရှားပါးမှုပြဿနာနှင့်ပတ်သက်၍အချို့လုပ်ငန်းရှင်များ၏ တင်ပြချက်များအရ သိရှိရကြောင်း၊ မိမိတို့ နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများ၌ နေထိုင်ကြပြီး ၅၀ ရာခိုင်နှုန်းခန့်သည် ပညာအရည်အချင်း အားနည်းကြကြောင်း၊ ၄၁ ရာခိုင်နှုန်းခန့်သည် လယ်ယာသစ်တောသားငါးကဏ္ဍတွင် လုပ်ကိုင်ကြသူများဖြစ်သဖြင့် မိမိတို့အနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုမှ အလုပ်အကိုင်များဖော်ဆောင်ပေးနိုင်ရေး လက်ရှိအခြေအနေ၌ မဖြစ်မနေလိုအပ်လျက်ရှိကြောင်း၊ လူဦးရေသန်းပေါင်းများစွာရှိသည့် နိုင်ငံများအနေဖြင့် ပြည်ပသို့ သွားရောက် အလုပ်လုပ်ကိုင်ကြသည့်ပမာဏမှာ မသိသာသော်လည်း မိမိတို့ကဲ့သို့ လူဦးရေနည်းပါးသောနိုင်ငံအတွက်မူ လျော့သွားသည်မှာ သိသာကြောင်း၊ အလုပ်လုပ်ကိုင်မည့် စွမ်းအားများ လျော့နည်းသွားသည်ဖြစ်သဖြင့် ထိုက်တန်သည့် အလုပ်အကိုင်နှင့် လုပ်ခလစာများ ရရှိရေးကို ဆောင်ရွက်ပေးစေလိုကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်လိုကြောင်း၊ သို့မှသာ ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ကုန်ထုတ်စွမ်းအားများ မြင့်တက်လာပြီး Supply နှင့် Demand မျှအောင် လုပ်ဆောင်ပေးနိုင်မည်ဆိုပါက ကုန်ဈေးနှုန်း ကြီးမြင့်မှုကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ပို့ကုန်များ တိုးတက်လာပြီး ဝင်ငွေတိုးတက်လာပါက ငွေကြေးဈေးနှုန်းများလည်း ကျဆင်းလာနိုင်မည်ဖြစ်ကြောင်း။

**ပြည်တွင်းဆီစားသုံးမှု ဖူလုံရေး**

ဆီဖူလုံရေးနှင့်ပတ်သက်၍လည်း မိမိအနေဖြင့် ၂၀၂၂ ခုနှစ်ကတည်းမှစ၍ ၄၁ ကြိမ်တိုင် တိုက်တွန်းပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ စီးပွားရေးဦးတည်ချက်တွင်လည်း "ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး"ကို ထည့်သွင်းချမှတ်ထားပြီး မိမိတို့အနေဖြင့် ပြည်တွင်းစားသုံးမှု ဖူလုံမှုရှိအောင် ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း၊ ဆီထွက်သီးနှံများနှင့် ပတ်သက်၍ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်နိုင်ခြင်းမရှိသည်ကို စနစ်တကျအဖြေရှာ၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ နည်းလမ်းရှာ၍ လုပ်ဆောင်မည်ဆိုပါက ဖြစ်ထွန်းအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ လူသာလျှင် အရေးကြီးပြီး လူတို့၏ စီမံခန့်ခွဲမှုနှင့် ဦးဆောင်မှုသည် အဓိကအရေးကြီးကြောင်း။

**စီမံကိန်းအသစ်များဖော်ဆောင်ရာ၌ မူအားဖြင့် သဘောတူညီချက် ရယူဆောင်ရွက်ရန်လို**

စီမံကိန်းအသစ်များဖော်ဆောင်မှုနှင့်ပတ်သက်၍လည်း အနည်းငယ်ပြောကြားလိုပြီး စီမံကိန်းအသစ်များဖော်ဆောင်ရာ၌ မူအားဖြင့် သဘောတူညီချက်ယူ ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းပြည်အတွက် အကျိုးရှိမည်ဆိုပါက ခွင့်ပြုပေးသွားမည်ဖြစ်ပြီး သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန်လည်းလိုကြောင်း၊ မိမိတို့တာဝန်ယူသည့်ကာလအတွင်း ပြီးပြတ်အောင် ဆောင်ရွက်နိုင်မည့်စီမံကိန်းများကိုသာ ဆောင်ရွက်ကြစေလိုပြီး လုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်ရန်လည်း တာဝန်ယူရန်လိုကြောင်း။

စီးပွားရေးနှင့် ကုန်ထုတ်လုပ်မှုများ လုပ်ဆောင်ရသည့် ဝန်ကြီးဌာနများနှင့်ပတ်သက်၍လည်း အကျိုးအမြတ်ကို ဖော်ဆောင်ပေးနိုင်သည့် ဌာနများရှိသကဲ့သို့ အောင်မြင်မှုမရှိသည့် ဌာနများလည်းရှိကြောင်း၊ နိုင်ငံအတွက် အကျိုးရှိမည့်လုပ်ငန်းများကို ဆက်လက်အားပေးရမည်ဖြစ်သကဲ့သို့ အကျိုးအမြတ်ဖော်ဆောင်ပေးနိုင်မှုမရှိသည့် လုပ်ငန်းများကို ပြန်လည်သုံးသပ်၍ ရပ်တန့်သင့်က ရပ်တန့်သွားရန်လိုကြောင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်ပါက အကျိုးရှိစေလိုပြီး စီးပွားရေးအရ တွက်ချက်ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဖြည့်စွက်မှာကြား**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၏ တင်ပြချက်များအရ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များအား ပြည်သူလူထုသို့ သက်သာသော ဈေးနှုန်းများဖြင့် မည်ကဲ့သို့ ရောင်းချပေးလျက်ရှိသည်၊ ဆန်ဖူလုံမှု မည်မျှရှိသည်တို့ကို ရာခိုင်နှုန်းများဖြင့် တင်ပြကြသည်ကိုတွေ့ရကြောင်း၊ ဒေသအလိုက် ဝမ်းစာဖူလုံရေးနှင့်ပတ်သက်၍ အစိုးရက ဆောင်ရွက်ပေးမှမဟုတ်ဘဲ လူတိုင်းက လုပ်ဆောင်ကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖူလုံမှုများရှိနေသည်ဟုဆိုပါက အခြေခံစားကုန်များ ကုန်ဈေးနှုန်းကြီးမြင့်ရန် အကြောင်းမရှိကြောင်း၊ ထို့ကြောင့် အခြေခံစားကုန်ဖူလုံရေးကို အဓိကထားဆောင်ရွက်ကြရန်လိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ အခြေခံပညာရေးကဏ္ဍတွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်နိုင်ရေးနှင့် ပညာသင်ကြားနိုင်ရေး၊ တန်းစဉ်ကူးပြောင်းမှု ရာခိုင်နှုန်း အပြည့်အဝ ရရှိအောင်ဆောင်ရွက်ရန်၊ ယခုကျောင်းတက်နေသည့် ကျောင်းတက်နေသူအားလုံး စာမေးပွဲဖြေဆိုနိုင်ရေးနှင့် ကျောင်းများ အန္တရာယ်ကင်းရှင်းစွာ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ မူလတန်းနှင့် အလယ်တန်းပြဆရာ ဆရာမများသည် လက်ဦးဆရာများဖြစ်သည့်အတွက် အရည်အသွေးပြည့်ဝရန် လိုအပ်ကြောင်း၊ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် Polytechnic တက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။


စီးပွားရေးနှင့်ပတ်သက်၍ ဝါနှင့် ဝါးကို အခြေခံသည့် စက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဝါးကုန်ကြမ်းများ ပေါများစွာရှိသည့်အတွက် ဝါးကိုအခြေခံသည့် စက္ကူနှင့် ပျော့ဖတ်

လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဒေသအတွက်လည်း အကျိုးရှိမည်ဖြစ်ပြီး နိုင်ငံတော်အတွက်လည်း နိုင်ငံခြားငွေသုံးစွဲမှုကို သက်သာစေမည်ဖြစ်ကြောင်း၊ ရော်ဘာနှင့်ပတ်သက်၍လည်း ကုန်ကြမ်းသာမက ရော်ဘာကုန်ချောများ ထုတ်လုပ်ရေး ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ ကြက်သွန် စိုက်ပျိုးသော တိုင်းဒေသကြီးနှင့် ပြည်နယ်များသည် မိမိတို့နိုင်ငံ၏ အနီးပတ်ဝန်းကျင်တွင် ဈေးကွက်ရှိပြီးဖြစ်သဖြင့် ကြက်သွန်ကို တိုးချဲ့စိုက်ပျိုးပြီး ပြည်ပသို့ တင်ပို့နိုင်ရေးဆောင်ရွက်စေလိုကြောင်း၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရသင့်ရထိုက်သည့် အခွန်အခများ အပြည့်အဝကောက်ခံရရှိပြီး ပြည်သူလူထုနှင့် နိုင်ငံတော်အတွက် ပိုမိုအသုံးပြုနိုင်စေရန် ဆောင်ရွက်ရေး မှာကြားသည်။

■ ■ ■

# ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် သုမင်္ဂလာ အဆင့်မြင့်ဈေး တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား

( ၅ - ၁၂ - ၂၀၂၄ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒီဇင်ဘာ ၅ ရက်နေ့ နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြင်ဦးလွင်မြို့၊ အမျိုးသားကန်တော်ကြီးဥယျာဉ် ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်အား ကန်တော်ကြီးဥယျာဉ် ရှင်းလင်းဆောင်ခန်းမ၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးနှင့် ဥယျာဉ်တာဝန်ခံကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် ဦးရာဇာထွေးတို့က ကန်တော်ကြီးဥယျာဉ်အတွင်းရှိ ရေကန်များအတွင်း ရေဝင်ရောက်မှုအခြေအနေများ၊ ယခုနှစ်စက်တင်ဘာလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဥယျာဉ်အတွင်းသစ်ပင်ပန်းမန်များအား ထိန်းသိမ်းထားရှိမှု အခြေအနေများ၊ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်အား စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီနှင့် ကဗျာပြိုင်ပွဲများ ပြုလုပ်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

## မျက်စိပသာဒ ဖြစ်စေရေးဆောင်ရွက်

တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်သို့ လာရောက်အပန်းဖြေကြမည့်သူများ များပြားနိုင်သဖြင့် လိုအပ်သည်များကို ပြည့်စုံစွာ ဆောင်ရွက်ပေးထားရန်လိုကြောင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ်သည် ပြင်ဦးလွင်မြို့၏ အထိမ်းအမှတ်နေရာ(Land Mark)တစ်ခုဖြစ်သဖြင့် ရေရှည်တည်တံ့စေရေးနှင့် ခရီးသွားများ အမြဲမပြတ် လည်ပတ်နိုင်ရေး စဉ်ဆက်

မပြတ် ဆောင်ရွက်နေရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့သည် ပန်းမြို့တော်ဖြစ်သဖြင့် ပန်းပေါင်းစုံများ ရာသီမရွေးဖူးပွင့်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဒေသပန်းမျိုးများကို ထိန်းသိမ်းခြင်းနှင့် အရောင်အဆင်း၊ အနံ့ကောင်းမွန်ပြီး အရည်အသွေးတိုးတက်အောင် သက်ဆိုင်ရာ သုတေသနအဖွဲ့များက ဆောင်ရွက်သွားရန် လိုသကဲ့သို့ အခြားဒေသမှ ပန်းမျိုးကောင်း၊ မျိုးသန့်များကိုလည်း ဒေသတွင်း အောင်မြင်ဖြစ်ထွန်းစွာဖြင့် ဖူးပွင့်နိုင်ရေး စမ်းသပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဥယျာဉ်နေရာများ၌သာမက မြို့အတွင်းရှိလမ်းများ၊ ရပ်ကွက်များအတွင်း၌လည်း သစ်ပင်ပန်းမန်များ စိုက်ပျိုး၍ မျက်စိပသာဒဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း။

ပြင်ဦးလွင်ဒေသသို့ ခရီးသွားဧည့်သည်များ အများအပြား လာရောက်အပန်းဖြေကြခြင်းသည် ဒေသ၏ သာယာလှပမှုနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှု၊ အေးချမ်းစိုပြည်မှုတို့ကြောင့်ပင်ဖြစ်ပြီး “အိမ်သာ၍ဧည့်လာ” ခြင်းပင်ဖြစ်ကြောင်း၊ ဒေသတွင်းသို့ ခရီးသွားအများအပြား လာရောက်ခြင်းသည် ဒေသခံတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေနိုင်သည် ဖြစ်သဖြင့် ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ Green Zone Area များကို မဖြစ်မနေ အကောင်အထည်ဖော်သွားရမည်ဖြစ်ပြီး နှစ်ရှည်အရိပ်ရ အပင်များကိုအပင်သက်တမ်းအလိုက် စဉ်ဆက်မပြတ်သည့် စိုက်ပျိုးခြင်းနည်းဖြင့် စနစ်တကျ ဆက်လက်စိုက်ပျိုး ထိန်းသိမ်းခြင်းများဖြင့်လည်း ရာသီဥတု ကောင်းမွန်မှုကို ဆက်လက်ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့၊ သုမင်္ဂလာဈေး(ညတောဈေး) ၆ ထပ် အဆင့်မြင့် ဈေးသစ်တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ အထပ်အလိုက် ဆိုင်ခန်းများဖွင့်လှစ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှု၊ ကလေးကစားကွင်းနေရာများ၊ ရုပ်ရှင်ရုံများထည့်သွင်းတည်ဆောက်နိုင်ရေး လျာထား ဆောင်ရွက်လျက်ရှိမှုနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး ဆိုလာပြားများ တပ်ဆင်သွားမည့် အခြေအနေများ၊ မြေညီထပ်ရှိ Local Fresh Fruits & Meats Market နှင့် Banking Service Area အတွက် ဗိသုကာဒီဇိုင်းများ ပြင်ဆင်ထားရှိမှု၊ ယာဉ်ရပ်နားသည့် နေရာအတွင်း EV ကားများအတွက် Battery Charger နေရာများ ဆောင်ရွက်ထားရှိမှု၊ ရေဝင်ရေထွက် ကောင်းမွန်စေရေးအတွက် တွက်ချက်ဆောင်ရွက်ထားရှိမှု၊ ရေဆိုးစွန့်ပစ်မှုစနစ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အထူးပြုလုပ်ချက် Video Clip ကိုဖွင့်လှစ်ပြသသည်။

**စနစ်တကျ ထုပ်ပိုး၍ ရောင်းချသွားရန်လို**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေး၊ ရေစီးရေလာနှင့် ရေဝင်ရေထွက် ကောင်းမွန်စေရေးတို့ကိုလည်း ထည့်သွင်းစဉ်းစား၍ ရေနုတ်မြောင်းများကို စနစ်တကျတွက်ချက်၍ ထည့်သွင်း တည်ဆောက်သွားရန်လိုကြောင်း၊ တည်ဆောက်ရေး လုပ်ငန်းများအားလုံး ပြီးစီးပါက ဈေးဆိုင်ခန်းများ စနစ်တကျဖြစ်စေရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက် သွားရန်လိုပြီး စားသောက်ဆိုင်ခန်းများထားရှိမည့် အထပ်တွင် သန့်ရှင်းမှုရှိစေရေးကို အလေးထားဆောင်ရွက် သွားရန်နှင့် ရေ/မီးစနစ်များ စနစ်တကျရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲရာတွင် Back up စနစ်ကို ပါထည့်သွင်း ဆောင်ရွက်ရန်လိုကြောင်း၊ အဆင့်မြင့်ဈေးဖြစ်သည်နှင့် အညီ အသီးအရွက်များ၊ အသားငါးများကိုလည်း စနစ်တကျထုပ်ပိုး၍ ရောင်းချသွားရန်လိုကြောင်း၊ ယခုအဆင့်မြင့်ဈေးသစ် တည်ဆောက်စေခြင်းသည် ပြင်ဦးလွင်မြို့၏ လူနေမှုထူထပ်လာမှုများ၊ ခရီးသွားလာမှု များပြားလာမှုများနှင့် ကိုက်ညီသည့် အဆင့်မီဈေးတစ်ခုဖြစ်ပေါ်လာစေရန်၊ ဒေသထွက်နှင့် အခြေခံသုံးကုန်ပစ္စည်းများကို တစ်နေရာတည်းတွင် တစုတစည်းတည်းရရှိနိုင်စေရန် ရည်ရွယ်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ စံပြဈေးတစ်ခု ဖြစ်ရမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

# စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း

( ၆ - ၁၁ - ၂၀၂၄ )



**ရဲဘော်တို့**

ဒီနေ့ဟာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၆)ရဲ့ သင်တန်းဆင်းတဲ့နေ့ဖြစ်သလို နိုင်ငံတော်နဲ့ တပ်မတော်အတွက် အားသစ်လောင်းတဲ့ နေ့လည်းဖြစ်တာမို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း ဦးစွာ ပြောကြားလိုတယ်။

**ရဲဘော်တို့**

“တပ်မတော် (ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သော လက်ရုံးရည်နှင့် နှလုံးရည်ပြည့်ဝသည့် အရာရှိကောင်းများ မွေးထုတ်ပေးရန်”ဆိုတဲ့ စစ်တက္ကသိုလ်ရဲ့ ရည်ရွယ်ချက်နဲ့အညီ ရဲဘော်တို့ကို နိုင်ငံတော်နဲ့ တပ်မတော်က အားထားရမယ့် နိုင်ငံ့သားကောင်းများအဖြစ် လေ့ကျင့်မွေးထုတ်ပေးခဲ့ခြင်းဖြစ်တယ်။ အမိစစ်တက္ကသိုလ်က မွေးထုတ်ပေးခဲ့တဲ့ ရဲဘော်တို့ဟာ နိုင်ငံတော်နဲ့ တပ်မတော်အတွက် ခွန်အားသစ်တွေကို ဖြည့်ဆည်းပေးမယ့် မျိုးဆက်သစ်အရာရှိငယ်များဖြစ်လို့ တာဝန်ကျရာ တပ်အသီးသီးကို ရောက်ရှိချိန်မှာ အမိစစ်တက္ကသိုလ်ရဲ့ဂုဏ်ကို စောင့်ထိန်းပြီး ပေးအပ်တဲ့တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်သွားကြရမှာဖြစ်တယ်။ စစ်တက္ကသိုလ်ရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ “နောင်တစ်ခေတ်၏ အောင်စစ်သည်” ဆိုတဲ့အတိုင်း ရဲဘော်တို့ဟာ မျိုးဆက်သစ်ခေါင်းဆောင်ငယ်များအနေနဲ့ စစ်မြေပြင်မှာ အောင်ပွဲတွေရရှိအောင် သင်ကြားပေးလိုက်တဲ့ စစ်ပညာ၊ စာပေပညာရပ်တွေကို ထိရောက်စွာ အသုံးချကာ သူရသတ္တိနဲ့ တွေးခေါ်မြော်မြင်မှု ပေါင်းစပ်ပြီး ကြိုးစားအားထုတ် တာဝန်ထမ်းဆောင်သွားကြဖို့ လိုအပ်တယ်။ နိုင်ငံတော်ကို ကာကွယ်ဖို့ ခိုင်မာတဲ့ သန္နိဋ္ဌာန်စိတ်နဲ့ မိမိတို့သဘောဆန္ဒအလျောက် တပ်မတော်ကို ဝင်ရောက်လာခဲ့တဲ့ ရဲဘော်တို့အနေနဲ့ စစ်တက္ကသိုလ်ရဲ့ မွန်မြတ်တဲ့ အစဉ်အလာ၊ ကောင်းမွန်တဲ့ ဂုဏ်သတင်းများကို ဆက်လက်စောင့်ထိန်းပြီး စစ်မြေပြင်မှာ မှတ်ကျောက်တင်ခံနိုင်မယ့် စစ်သားကောင်းများဖြစ်အောင် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်သွားကြပါလို့ မှာကြားလိုတယ်။

**ရဲဘော်တို့**

တပ်မတော်ရဲ့ တပ်ရင်း/တပ်ဖွဲ့အသီးသီးမှာခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန် ထမ်းဆောင်ကြရတော့မယ့် ရဲဘော်တို့ဟာ မိမိကွပ်ကဲရမယ့် လက်အောက်ငယ်သားတွေကို မှန်ကန်တဲ့ ခေါင်းဆောင်မှုပေးနိုင်ဖို့လိုအပ်တယ်။ အမိကျောင်းတော်ကြီးက သင်ကြားပေးလိုက်တဲ့ ခေါင်းဆောင်မှု ပညာရပ်ဟာ အခြေခံသဘောမျှသာဖြစ်တဲ့အတွက် လက်တွေ့နယ်ပယ်ကရရှိလာတဲ့ အတွေ့အကြုံ ဗဟုသုတတွေနဲ့ ပေါင်းစပ်ပြီး ခေါင်းဆောင်ကောင်းတွေဖြစ်အောင် ကြိုးစားကြရမယ်။

ဒါ့အပြင် မိမိဦးဆောင်တဲ့အဖွဲ့ကို မှန်ကန်တဲ့ ခေါင်းဆောင်မှုပေးနိုင်ဖို့ လက်အောက်ငယ်သားများကို ကျောသားရင်သားမခွဲခြားဘဲ ကွပ်ကဲအုပ်ချုပ်နိုင်ရမယ်။ ကိုယ်တိုင်စံနမူနာပြဖြစ်အောင် နေထိုင်ခြင်းဖြင့်လက်အောက် ငယ်သားတွေရဲ့ ရိုသေမှု၊ လေးစားမှု၊ ယုံကြည်ကိုးစားမှုနဲ့ သစ္စာရှိစွာ ပူးပေါင်းဆောင်ရွက်မှုတို့ကိုရယူပြီး ပေးအပ်တဲ့ ရည်မှန်းချက်တာဝန်တွေကိုပြီးမြောက်အောင် ဆောင်ရွက် နိုင်ဖို့လိုအပ်တယ်။ ဒါကြောင့် ရဲဘော်တို့အနေနဲ့ ဒို့တပ်မတော် က ပြဋ္ဌာန်းထားတဲ့ ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆)ရပ်နဲ့အညီ ပြုမူကျင့်ကြံပြီး စစ်မြေပြင်နှင့်လုပ်ငန်းတာဝန် နယ်ပယ် အသီးသီးမှာ လက်အောက်ကို မှန်ကန်တဲ့ ခေါင်းဆောင်မှု ပေးနိုင်တဲ့ ခေါင်းဆောင်ကောင်းများ ဖြစ်ရန်အတွက် မိမိ တို့ရဲ့ ခေါင်းဆောင်မှုအရည်အသွေးများကို အစဉ် တိုးတက်နေအောင် ကြိုးပမ်းတည်ဆောက်သွားကြဖို့ မှာကြားလိုတယ်။

> ဒို့တပ်မတော်သားတွေဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာမှာ ဘယ်အချိန်ဘယ်နေရာပဲဖြစ်ဖြစ် ကိုယ်ကျိုးစွန့်အနစ်နာခံပြီး တာဝန်ကျေပွန်အောင် ထမ်းဆောင်ကြရတဲ့သူတွေဖြစ်လို့ ယုံကြည်ချက်၊ ခံယူချက်မှန်ကန်ပြီး စိတ်ဓာတ်ကောင်းမွန်ဖို့ အထူးလိုအပ်တယ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ ခံယူချက်၊ ယုံကြည်ချက်၊ အစဉ်အလာ၊ သမိုင်းကြောင်းစတာတွေနဲ့ တည်ဆောက်ပေးရမှာဖြစ်တယ်။ မျိုးချစ်စိတ်ဆိုရာမှာ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုကို ချစ်မြတ် နိုးတဲ့စိတ်၊ ကိုယ့်တိုင်းပြည်နဲ့ ကိုယ့်လူမျိုးကိုထိရင် မချိအောင်နာတတ်တဲ့စိတ်၊ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စားမယ်ဆိုတဲ့စိတ်တို့ပဲဖြစ်တယ်။ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို အရင်းခံပြီး မွန်မြတ်တဲ့စိတ်များနဲ့ တပ်မတော်ရဲ့ ကောင်းမြတ်တဲ့ အစဉ်အလာကောင်းတွေကို ဆက်လက်ထိန်းသိမ်းပြီး တပ်မတော်ရဲ့ဂုဏ်ကို မြှင့်တင်သွားကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့**

ဒို့တပ်မတော်သားတွေဟာ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ရာမှာ ဘယ်အချိန်ဘယ်နေရာပဲဖြစ်ဖြစ် ကိုယ်ကျိုးစွန့်အနစ်နာခံပြီး တာဝန်ကျေပွန်အောင် ထမ်း ဆောင်ကြရတဲ့သူတွေဖြစ်လို့ ယုံကြည်ချက်၊ ခံယူချက် မှန်ကန်ပြီး စိတ်ဓာတ်ကောင်းမွန်ဖို့ အထူးလိုအပ်တယ်။ တပ်ဖွဲ့ဝင်တွေရဲ့ စိတ်ဓာတ်ကောင်းမွန်စေဖို့အတွက် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေးတို့နဲ့ ဖန်တီးပေးရမှာဖြစ်သလို တစ်ဖက်ကလည်း မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ ခံယူချက်၊ ယုံကြည်ချက်၊ အစဉ်အလာ၊ သမိုင်းကြောင်းစတာတွေနဲ့ တည်ဆောက် ပေးရမှာဖြစ်တယ်။ မျိုးချစ်စိတ်ဆိုရာမှာ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုကို ချစ်မြတ် နိုးတဲ့စိတ်၊ ကိုယ့်တိုင်းပြည်နဲ့ ကိုယ့်လူမျိုးကိုထိရင် မချိ အောင်နာတတ်တဲ့စိတ်၊ ကိုယ်ကျိုးမငဲ့ဘဲတိုင်းပြည် အတွက် စွန့်လွှတ်စွန့်စားမယ်ဆိုတဲ့စိတ်တို့ပဲဖြစ်တယ်။ အဲဒီလိုအရင်းခံစိတ်တွေ ကိန်းဝပ်လာအောင် တည်ဆောက် ပေးနိုင်မှသာ တစ်ဦးချင်းရဲ့ ယုံကြည်ချက်၊ ခံယူချက်မြင့် မားလာပြီး စိတ်ဓာတ်ခိုင်မာကောင်းမွန်လာမှာဖြစ်တယ်။ စိတ်ဓာတ်ကောင်းရင် လူ၊ လက်နက်အင်အားနည်းသော်လည်း အောင်မြင်မှုရရှိအောင် ကြံ့ကြံ့ခံဆောင်ရွက်နိုင်စွမ်းရှိတာကို တွေ့ရှိရတယ်။ ဒါကြောင့် ရဲဘော်တို့အနေနဲ့ မိမိကိုယ်တိုင် သာမက မိမိကွပ်ကဲရတဲ့ တပ်ဖွဲ့ဝင်တွေကိုပါ မျိုးချစ်စိတ်၊ တိုင်းပြည်ကို ကာကွယ်လိုစိတ်၊ မိမိတပ်ဖွဲ့နဲ့ တပ်မတော် အပေါ် ချစ်ခင်တွယ်တာ စိတ်ရှိစေဖို့ လေ့ကျင့်ပြုစု ပျိုးထောင်နေကြရမှာဖြစ်တယ်။ ဒါ့အပြင် တိုက်ပွဲဝင်ရာ မှာလည်း ရဲဘော်တို့အပါအဝင် တပ်ဖွဲ့ဝင်တွေရဲ့ တိုက်လို ခိုက်လိုစိတ်မြင့်မားစေဖို့အတွက် တပ်မတော်ရဲ့ စိတ်ဓာတ် တွေဖြစ်တဲ့ လေ့ခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်၊

ပေးအပ်တဲ့တာဝန်အပေါ်မှာ တုံးတိုက်တိုက် ကျားကိုက်ကိုက် မဖြစ်မနေအောင်မြင်အောင်လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်၊ ဒို့တပ်မတော်ရဲ့ အစဉ်အလာကောင်းတွေကို အသက်နဲ့လဲပြီး စောင့်ထိန်းမယ်ဆိုတဲ့ စိတ်ဓာတ်မျိုးရရှိအောင် တည်ဆောက်သွားကြဖို့လိုတယ်။ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို အရင်းခံပြီး မွန်မြတ်တဲ့စိတ်များနဲ့ တပ်မတော်ရဲ့ ကောင်းမြတ်တဲ့ အစဉ်အလာကောင်းတွေကို ဆက်လက်ထိန်းသိမ်းပြီး တပ်မတော်ရဲ့ဂုဏ်ကို မြှင့်တင်သွားကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့**

စိတ်ဓာတ်ကောင်းမွန်မှုနဲ့ စည်းကမ်းလိုက်နာမှုတို့ဟာ ဆက်စပ်နေတာကြောင့် စိတ်ဓာတ်ကောင်းရင် စည်းကမ်းလိုက်နာမှုလည်း အားကောင်းလာမှာဖြစ်တယ်။ စည်းကမ်းဆိုတာ လူ့ကျင့်ဝတ်တစ်ခုဖြစ်သလို တပ်မတော်ရဲ့ ကျောရိုးနဲ့ အသက်ဝိညာဉ်လည်းဖြစ်တာကြောင့် အလေးထားလိုက်နာ စောင့်ထိန်းကြဖို့လိုအပ်တယ်။ စည်းကမ်းအမျိုးမျိုး သတ်မှတ်ထားပေမယ့် အမျိုးအစား ခွဲခြားမယ်ဆိုရင် တိုက်တွန်းချက်၊ တားမြစ်ချက်များဖြစ်တဲ့ ဆောင်ရန်စည်းကမ်းနဲ့ ရှောင်ရန်စည်းကမ်းဆိုပြီး နှစ်မျိုးသာရှိတာကို တွေ့ရမယ်။ ဆောင်ရန်စည်းကမ်းဆိုတာကတော့ ရဲဘော်တို့ မပျက်မကွက်လိုက်နာရမယ့် အချက်တွေဖြစ်ပြီး ရှောင်ရန်စည်းကမ်းကတော့ လုံးဝမပြုလုပ်ရန် တားမြစ်ထားတဲ့အချက်တွေဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့အနေနဲ့ ဒို့တပ်မတော်သားအားလုံးအတွက် လိုက်နာရန် တိုက်တွန်းထားတဲ့ စစ်သည်တော် ကျင့်ဝတ်အပါး(၆၀)ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာလိုက်နာသွားဖို့လိုအပ်သလို စစ်မြေပြင်စည်းကမ်းတွေ၊ လုပ်ငန်းခွင်စည်းကမ်းတွေနဲ့ နယ်ဘက်ဆိုင်ရာ စည်းကမ်းဥပဒေတွေကိုလည်း လေးစားလိုက်နာကြရမယ်။ ရှောင်ကြဉ်ရမယ့် စည်းကမ်းတွေအနေနဲ့ တပ်မတော်အက်ဥပဒေမှာ ပြဋ္ဌာန်းထားပြီးဖြစ်လို့ အဲဒီဥပဒေတွေကိုလည်း သိရှိနားလည်အောင် လေ့လာပြီး အလေးထားလိုက်နာဖို့ လိုအပ်တယ်။ ဒ့ါအပြင် နိုင်ငံတကာမှာ လက်ခံကျင့်သုံးနေတဲ့ "စစ်ပွဲဆိုင်ရာ ဥပဒေများနဲ့ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း"တွေကိုလည်း သိရှိလိုက်နာကြရမှာဖြစ်တယ်။

**ရဲဘော်တို့**

ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြရမယ့် ရဲဘော်တို့ဟာ ကိုယ့်လက်အောက် ငယ်သားတွေကို စည်းကမ်းလိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်ရမှာဖြစ်သလို ကိုယ်ကိုယ်တိုင်လည်း လိုက်နာစောင့်ထိန်းဖို့ လိုအပ်တယ်။ အထူးသဖြင့် စည်းကမ်းအရာမှာ စံနမူနာပြ လိုက်နာစောင့်ထိန်းရမှာဖြစ်ပြီး တစ်ဦးချင်းနဲ့အဖွဲ့အစည်းအပေါ် ထိခိုက်စေနိုင်တဲ့ ပြုမူနေထိုင်မှုတွေကို ရှောင်ကြဉ်ကြဖို့လိုအပ်တယ်။ အသောက်အစားနဲ့ အပျော်အပါးများဟာ မိမိတို့တစ်ဦးချင်းရဲ့ စွမ်းဆောင်ရည်တွေကိုသာမက မိမိ

> ဒို့တပ်မတော်ဟာ ပြည်သူတွေနဲ့ပူးပေါင်းပြီး ခေတ်အဆက်ဆက်မှာ ပြည်တွင်းပြည်ပ အန္တရာယ်တွေကို ရင်ဆိုင်ကျော်ဖြတ်နိုင်ခဲ့ကြသလို နိုင်ငံတော်မှာ ကြုံတွေ့လာရမယ့် ဘေးအန္တရာယ်တွေကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နဲ့ ပြည်သူလူထု စည်းလုံးညီညွတ်မှုအားနဲ့ ရင်ဆိုင်ကျော်ဖြတ်နိုင်စွမ်းရှိရမှာဖြစ်တယ်။ ယနေ့ကာလမှာ ပြည်တွင်းပြည်ပ အဖျက်သမားများဟာ ဆိုရှယ်မီဒီယာကို လက်နက်သဖွယ်အသုံးပြုပြီး အစိုးရနဲ့ပြည်သူ၊ ပြည်သူနဲ့ တပ်မတော် သွေးကွဲအောင်၊ စည်းလုံးညီညွတ်မှုပြိုကွဲအောင် ထိုးနှက်တိုက်ခိုက်လျက်ရှိတယ်။ တပ်တွင်းစည်းလုံးညီညွတ်မှုရှိစေရေးအတွက် အထက်ကပေးအပ်တဲ့ အမိန့်နဲ့ တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်ဖို့လိုသလို လက်အောက်ကို ထိတွေ့မှုများများနဲ့ ဦးဆောင်ပြီး နေ့စဉ်လုပ်ဆောင်ရမယ့် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ်ကို အောင်မြင်စွာလုပ်ဆောင်သွားကြဖို့ အလေးထားမှာကြားလိုတယ်။

တို့ရဲ့ မိသားစုနဲ့ အဖွဲ့အစည်းအပေါ်ကို ထိခိုက်မှုများဖြစ်ပေါ်လာနိုင်တယ်။ ဒါကြောင့် ရဲဘော်တို့အနေနဲ့ တစ်ဦးချင်းကိုယ်စီ အသိတရား၊ ဆင်ခြင်တုံတရားများနဲ့ နေထိုင်ဖို့လိုအပ်သလို မိမိလက်အောက်ငယ်သားများကိုလည်း ထိန်းသိမ်းကြပ်မတ်သွားဖို့လိုတယ်။ မိမိတစ်ဦးချင်းစီ၏ ပြုမူပြောဆိုနေထိုင်မှုများဟာ တပ်မတော်ရဲ့ဂုဏ်သိက္ခာနဲ့ သက်ဆိုင်တဲ့အတွက် တစ်ဦးချင်းစီက စည်းကမ်းနဲ့အညီ နေထိုင်ပြုမူကျင့်ကြံကြရန် လိုအပ်ကြောင်း မှာကြားလိုတယ်။

**ရဲဘော်တို့**

ဒို့တပ်မတော်သားတွေဟာ အချိန်အခါမရွေး၊ နေရာဒေသမရွေး၊ ရာသီဥတုမရွေး တာဝန်ထမ်းဆောင်နေကြရသူတွေဖြစ်တဲ့အတွက် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်မှုရှိဖို့ကို အလေးထားလုပ်ဆောင်ကြဖို့လိုတယ်။ ကျန်းမာကြံ့ခိုင်ဖို့ကို လေ့ကျင့်ရေးနဲ့ လုပ်ယူရတာဖြစ်ပြီး တပ်တစ်တပ်ကို တည်ဆောက်တဲ့နေရာမှာ လေ့ကျင့်ရေးဟာ အရေးကြီးဆုံးလုပ်ငန်းဖြစ်တယ်။ လေ့ကျင့်ရေးနဲ့ ကျန်းမာကြံ့ခိုင်မှုဟာ အပြန်အလှန်သက်ရောက်မှုရှိပြီး လေ့ကျင့်နေမှသာ ကျန်းမာကြံ့ခိုင်နေမှာဖြစ်သလို ကျန်းမာကြံ့ခိုင်နေမှလည်း လေ့ကျင့်ရေးလုပ်ငန်းတွေကိုကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ လုပ်ဆောင်နိုင်မှာဖြစ်တယ်။ လေ့ကျင့်ရေး လုပ်ဆောင်ခြင်းဟာ ကြံ့ခိုင်မှုနဲ့ ကျွမ်းကျင်မှုရှိဖို့ဖြစ်တယ်။ ကြံ့ခိုင်မှုဆိုတာ တပ်ဖွဲ့ဝင် တစ်ဦးချင်းရဲ့ ရုပ်ပိုင်း၊ စိတ်ပိုင်းကျန်းမာကြံ့ခိုင်နေအောင် လေ့ကျင့်တာဖြစ်သလို ကျွမ်းကျင်မှုဆိုတာကတော့ မိမိတို့ ကိုင်တွယ်အသုံးပြုနေတဲ့ လက်နက်တွေနဲ့ သင်ယူလေ့လာထားတဲ့စစ်ပညာရပ်တွေကိုကျွမ်းကျင်ဖို့ လေ့ကျင့်တာဖြစ်တယ်။ အဲဒီလို ကျွမ်းကျင်မှုရှိမှ ယုံကြည်မှု ရှိလာမှာဖြစ်ပြီး ယုံကြည်မှုရှိမှလည်း ကြုံတွေ့လာတဲ့ အခက်အခဲတိုင်းကို ရဲဝံ့စွန့်စားစွာ ရင်ဆိုင်လုပ်ကိုင်နိုင်တဲ့ ရဲစွမ်းသတ္တိတွေ ရရှိလာမှာဖြစ်တယ်။ ဒါတွေဟာ လေ့ကျင့်မှု လုပ်ဆောင်ခြင်းမှရရှိတာဖြစ်လို့ စိတ်ပိုင်း၊ ရုပ်ပိုင်းအစဉ်ကြံ့ခိုင်မှုရှိအောင် ရဲဘော်တို့အနေနဲ့ "ကျန်းမာကြံ့ခိုင်ရမည်၊ ကျွမ်းကျင်မှုရှိရမည်၊ ရဲစွမ်းသတ္တိရှိရမည်" ဆိုတဲ့ တပ်မတော်ရဲ့ လေ့ကျင့်ရေးမူဝါဒများနဲ့အညီ စဉ်ဆက်မပြတ် လေ့ကျင့်နေကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့**

၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲမှာ အလွန်အကျည်းတန်၊ ရုပ်ဆိုးလှတဲ့ အဲဒီအချိန်က အာဏာရပါတီရဲ့ မဲမသမာမှုများကြောင့် အရေးပေါ်အခြေအနေ ကြေညာခဲ့ရပြီး နိုင်ငံ့တာဝန် ထိန်းသိမ်းပေးနေတဲ့ တပ်မတော်ရဲ့ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ အန္တိမရည်မှန်းချက်ဟာ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးဖြစ်တယ်။ ရွေးကောက်ပွဲအကြိုလုပ်ငန်းများဖြစ်တဲ့ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်ကို အောက်တိုဘာလဆန်းမှစတင်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ပြုလုပ်နိုင်ခဲ့တယ်။ အဲဒီလို လုပ်ဆောင်ခဲ့တာဟာ နိုင်ငံတော်ရှေ့လုပ်ငန်းစဉ်(၅)ရပ်မှာပါရှိတဲ့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံးရဲ့ အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိတဲ့ အထွေထွေရွေးကောက်ပွဲတစ်ရပ် ဖြစ်စေရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းစဉ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်တယ်။ သန်းခေါင်စာရင်းက ရရှိလာမယ့် အချက်အလက်များဟာ နိုင်ငံတော်ရဲ့ လက်ရှိနဲ့ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအတွက် အသုံးဝင်မှာဖြစ်သလို ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းမှန်ကန်မှုကိုလည်း အထောက်အကူပြုမှာဖြစ်တယ်။ မှန်ကန်တဲ့ မဲစာရင်းများနဲ့ ရွေးကောက်ပွဲကို စည်းစနစ်ကျစွာကျင်းပပြီး ရွေးကောက်ပွဲမှထွက်ပေါ်လာတဲ့ အစိုးရကို နိုင်ငံတော်တာဝန်များ လွှဲအပ်နိုင်ရေး ဆက်လက်လုပ်ဆောင်ရာမှာ ရဲဘော်တို့အနေနဲ့ ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုတယ်။

**ရဲဘော်တို့**

ဒို့တပ်မတော်ဟာ ပြည်သူတွေနဲ့ပူးပေါင်းပြီး ခေတ်အဆက်ဆက်မှာ ပြည်တွင်းပြည်ပအန္တရာယ်တွေကို ရင်ဆိုင်ကျော်ဖြတ်နိုင်ခဲ့ကြသလို နိုင်ငံတော်မှာ ကြုံတွေ့လာရမယ့် ဘေးအန္တရာယ်တွေကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နဲ့ ပြည်သူလူထု စည်းလုံးညီညွတ်မှုအားနဲ့ ရင်ဆိုင်ကျော်ဖြတ်နိုင်စွမ်းရှိရမှာဖြစ်တယ်။ ယနေ့ကာလမှာ ပြည်တွင်းပြည်ပ အဖျက်သမားများဟာ ဆိုရှယ်မီဒီယာကို လက်နက်သဖွယ်အသုံးပြုပြီး အစိုးရနဲ့ပြည်သူ၊ ပြည်သူနဲ့ တပ်မတော် သွေးကွဲအောင်၊ စည်းလုံးညီညွတ်မှုပြိုကွဲအောင်

ထိုးနှက်တိုက်ခိုက်လျက်ရှိတယ်။ အထူးသဖြင့် နိုင်ငံတော် တည်တံ့ခိုင်မြဲရေးနဲ့ တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော် ကာကွယ်ရေး တာဝန်ထမ်းဆောင်နေတဲ့ ဒို့တပ်မတော်သား အချင်းချင်း စိတ်ဝမ်းကွဲအောင် သတင်းအတု၊ သတင်း အမှားတွေနဲ့ ထိုးနှက်တိုက်ခိုက်မှုတွေကို လုပ်ဆောင်နေတာ မြင်တွေ့ကြရမှာဖြစ်တယ်။ အဲ့ဒီလိုတပ်မတော်ဖြိုခွဲရေး အတွက် ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်ဆောင်နေတဲ့ သတင်း အတု၊ သတင်းအမှားတွေကို နားမယောင်မိဖို့ လိုသလို ရဲဘော်တို့အနေနဲ့ တာဝန်ကျရာ တပ်အသီးသီးကို ရောက်ရှိ သွားချိန်မှာ တပ်မတော်သားနဲ့ မိသားစုဝင်တွေ သတင်းအတု၊ သတင်းအမှားများကြောင့် ယုံကြည်ချက်၊ ခံယူချက်တွေ မယိမ်းယိုင်သွားစေဖို့နဲ့ တပ်တွင်းစည်းလုံးညီညွတ်ရေး ခိုင်မာအားကောင်းစေဖို့အတွက် စည်းရုံးလုပ်ဆောင်သွား ကြဖို့ လိုအပ်တယ်။ တပ်တွင်းစည်းလုံးညီညွတ်မှုရှိစေရေး အတွက် အထက်ကပေးအပ်တဲ့ အမိန့်နဲ့ တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်ဖို့လိုသလို လက်အောက်ကို ထိတွေ့ မှုများများနဲ့ ဦးဆောင်ပြီး နေ့စဉ်လုပ်ဆောင်ရမယ့် တပ် တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ်ကို အောင်မြင်စွာ လုပ်ဆောင်သွားကြဖို့ အလေးထားမှာကြားလိုတယ်။

**ရဲဘော်တို့**

တပ်တွင်းစည်းလုံးညီညွတ်ရေးကို ခိုင်မာအား ကောင်းအောင် တည်ဆောက်ရမှာဖြစ်သလို တစ်ဖက် ကလည်း တပ်ပြင်စည်းရုံးရေးကို အောင်မြင်အောင် လုပ်ဆောင်သွားကြဖို့လိုအပ်တယ်။ လက်ရှိအချိန်မှာ ဆန့်ကျင်ဘက် အဖွဲ့အစည်းများနဲ့ လူပုဂ္ဂိုလ်တချို့ဟာ တပ်မတော်အပေါ် ပြည်သူလူထုရဲ့ အထင်အမြင်တွေ လွဲမှားသွားစေဖို့အတွက် ပြည်ဖျက်မီဒီယာများနဲ့ ပူးပေါင်း ပြီး တပ်မတော်ပုံရိပ်ကျဆင်းအောင် ပြောဆိုရေးသား နေကြတာကို တွေ့ရတယ်။ ဒီလိုလုပ်ဆောင်ချက်တွေဟာ တပ်မတော်အပေါ်မှာသာမက တစ်မျိုးသားလုံးရဲ့ စည်းလုံး ညီညွတ်မှုအပေါ်မှာ ဆိုးရွားစွာ ထိခိုက်နိုင်တာ ရဲဘော်တို့ အသိပဲဖြစ်တယ်။ ဒါကြောင့် ဆန့်ကျင်ဘက်အဖွဲ့အစည်း များ၊ ပြည်ဖျက်မီဒီယာများရဲ့ ဆိုးရွားတဲ့လုပ်ရပ်တွေအပေါ် အသိ၊ သတိနဲ့ ဆင်ခြင်ပြီး စစ်မှန်တဲ့တပ်ပြင်စည်းရုံးရေး လုပ်ငန်းများကို အလေးထားလုပ်ဆောင်သွားရမှာပဲဖြစ် တယ်။ တပ်ပြင်စည်းရုံးရေး ဆောင်ရွက်ရာမှာလည်း ရဲဘော်တို့အနေနဲ့ စစ်သည်တော် ကျင့်ဝတ်နဲ့အညီ နေထိုင် ကျင့်ကြံပြီး မိမိနယ်မြေအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များကို တစ်တပ်တစ်အား ဆောင်ရွက်ပေးခြင်း၊ သဘာဝ ဘေးအန္တရာယ်တွေနဲ့ ရင်ဆိုင်ရပါက အချိန်နဲ့တစ်ပြေးညီ ကူညီဆောင်ရွက်ပေးခြင်း၊ ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်ခြင်းများ အပါအဝင် ပြည်သူ့အကျိုးပြု လုပ်ငန်းမှန်သမျှကို တပ်မတော်ရဲ့ အဓိက လုပ်ငန်းတာဝန်တစ်ရပ်အဖြစ်ခံယူပြီး စစ်မှန်တဲ့ စိတ်ရင်းစေတနာနဲ့ အပြည့်အဝ လုပ်ဆောင်ပေးကြဖို့ အလေးအနက်ထားမှာကြားလိုတယ်။

**ရဲဘော်တို့**

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့

- စစ်တက္ကသိုလ်ရဲ့ မွန်မြတ်တဲ့ အစဉ်အလာ၊ ကောင်းမွန်တဲ့ ဂုဏ်သတင်းများကို ဆက်လက် စောင့်ထိန်းပြီး စစ်မြေပြင်မှာ မှတ်ကျောက်တင် ခံနိုင်မယ့် စစ်သားကောင်းများဖြစ်အောင် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်သွားကြပါ။
- ခေါင်းဆောင်မှုအင်္ဂါရပ် (၁၆)ရပ်နဲ့အညီ ပြုမူ ကျင့်ကြံပြီးမိမိတို့ရဲ့ ခေါင်းဆောင်မှုအရည်အသွေး များကို အစဉ်တိုးတက်နေအောင် ကြိုးပမ်း တည်ဆောက်သွားကြပါ။
- မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို အရင်းခံပြီး မွန်မြတ် တဲ့စိတ်များနဲ့ တပ်မတော်ရဲ့ ကောင်းမြတ်တဲ့ အစဉ် အလာကောင်းတွေကို ဆက်လက်ထိန်းသိမ်းပြီး တပ်မတော်ရဲ့ ဂုဏ်ကိုမြှင့်တင်သွားကြပါ။
- နိုင်ငံတော်ကာကွယ်ရေးအတွက် တိုက်ပွဲဝင် အသင့်ရှိစေဖို့ “ကျန်းမာကြံ့ခိုင်ရမည်၊ ကျွမ်းကျင်မှု ရှိရမည်၊ ရဲစွမ်းသတ္တိရှိရမည်”ဆိုတဲ့ တပ်မတော်ရဲ့ လေ့ကျင့်ရေးမူဝါဒများနဲ့အညီ လေ့ကျင့်မှုတွေ စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြပါ။
- တပ်မတော်ရဲ့ ရည်မှန်းချက်တာဝန်တွေကိုအကောင် အထည်ဖော်တဲ့နေရာမှာ ကျရာတာဝန်ကိုအောင်မြင် စွာ ထမ်းဆောင်နိုင်တဲ့ “နောင်တစ်ခေတ်၏ အောင်စစ်သည်”များဖြစ်အောင် ကြိုးစားကြပါ လို့ တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်တယ်။

■ ■ ■

# စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆) သင်တန်းဆင်းပွဲတွင် ထူးချွန်ဆုရဗိုလ်လောင်းများနှင့် မိဘများအား တွေ့ဆုံစဉ် ပြောကြားသည့်မိန့်ခွန်း

( ၆ - ၁၂ - ၂၀၂၄ )





စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၆) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားကို ဒီဇင်ဘာလ ၆ ရက်နေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့၊ စစ်တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သီရိပျံချီ စည်သူ မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘ ဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အား ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန် လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၅၉၈၈၊ ဗိုလ်လောင်း ထက်အာကာ၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိ သူ ဗိုလ်လောင်းအမှတ် ၃၅၈၅၃၊ ဗိုလ်လောင်း သီဟစိုး၊ စာပေထူးချွန်ဆု(ဝိဇ္ဇာ)ရရှိသူ ဗိုလ်လောင်းအမှတ် ၃၆၀၀၁၊ ဗိုလ်လောင်းနေသုခ၊ စာပေထူးချွန်ဆု (သိပ္ပံ)ရရှိသူ ဗိုလ်လောင်းအမှတ် ၃၆၁၂၆၊ ဗိုလ်လောင်းရဲထက်၊ စာပေ

ထူးချွန်ဆု (ကွန်ပျူတာ) ရရှိသူ ဗိုလ်လောင်းအမှတ် ၃၅၉၄၇၊ ဗိုလ်လောင်း ဇော်ဖြိုးအောင်တို့အား ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် စစ်တက္ကသိုလ်ကျောင်းဌာနချုပ်၊ ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်း ၅ ဦးနှင့် ၎င်းတို့၏ မိဘဆွေမျိုးများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် သင်တန်းတက်ရောက်ရသည့် လေးနှစ်တာ ကာလတစ်လျှောက်လုံး စာပေကဏ္ဍ၊ လေ့ကျင့်ရေးကဏ္ဍတို့တွင် စဉ်ဆက်မပြတ်ကြိုးစားအားထုတ်ခဲ့မှု၊ စည်းကမ်းကောင်းမွန်မှုတို့ကြောင့် ယခုကဲ့သို့ ထူးချွန်ဆုများ ရရှိခဲ့ကြခြင်းဖြစ်သဖြင့် ချီးကျူးအသိအမှတ်ပြုကြောင်းနှင့် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်တွင်လည်း မိဘများ၊ ဆရာ၊ ဆရာမများက သွန်သင်ပဲ့ပြင်ပေးခဲ့သည့် အခြေခံကောင်းများ၊ ယခုသင်တန်းမှရရှိခဲ့သည့် မိမိဘဝ တိုးတက်မှုရှိစေရေး ကြိုးစားအားထုတ်နိုင်မှု၊ မိမိကိုယ်ကိုထိန်းသိမ်းနိုင်မှု၊ စည်းကမ်းကောင်းမွန်မှု စသည့် အခြေခံအလေ့အကျင့်ကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး စဉ်ဆက်မပြတ်ဆက်လက်ကြိုးစားအားထုတ်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့ခေတ်သည် နည်းပညာများ စဉ်ဆက်မပြတ်ပြောင်းလဲတိုးတက်နေသည့်အတွက် မိမိတို့ဘဝ တိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ် ဖတ်မှတ်လေ့လာခြင်းဖြင့် ဆက်လက်ဆည်းပူးလေ့လာပြီး နိုင်ငံတော်နှင့် တပ်မတော်က အားထားရပြီး လက်အောက်က အားကိုးရသူများဖြစ်အောင် ဆက်လက်ကြိုးပမ်းသွားကြစေလိုကြောင်း၊

ယခုကဲ့သို့ ထူးချွန်ထက်မြက်သူများဖြစ်လာစေရေး ငယ်စဉ်ကတည်းက ကျွေးမွေးပြုစုပျိုးထောင်ပေးခဲ့သည့် မိဘများ၏ ကျေးဇူးများ၊ အသိပညာများရရှိစေရေး သင်ကြားပေးခဲ့သည့် ဆရာ၊ ဆရာမများ၏ ကျေးဇူးများကို သိတတ်ရန်နှင့် ကျေးဇူးဆပ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့အတူ ဗိုလ်လောင်းသင်တန်းလေးနှစ်တာကာလအတွင်း တပ်မတော်၏ခေါင်းဆောင်ငယ်များဖြစ်လာစေရေး လေ့ကျင့်မွေးထုတ်ပေးခဲ့သည့် တပ်မတော်နှင့် အမိစစ်တက္ကသိုလ်၏ ကျေးဇူးကိုလည်း မမေ့ရန်လိုကြောင်း၊ မိဘများ၏ စကားကို နားထောင်ခြင်း၊ မိဘကို စိတ်ချမ်းသာအောင်ထားရှိခြင်း၊ မိမိတတ်နိုင်သရွေ့ ကျွေးမွေးစောင့်ရှောက်ခြင်းတို့သည် မိဘကျေးဇူးကို ဆပ်ခြင်းပင်ဖြစ်သကဲ့သို့ မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်ခြင်း၊ စစ်သားကောင်း တစ်ယောက်ပီသစွာ နေထိုင်ကျင့်ကြံခြင်းအားဖြင့်လည်း နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ကို မြှင့်တင်ရမည်ဖြစ်ကြောင်း။


တာဝန်ထမ်းဆောင်ရာတွင်လည်း စစ်သားကောင်း တစ်ယောက်ပီသစွာ နေထိုင်ကျင့်ကြံရမည်ဖြစ်ပြီး နိုင်ငံတော်နှင့် တပ်မတော်၏ တာဝန်များကို ထမ်းဆောင်လျက်ရှိကြသည့် နောင်တော်ကျောင်းဆင်းအရာရှိများ၊ စစ်သည်များထံမှလည်း ကောင်းမွန်သည့် အတွေ့အကြုံကောင်းများကို လက်ဆင့်ကမ်းသင်ယူကြရန်လိုကြောင်း၊ တပ်မတော်သားများသည် ပြည်သူကြားမှပေါက်ဖွားလာခြင်းဖြစ်ပြီး တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိကိုယ်ကို၊ မိမိအဖွဲ့အစည်းနှင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိ၍ ပေးအပ်သည့် တာဝန်များကို အောင်မြင်ကျေပွန်စွာ ထမ်းဆောင်သွားကြရန် လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် နိုင်ငံတော်နှင့် တပ်မတော်အကျိုးကို ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

■ ■ ■

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၉ – ၁၂ – ၂၀၂၄ )





၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၉ ရက်နေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အနုပညာရှင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အားကစားအသင်းများမှ အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ၊ တပ်မတော်သားများ၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်အား စိုက်ပျိုးပေးပြီး အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးခြင်း ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

**အလေးပြု**

ထို့နောက် ဖွင့်ပွဲအခမ်းအနားအား စတင်ကျင်းပရာ အလွတ်ခုန်လေထီးအဖွဲ့မှ လေထီးစစ်သည်များက အမျိုးသားအားကစားပွဲတော်အလံနှင့် တိုင်းဒေသကြီး၊

ပြည်နယ်အလံများကို ဝေဟင်ထက်မှ မြေပြင်သို့ ချိတ်ဆွဲသယ်ဆောင်၍ ကွင်းအတွင်းသို့ ဂုဏ်ပြုဆင်းသက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်အား အလေးပြုကြသည်။

ယင်းနောက် တေးသံရှင်ထူးအယ်လင်းက "ကျွန်ုပ်တို့မြန်မာပြည်" သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေပြီး မြန်မာ့ဆိုင်းဝိုင်း၊ မြန်မာ့တူရိယာများနှင့် ခေတ်မီဆန်းသစ်စွာ မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ထားသည့် တေးသံသာနှင့်အတူ မီးအလှပြမှု (Lighting Show) ကို တင်ဆက်ပြသသည်။ ဆက်လက်၍ အခမ်းအနားအား အမှတ်တရအစီအစဉ်ရေတွက်၍ ဖွင့်လှစ်ပြီး တစ်ချိန်တည်းတွင် မီးရှူး၊ မီးပန်းများ ပစ်ဖောက်ကာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ "လှပချစ်စရာ တို့ရွှေမြန်မာ" တေးသီချင်းဖြင့် သရုပ်ဖော်တင်ဆက်ကပြကြသည်။

ထို့နောက် နိုင်ငံတော်စစ်တီးဝိုင်းက ကွင်းအတွင်းနေရာယူပြီး အလံတော်အဖွဲ့ ဦးဆောင်၍ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် အားကစားအသင်းများ ကွင်းအတွင်းသို့ ဝင်ရောက်ချီတက်နေရာယူကြကာ နိုင်ငံတော်အလံကို လွှင့်တင်၍ အလေးပြုကြသည်။

ယင်းနောက် မြန်မာ့အားကစားရွှေခေတ်ကာလ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် အားကစားသမားဟောင်းကြီးများက အမျိုးသားအားကစားပွဲတော်အလံကို ကွင်းအတွင်းသို့ သယ်ဆောင်လာပြီး အလံကို လွှင့်တင်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကိုအကျိုးပြုမည့် လူ့စွမ်းအားအရင်းအမြစ်များရရှိရန်ဆိုပါက နိုင်ငံတော်က ချမှတ်ထားသည့် ဦးတည်ချက် (၉) ရပ်မှ လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့် "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး"ဟူသည့်အချက်ကိုအလေးထားအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုကျင်းပသည့် အမျိုးသားအားကစားပွဲတော်ကြီးကို "နိုင်ငံတော်၏အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အောင်မြင်မှုရရှိစေရေး၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသည့် လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၊ ဝန်ကြီးဌာနများအကြား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာစေရေးနှင့် ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ဝင်စားလာပြီး အားကစားလှုပ်ရှားမှုများမှာ ပါဝင်လှုပ်ရှားကစားလာစေရေး"ဟူသည့် ဦးတည်ချက်များ ချမှတ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

**မြန်မာနိုင်ငံတွင် အမျိုးသားအားကစားပွဲတော်များကို ၁၉၅၂ ခုနှစ်၊ ၁၉၅၄ ခုနှစ်၊ ၁၉၅၇ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် လေးကြိမ်ကျင်းပခဲ့ပြီးဖြစ်၊ ယခု ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ၁၀ နှစ်နီးပါးအကြာတွင် ပြန်လည်ကျင်းပနိုင်ခြင်းလည်းဖြစ်၊ အားကစား မြှင့်တင်ဆောင်ရွက်ခြင်းကို မွန်မြတ်သည့် လုပ်ငန်းစဉ်တစ်ရပ်၊ နိုင်ငံတော်အတွက်အရေးပါသည့် အမျိုးသားရေးတာဝန်တစ်ရပ်ကဲ့သို့ တန်ဖိုးထားပြီး ဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံအတွက် စိတ်ဓာတ်စည်းကမ်း ကောင်းမွန်ပြီး ကျန်းမာကြံ့ခိုင်သည့်၊ စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံကို အကျိုးပြုနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးနိုင်မည်ဖြစ်။**

ထို့ပြင် ယခုကျင်းပသည့် အမျိုးသားအားကစားပွဲတော်ကြီးမှ နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် အမျိုးသားတို့၏ မျိုးချစ်စိတ်ဓာတ်ထက်သန်မှု၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ စည်းလုံးညီညွတ်မှု၊ အမျိုးသားရေးစိတ်နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ တည်ငြိမ်အေးချမ်းမှုကို ဖော်ထုတ်ပြသနိုင်သည့် ပွဲတော်ကြီးပင်ဖြစ်ကြောင်း၊ ယခုအားကစားပြိုင်ပွဲကြီး ခမ်းနားထည်ဝါစွာနှင့် အောင်မြင်စွာကျင်းပနိုင်ရေး စီမံဆောင်ရွက်ပေးသည့် တာဝန်ရှိသူများ၊ ပါဝင်ပူးပေါင်းဆောင်ရွက်ပေးကြသည့် အားကစားအဖွဲ့ချုပ်များ၊ အားကစားသမားများနှင့် စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်တို့က အနုပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများအားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်းကို ပြောကြားလိုကြောင်း။

## ပြုစုပျိုးထောင်

မြန်မာနိုင်ငံတွင် အမျိုးသားအားကစားပွဲတော်များကို ၁၉၉၂ ခုနှစ်၊ ၁၉၉၄ ခုနှစ်၊ ၁၉၉၇ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် လေးကြိမ်ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ယခုပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ၁၀ နှစ်နီးပါးအကြာတွင် ပြန်လည်ကျင်းပနိုင်ခြင်းလည်းဖြစ်ကြောင်း၊ အားကစား မြှင့်တင်ဆောင်ရွက်ခြင်းကို မွန်မြတ်သည့် လုပ်ငန်းစဉ်တစ်ရပ်၊ နိုင်ငံတော်အတွက် အရေးပါသည့် အမျိုးသားရေးတာဝန်တစ်ရပ်ကဲ့သို့ တန်ဖိုးထားပြီး ဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံအတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်ပြီး ကျန်းမာကြံ့ခိုင်သည့်၊ စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံကို အကျိုးပြုနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးနိုင်မည်ဖြစ်ကြောင်း။

အားကစားယှဉ်ပြိုင်ရာတွင်လည်း အားကစားစိတ်ဓာတ်ရှိရန် အလွန်အရေးကြီးကြောင်း၊ လူတိုင်းဘဝတွင် အခက်အခဲများ ရင်ဆိုင်ကြုံတွေ့ရသည့်အခါ အနိုင်မခံ အရှုံးမပေးသည့်စိတ်၊ မိမိကိုယ်ကို ယုံကြည်ရဲရင့်သည့် စိတ်များနှင့် ရင်ဆိုင်ကျော်လွှားနိုင်သည့် စိတ်မျိုးကို အားကစားစိတ်ဓာတ်က ရစေနိုင်ကြောင်း၊ ထို့ကြောင့်လည်း အားကစားနှင့်ပတ်သက်၍ ခံယူချက်အမျိုးမျိုးရှိသည့် အတွက် "အားကစားမြှင့်တင်တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်" ဟူသည့် အချက်သည် အမြင့်မားဆုံးခံယူချက်ပင်ဖြစ်ကြောင်း။

## စတင်ကျင်းပ

၁၉၉၂ ခုနှစ်က စတင်ကျင်းပခဲ့သည့် အမျိုးသားအားကစားပွဲတော်အပါအဝင် ကျင်းပပြီးစီးခဲ့သည့် အမျိုးသား အားကစားပွဲတော်များမှ အားကစားနည်းအလိုက် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်ပေါင်းများစွာ ပေါ်ထွက်ခဲ့ကြောင်း၊ မြန်မာ့အားကစားသမိုင်းကိုကြည့်ပါက ၁၉၇၀ ပြည့်နှစ်ဝန်းကျင်သည် မြန်မာ့အားကစားရွှေရောင်လွှမ်းခဲ့သည့်ကာလများ ဖြစ်သည်ကို တွေ့ရကြောင်း။

၁၉၇၂ ခုနှစ် မြူးနစ်အိုလံပစ်ဘောလုံးပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအနေဖြင့် အသန့်ရှင်းဆုံး အသင်းဆုကို ဆွတ်ခူးပိုင်ဆိုင်ခဲ့သည့် မှတ်တမ်းကောင်းများလည်းရှိခဲ့ကြောင်း၊ အဆိုပါ ရွှေခေတ်ကာလ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် အားကစားသမားဟောင်းကြီး များစွာရှိခဲ့သည့်အနက် ဗိုလ်ကြီးတင်အောင်(ဂိုး)၊ ဦးအေးမောင်ကြီး၊ ဦးသန်းစိုး (ခ) ဆပ်သီး၊ ဦးနန္ဒကျော်စွာ၊ ဦးဘုန်းမြင့်၊ ဦးမြင့်အောင်၊ ဦးသန့်ဇင်၊ ဒေါ်ဂျနီဖာတင်လေး၊ ဒေါ်သန်းသန်း၊ ဒေါ်မာမာမင်း၊ ဒေါ်ခင်မူမူ၊ ဒေါ်နုနုရီ၊ ဗိုလ်မှူးမြင့်စိုး၊ ဒေါ်ကျင်လွမ်တို့ကဲ့သို့ ပုဂ္ဂိုလ်များသည် ယနေ့ထိတိုင် သက်ရှိထင်ရှားကျန်းမာစွာဖြင့် အားကစားလုပ်ငန်းများကို တတ်စွမ်းသရွေ့ ထမ်းဆောင်လျက်ရှိနေကြကြောင်း၊ ယင်းအတွက် များစွာဂုဏ်ယူပါကြောင်းကို ထည့်သွင်းပြောကြားလိုကြောင်း။

## ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ခေတ်အဆက်ဆက်က မိမိတို့၏ တိုင်းရင်းသားညီအစ်ကို နိုင်ငံ့လက်ရွေးစင်အားကစားသမားများသည် နိုင်ငံတကာပြိုင်ပွဲများတွင် ဆုတံဆိပ်များ ဆွတ်ခူးပေးခဲ့ကြောင်း၊ မိမိတို့၏ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို နိုင်ငံတကာအလယ်တွင် အလံတိုင်ထိပ်ရောက်အောင် လွှင့်ထူစေနိုင်ခဲ့ပြီး တာဝန်ကျေပွန်ခဲ့ကြကြောင်း၊ ထို့ကြောင့် နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာ့အလံကို တိုင်ထိပ်ရောက်အောင် လွှင့်ထူနိုင်စွမ်းရှိသည့် အားကစားအောင်မြင်မှုများသည် နိုင်ငံ့ဂုဏ်သိက္ခာကို အလွန်မြင့်မားစေပြီး နိုင်ငံ၏ အဆင့်အတန်းကိုမြှင့်တင်ပေးခြင်းဖြစ်သည့်အတွက် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေးကို နိုင်ငံသားတိုင်းက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်

အလေးအနက်မှာကြားလိုကြောင်း။

လူငယ်များ၏ ပညာရေးနှင့် ကျန်းမာရေးကို အားကစားကဏ္ဍနှင့်ပေါင်းပြီး တိုးမြှင့်ဆောင်ရွက်နိုင်ရန် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထူးချွန်အားကစားသမားများ ပေါ်ထွက်ရေးအတွက် လူထုအားကစား Mass Sports အဆင့်မှ Excellent Sports အဆင့်အထိ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်လျက်ရှိသောကြောင့် ကျောင်းသားလူငယ်များနှင့် မသန်စွမ်းသူများအပါအဝင် ပြည်သူတစ်ရပ်လုံးက လိုက်ပါဆောင်ရွက်နိုင်ကြရန် လိုအပ်ကြောင်း၊ မိမိတို့ အစိုးရအဖွဲ့အနေဖြင့် အားကစားကဏ္ဍကို အလေးထားမြှင့်တင်ဆောင်ရွက်ပေးနေသည့်အတွက် ယခုအချိန်တွင် နိုင်ငံ၏ အားကစားအဆင့်အတန်းသည် ပြန်လည်ဦးမော့လာနေပြီဖြစ်ကြောင်း၊တိုးတက်အောင်မြင်မှုအထိုက်အလျောက် ရနေပြီလည်းဖြစ်ကြောင်း၊ အားလုံးက ထိုအပေါ်တွင် ကျေနပ်မနေဘဲ ယခုထက် ပိုပြီးအောင်မြင်အောင်၊ အတိတ်ကကဲ့သို့ အောင်မြင်မှုမျိုးရရှိအောင်၊ နိုင်ငံတကာအလယ်တွင် မြင့်မြင့်မားမားရပ်တည်နိုင်အောင် "မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းရမည်"ဟူသည့် ရည်မှန်းချက်အတိုင်း ဆက်လက်ကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင် ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကို ဆုကြေးငွေအပါအဝင် ဂုဏ်ပြုချီးမြှင့်မှုများကို ထိုက်ထိုက်တန်တန် တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် တစ်ချိန်က နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားသမားဟောင်းကြီးများကိုလည်း ဂုဏ်ပြုသည့်အနေဖြင့် လစဉ်ထောက်ပံ့ကြေးများနှင့် ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ယခုအားကစားပြိုင်ပွဲကြီးတွင်ပါဝင်ယှဉ်ပြိုင်ကြသည့်အားကစားသမားများအနေဖြင့်လည်း အောင်မြင်မှုရအောင်၊ နိုင်ငံ့လက်ရွေးစင်ဖြစ်အောင်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် ကြိုးစားယှဉ်ပြိုင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

အားကစားကဏ္ဍ တိုးတက်အောင်မြင်ရေး ဆောင်ရွက်ရာတွင်လည်း အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတစ်ခုတည်းအင်အားဖြင့် ဆောင်ရွက်နိုင်ရန်မှာ အခက်အခဲများရှိနိုင်ကြောင်း၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် အားကစားနည်းအလိုက် အဖွဲ့ချုပ်များကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ပြည်သူတစ်ရပ်လုံးကလည်း အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ခံယူပြီး စိတ်ပါဝင်စားစွာဖြင့် ဝိုင်းဝန်းကူညီပေါင်းစပ်ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း။

**ထည့်သွင်းပြဋ္ဌာန်းထား**

ပညာရေးနှင့် အားကစားကဏ္ဍ၏ ဆက်စပ်မှုကို ပြောရမည်ဆိုပါက နိုင်ငံ၏ပညာရေးစနစ်သည် ကျောင်းသားဗဟိုပြုပညာရေးစနစ်ဖြစ်သည့်အတွက် အားကစားကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန် အားသာချက်တစ်ရပ်ကဲ့သို့ ဖြစ်နေကြောင်း၊ ထို့ကြောင့် ကျောင်းစာသင်ချိန်များတွင် အားကစားချိန်ကို ထည့်သွင်းပေးထားပြီး အားကစားနည်းတစ်ခုခုကို မသင်မနေရသင်ကြားစေရေး ထည့်သွင်းပြဋ္ဌာန်းပေးထားကြောင်း၊ အားကစားကို အမှတ်ပေးစနစ်တွင် ထည့်သွင်းပေးခြင်း၊ အားကစားထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူများကို အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများသို့ တက်ရောက်နိုင်ရေး စီစဉ်ပေးခြင်းနှင့် အားကစားပညာသင်ဆုများ ချီးမြှင့်စေလွှတ်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ကျောင်းသားလူငယ်တိုင်း အားကစားနည်းတစ်မျိုးမျိုးကို ပါဝင်ကစားစေရေး စီမံကိန်းချမှတ်ဆောင်ရွက်ခြင်းနှင့် အားကစားပြက္ခဒိန်ရေးဆွဲပြီး အခြေခံပညာအဆင့်မှ ကောလိပ်၊ တက္ကသိုလ်အဆင့်ပြိုင်ပွဲများကို နှစ်စဉ်ကျင်းပဆောင်ရွက်ပေးနိုင်ခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ သို့မှသာ အားကစားနှင့်ပညာရေး ပေါင်းစပ်လုပ်ငန်းများတွင် အဆင်ပြေချောမွေ့လာပြီး မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာမှုနှင့်အတူ မြန်မာ့အားကစား စဉ်ဆက်မပြတ်တိုးတက်ရေး (Sustainable Sports Development) ကို အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း။

မိမိတို့ အိမ်နီးချင်းနိုင်ငံတချို့တွင် ကျောင်းသားလူငယ်အားကစားပွဲတော်များမှ ကမ္ဘာ့လူငယ်စံချိန်သာမက ကမ္ဘာ့စံချိန်တို့ကိုပါ ချိုးနိုင်ခဲ့သည့် လူငယ်လက်ရွေးစင်များ ပေါ်ထွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့

နိုင်ငံတွင်လည်း လာမည့်နှစ်များတွင် ကျောင်းသားနှင့် လူငယ်အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးနှင့် ဝန်ကြီးဌာနပေါင်းစုံပြိုင်ပွဲများအပြင် အဆင့်မြင့်အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးတို့ကို အားကစားပြက္ခဒိန်တွင် ထည့်သွင်းရေးဆွဲပြီး မြန်မာ့အားကစားအဆင့်အတန်း ပြန်လည်တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယခုအမျိုးသားအားကစားပွဲတော်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအားကစားပြိုင်ပွဲအတွက် အားကစားနည်း ၂၃ မျိုး၊ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲအတွက် အားကစားနည်း ၆ မျိုးနှင့် မသန်စွမ်းအားကစားပြိုင်ပွဲ ၄ မျိုးတို့ကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း။

ပြိုင်ပွဲဝင်ကြမည့် အားကစားသမားများနှင့် အသင်းများအနေဖြင့် မိမိတို့၏ ကျွမ်းကျင်မှု၊ ခွန်အား၊ သက်လုံ၊ နည်းစနစ်၊ စိတ်ဓာတ်စသည်တို့ကို မှတ်ကျောက်တင်ခံနိုင်သည်အထိ ပြိုင်ပွဲဝင်ရန် ပြင်ဆင်လာခဲ့ကြပြီးဖြစ်ကြောင်း၊ ထို့ကြောင့် အားကစားပွဲတော်ကြီး၏ ဂုဏ်ပုဒ်နှင့်အညီ အားကစားစိတ်ဓာတ်၊ အားကစားယဉ်ကျေးမှုကိုပါ မြင့်မြင့်မားမား လေးစားမြှင့်တင် ယှဉ်ပြိုင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

## ဂုဏ်သိက္ခာရှိစွာယှဉ်ပြိုင်

အားကစားပြိုင်ပွဲများ၏ သဘောသဘာဝအတိုင်း ပြိုင်ဆိုင်မှုပြင်းထန်လာသည်နှင့်အမျှ တစ်ဖက်နှင့်တစ်ဖက် အငြင်းအခုံများ ရှိမည်ဖြစ်ကြောင်း၊ သို့သော်လည်း အားကစားစိတ်ဓာတ်နှင့် အားကစားယဉ်ကျေးမှုကို မြင့်မြင့်ထားပြီး ဂုဏ်သိက္ခာရှိစွာ ယှဉ်ပြိုင်ကြရန် ပြောကြားလိုကြောင်း၊ အားကစားသမားတိုင်းသည် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ တရားမျှတစွာ ယှဉ်ပြိုင်ခြင်း၊ မလျော့သည့် ဇွဲ၊ လုံ့လ၊ ဝီရိယ၊ သတ္တိတို့ဖြင့် အနိုင်မခံ အရှုံးမပေး ယှဉ်ပြိုင်သွားကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် အနိုင်ရပါက ရှုံးနိမ့်သူကို အားပေးရန်၊ မိမိရှုံးခဲ့ပါကလည်း အရှုံးကိုလက်ခံပြီး အနိုင်ရသူကို မုဒိတာပွားအားပေးရန်၊ ပြိုင်ပွဲအတွင်း ပြိုင်ဘက်ဖြစ်သူ ဘေးဒုက္ခတစ်စုံတစ်ရာဖြစ်လာပါကလည်း ကူညီခြင်းဖြင့် အားကစားယဉ်ကျေးမှုကို မြှင့်တင်ကြရန် မှာကြားလိုကြောင်း။

တာဝန်ရှိသူများအနေဖြင့်လည်း ပြိုင်ပွဲအသီးသီးမှ ထွက်ပေါ်လာသည့် အရည်အသွေးမြင့် အားကစားသမားများကို စနစ်တကျ စခန်းသွင်းလေ့ကျင့်ပေးပြီး (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် နိုင်ငံတကာပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် မြန်မာ့လက်ရွေးစင်အားကစားသမားကောင်းများဖြစ်လာအောင် လေ့ကျင့်ပေးသွားရမည်ဖြစ်ကြောင်း။

အားကစားဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊

နိုင်ငံတကာပြိုင်ပွဲများတွင်
မြန်မာ့အလံကို တိုင်ထိပ်ရောက်အောင်
လွှင့်ထူနိုင်စွမ်းရှိသည့် အားကစား
အောင်မြင်မှုများသည် နိုင်ငံ့ဂုဏ်သိက္ခာကို
အလွန်မြင့်မားစေပြီး နိုင်ငံ၏
အဆင့်အတန်းကို မြှင့်တင်ပေးခြင်းဖြစ်သည့်
အတွက် အားကစားကဏ္ဍ မြှင့်တင်
ဆောင်ရွက်ရေးကို နိုင်ငံသားတိုင်းက
ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်
အလေးအနက်မှာကြားလို၊
အားကစားဆောင်ရွက်ခြင်းသည်
မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့်
အမျိုးသားရေးစရိုက်လက္ခဏာတို့ကို
ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး
ကျန်းမာကြံ့ခိုင်ရေးကိုလည်း
တိုးတက်မြင့်မားစေ၊ အားကစားသမား
မောင်မယ်များအနေဖြင့် အားကစားစိတ်ဓာတ်
အပြည့်ဖြင့် အနိုင်ရရှိအောင် ပါဝင်ယှဉ်ပြိုင်
ကြပြီး ယခုအားကစားပွဲတော်မှ
နိုင်ငံ့လက်ရွေးစင် အားကစားသမားများ
အဖြစ်မှတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင်
အားကစားသမားများစွာ
ပေါ်ထွက်မည်ဟု ယုံကြည်မျှော်လင့်။

တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကိုလည်း တိုးတက်မြင့်မားစေနိုင်ကြောင်း၊ ထို့ကြောင့် အားကစားသမားမောင်မယ်များအနေဖြင့် အားကစားစိတ်ဓာတ်အပြည့်ဖြင့် အနိုင်ရရှိအောင် ပါဝင်ယှဉ်ပြိုင်ကြပြီး ယခုအားကစားပွဲတော်မှ နိုင်ငံ့လက်ရွေးစင် အားကစားသမားများအဖြစ်မှတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများစွာ ပေါ်ထွက်မည်ဟု ယုံကြည်မျှော်လင့်ရင်း ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ဖွင့်လှစ်ပေးလိုက်ကြောင်း ပြောကြားသည်။

■ ■ ■

# အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၉ - ၁၂ - ၂၀၂၄ )






အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာလ ၉ ရက်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

**စတင်သတ်မှတ်**

ထို့နောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်းနှင့် တိုက်ဖျက်ခြင်းများတွင် ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း၏ အခန်းကဏ္ဍနှင့် စပ်လျဉ်းပြီး အသိပညာမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဒီဇင်ဘာ ၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့အဖြစ် ၂၀၀၃ ခုနှစ်တွင် စတင်သတ်မှတ်ခဲ့ပြီး ကမ္ဘာ့နိုင်ငံများတွင် အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိကြောင်း။

ယခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ ဦးတည်ချက်မှာ “ဖြောင့်မတ်တည်ကြည်သော အနာဂတ်ဖော်ဆောင်ဖို့ အဂတိတိုက်

ဖျက်လူငယ်များနှင့် လက်ချင်းဆက်ကြပါစို့ (Uniting with Youth against Corruption: Shaping Tomorrow's Integrity)" ဖြစ်ကြောင်း၊ အဆိုပါ ဆောင်ပုဒ်သည် မိမိတို့မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က ၂၀၂၂ ခုနှစ်က စတင်ဆောင်ရွက်နေသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ လူငယ်အသိပညာပေးအစီအစဉ်နှင့် စကားဝိုင်းဆွေးနွေးပွဲများ၊ ပညာရေးနှင့် ပူးပေါင်းဆောင်ရွက်ချက်များ၏ ဦးတည်ရည်မှန်းချက်များနှင့် တူညီနေကြောင်း၊ ကော်မရှင်၏ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိနေသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်ကို တွေ့ရှိရကြောင်း။

**မကောင်းမှု ဒုစရိုက်တစ်ခုပင်ဖြစ်**

အဂတိ လိုက်စားမှုသည် လူ့ဘောင်လောကကို အရုပ်ဆိုးအကျည်းတန်စေပြီး ကောင်းမွန်သည့် လူမှုစီးပွားဘဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသည့် မကောင်းမှု ဒုစရိုက်တစ်ခုပင်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုများကြောင့် လူ့ဘောင်လောကတွင် တရားမျှတမှုပျောက်ကွယ်ပြီး နိုင်ငံတော်နှင့် အများပြည်သူကို ထိခိုက်စေကြောင်း၊ ထို့ပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်ကို ပျက်စီးစေရုံသာမက တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုကိုလည်း ထိခိုက်စေနိုင်ကြောင်း၊ လက်တွေ့တွင်လည်း အဆိုပါအယူအဆမှန်ကန်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

အဂတိလိုက်စားမှုပြဿနာသည် မိမိတို့နိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်းတွင် ပျံ့နှံ့နေသည့် ရောဂါဆိုးတစ်ခုဖြစ်နေကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အစိုးရပိုင်းများသာမက ပုဂ္ဂလိကပိုင်းနှင့် အမြတ်အစွန်းမဟုတ်သည့် အချို့ကုသိုလ်ဖြစ် လူမှုဒါနရေးအဖွဲ့များတွင်ပါ အမြစ်တွယ်လာနေသည့် ပြဿနာတစ်ခုဖြစ်ကြောင်း။

အဂတိလိုက်စားမှုဆိုသည်ကိုသာမန်အားဖြင့်လာဘ်ပေးလာဘ်ယူမှုလောက်သာ ထင်မှတ်ကြသော်လည်း အမှန်တကယ်မှာ လူ့ဘောင်လောကတွင် ကျယ်ပြန့်နက်ရှိုင်းသည့် မကောင်းမှုကြီးဖြစ်ကြောင်း၊ ခြိမ်းခြောက်ငွေညှစ်ခြင်း၊ လိမ်လည်ခြင်း၊ နိုင်ငံတော်ဘဏ္ဍာနှင့် ပစ္စည်းများကို အလွဲသုံးစားလုပ်ခြင်း၊ ပြည်သူပိုင်ပစ္စည်း ငွေကြေးများကို ကိုယ်ကျိုးအတွက် မသင့်မလျော်သုံးစွဲခြင်း၊ မလျော်ဩဇာသုံးပြီး ကိုယ်ကျိုးအတ္တကို ရယူခြင်း စသည်များသည် အဂတိလိုက်စားမှုများပင်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုကြောင့် ရာဇဝတ်မှုများ ကျူးလွန်ခြင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများကို အားပေးခြင်းများ ဖြစ်ပေါ်လာစေကြောင်း၊ ထို့အပြင် တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီစနစ်ကို

> အဂတိ လိုက်စားမှုသည် လူ့ဘောင်လောကကို အရုပ်ဆိုးအကျည်းတန်စေပြီး ကောင်းမွန်သည့် လူမှုစီးပွားဘဝ ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသည့် မကောင်းမှု ဒုစရိုက်တစ်ခုပင်ဖြစ်၊ အဂတိ လိုက်စားမှုများကြောင့် လူ့ဘောင် လောကတွင် တရားမျှတမှုပျောက်ကွယ်ပြီး နိုင်ငံတော်နှင့် အများပြည်သူကို ထိခိုက်စေ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် ပန်းတိုင်ကို ပျက်စီးစေရုံသာမက တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ် အေးချမ်းမှုကိုလည်း ထိခိုက်စေနိုင်၊ အဂတိလိုက်စားမှုဆိုသည်ကို သာမန်အားဖြင့် လာဘ်ပေး လာဘ်ယူမှု လောက်သာ ထင်မှတ်ကြသော်လည်း အမှန်တကယ်မှာ လူ့ဘောင်လောကတွင် ကျယ်ပြန့်နက်ရှိုင်းသည့် မကောင်းမှုကြီးဖြစ်၊ ခြိမ်းခြောက်ငွေညှစ်ခြင်း၊ လိမ်လည်ခြင်း၊ နိုင်ငံတော်ဘဏ္ဍာနှင့် ပစ္စည်းများကို အလွဲ သုံးစားလုပ်ခြင်း၊ ပြည်သူပိုင်ပစ္စည်း ငွေကြေးများကို ကိုယ်ကျိုးအတွက် မသင့်မလျော်သုံးစွဲခြင်း၊ မလျော်ဩဇာသုံးပြီး ကိုယ်ကျိုးအတ္တကို ရယူခြင်း စသည် များသည် အဂတိလိုက်စားမှုများပင်ဖြစ်။

ထိခိုက်စေခြင်းတို့ကို ဖြစ်စေခြင်းကြောင့် ကမ္ဘာလုံးဆိုင်ရာ ပြဿနာကြီးတစ်ခု၊ ရောဂါဆိုးကြီးတစ်ခုဟု ဆိုနိုင်ကြောင်း။

မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးကြီးသည့် အဂတိလိုက်စားမှု လျော့နည်းကျဆင်းလာစေရေး၊ အဂတိကင်းစင်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်စေရေးနှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်ပေးရေးတို့အတွက် ရည်မှန်းချက်၊ ဦးတည်ချက်များ ချမှတ်ထားကြောင်း၊ နိုင်ငံတော်အတွက် စိတ်ရင်းစေတနာကောင်းကို အရင်းခံပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို ပြောကြားလိုကြောင်း။

ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းပြီး အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေး Edutainment အစီအစဉ်များ၊ လူငယ်စကားဝိုင်းများကို အင်တိုက်အားတိုက် ဆောင်ရွက်နေသည်ကို ကျေနပ်အားရဖွယ်တွေ့ရှိရကြောင်း၊ မျိုးဆက်သစ်လူငယ်များကြားတွင် အဂတိလိုက်စားမှုကို မနှစ်သက်၊ ရှက်ရွံ့ဆန့်ကျင်သည့် စိတ်ဓာတ်များ ကိန်းအောင်းလာစေရန် ရည်ရွယ်ပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လူများတွင် ချစ်ခြင်း၊ မုန်းခြင်း၊ လောဘ၊ ဒေါသ၊ မောဟ၊ ဘယာစသည့် စိတ်အညစ်အကြေးများကြောင့် အဂတိမှု ကျူးလွန်လာကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များ၊ ကျောင်းသားကျောင်းသူများကို ငယ်ရွယ်စဉ်ကစပြီး အဂတိကင်းရှင်းစေရန်၊ စိတ်ထားဖြူစင် သန့်ရှင်းစေရန်အတွက် လူ့ဂုဏ်သိက္ခာနှင့် လူမှုကျင့်ဝတ်များကို သွန်သင်ပြသ ဆုံးမပေးကြရန် လိုအပ်ကြောင်း။

အဂတိလိုက်စားမှုနှင့် ကြွယ်ဝချမ်းသာလာမှုကြောင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းကို အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေတွင် အတိအကျထည့်သွင်း ပြဋ္ဌာန်းထားကြောင်း၊ ထို့ကြောင့် အဂတိလိုက်စားမှုကျူးလွန်သူများကို တရားစွဲဆို အရေးယူရုံသာမက အဂတိလိုက်စားမှုကြောင့် ကြွယ်ဝချမ်းသာလာသည့် ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းကို ဥပဒေနှင့်အညီ တိတိကျကျထိရောက်အောင် ဆောင်ရွက်ကြရန် လိုအပ်သည်ကို အသိပေးမှာကြားလိုကြောင်း။

**နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်သာယာအောင် ဝိုင်းဝန်းဆောင်ရွက်**

“အဂတိပယ်ခွာ ပြည်သာယာ” ဆိုသည့် ကော်မရှင်၏ ဆောင်ပုဒ်နှင့်အညီ အဂတိလိုက်စားမှု ကင်းစင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပေါ်လာစေရန် အစိုးရနှင့် ပြည်သူလူထုတစ်ရပ်လုံးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို စိတ်ပါဝင်စားစွာဖြင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ တစ်ဖွဲ့ချင်းက အဂတိကိုပယ်ခွာပြီး မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင်၊ ထိုမှတစ်ဆင့် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်သာယာအောင် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လေးလေးနက်နက် တိုက်တွန်းအပ်ကြောင်း။

မိမိတို့အစိုးရက ချမှတ်ထားသော “ရှေ့သို့ချီမည် ပန်းတိုင်ဆီ” (Keep Moving Forward to Achieve Our Goal) ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံနှင့် တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးကိုရှေးရှုပြီး လူမှုစီးပွားဘဝတိုးတက်မြင့်မားလာစေရန်ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် ချမှတ်ထားသည့် ဦးတည်ချက်၊ ရည်မှန်းချက်များနှင့် မူဝါဒများကို လုပ်ငန်းလမ်းညွှန်များအဖြစ် အလေးအနက်ခံယူပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အဂတိလိုက်စားမှုများကင်းရှင်းစေရန်အတွက် အားလုံးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားရင်း (၂၁) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုအပ်ကြောင်း ပြောကြားသည်။

■ ■ ■

# (၇၆) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၁၀ - ၁၂ - ၂၀၂၄ )






(၇၆) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် အရပ်ဘက်အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသူများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့သည် ကုလသမဂ္ဂအထွေထွေညီလာခံက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို အတည်ပြုထုတ်ပြန်ကြေညာခဲ့သည့် (၇၆) နှစ်ပြည့်မြောက်သည့်နေ့ဖြစ်ကြောင်း၊ ယင်းနေ့ကို ဂုဏ်ပြုသတ်မှတ်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့သည်လည်း (၇၆) နှစ်မြောက် အခါသမယကို ရောက်ရှိလာပြီဖြစ်ကြောင်း။

**ထောက်ခံမဲပေးခဲ့**

မိမိတို့ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ လွတ်လပ်ရေးရပြီး ယင်းနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုထုတ်ပြန်ခဲ့သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights) ကို အတည်ပြုနိုင်ရေး မြန်မာနိုင်ငံက ထောက်ခံမဲပေးခဲ့ကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ၁၉၄၆ ခုနှစ်တွင် စတင်ရေးဆွဲခဲ့ကြပြီး (၂) နှစ်အကြာ ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့၌ အတည်ပြုထုတ်ပြန်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့ မြန်မာနိုင်ငံသည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ထောက်ခံအတည်ပြုခဲ့ရုံသာမက နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း နိုင်ငံသူနိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို ထည့်သွင်းဖော်ပြထားကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အရေးကြီးသည့် လူ့အခွင့်အရေးစံများကို လိုက်လျောညီထွေစွာ ထည့်သွင်းပြဋ္ဌာန်းပေးထားသည်ကို တွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံတော်သီချင်းတွင်လည်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းဟူသည့် လူ့အခွင့်အရေးစံများ ဖော်ညွှန်းပါဝင်သည်ကို တွေ့နိုင်ကြောင်း၊ ယင်းအချက်များသည် မြန်မာနိုင်ငံသည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အသိအမှတ်ပြုအလေးထားသော ထင်ရှားသည့်

ဝိသေသလက္ခဏာများဖြစ်ကြောင်း။

**စောင့်ထိန်းလိုက်နာ**

နိုင်ငံတစ်နိုင်ငံတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် တိုင်းရင်းသားပြည်သူများအကြား လူ့အခွင့်အရေးများကို ရရှိခံစားစောင့်ထိန်းလိုက်နာကြရန်လိုအပ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အနေဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များတွင် အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ထားပြီး နိုင်ငံအဆင့် အစီရင်ခံစာများတင်သွင်းခြင်းနှင့် ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review – UPR) တို့တွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတစ်နိုင်ငံတည်ငြိမ်အေးချမ်းပြီး
ဖွံ့ဖြိုးတိုးတက်ရန်အတွက် တိုင်းရင်းသား
ပြည်သူများအကြား လူ့အခွင့်အရေးများကို
ရရှိခံစားစောင့်ထိန်းလိုက်နာကြရန်လို၊
နိုင်ငံတော်အနေဖြင့် အပြည်ပြည်ဆိုင်ရာ
လူ့အခွင့်အရေးသဘောတူစာချုပ်များတွင်
အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ထားပြီး
နိုင်ငံအဆင့် အစီရင်ခံစာများတင်သွင်းခြင်းနှင့်
ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး
အခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ်
(Universal Periodic Review – UPR) တို့တွင်
ပါဝင်ဆောင်ရွက်လျက်ရှိ၊ နိုင်ငံအတွင်း
မီတင်းနေထိုင်ကြသည့် တိုင်းရင်းသား
ပြည်သူများ၏ အခွင့်အရေးများ
တန်းတူညီမျှရေးနှင့် အမျိုးသားစည်းလုံး
ညီညွတ်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်
ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏
ပကတိအနှစ်သာရဖြစ်သည့် ပြည်တွင်း
ငြိမ်းချမ်းရေးရရှိရေးအတွက် အစွမ်းကုန်
ကြိုးပမ်းဆောင်ရွက်လျက်ရှိ။

ထို့ပြင် နိုင်ငံသားများ၏ လူ့အခွင့်အရေး ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ၂၀၁၄ ခုနှစ်တွင် ဥပဒေပြဋ္ဌာန်းပြီး ဖွဲ့စည်းတည်ထောင်ထားခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်အနေဖြင့်လည်း လူ့အခွင့်အရေးမြှင့်တင်ခြင်း၊ ကာကွယ်ခြင်းတို့ကို လေးစားလိုက်နာကျင့်သုံးသည့် လူ့အဖွဲ့အစည်းတစ်ရပ်ထွက်ပေါ်လာစေရေး ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံအတွင်းမီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးများ တန်းတူညီမျှရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သည့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လိုလားတောင့်တသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

**ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်**

ပြည်သူအားလုံးက လိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို မလွဲမသွေ ရှေ့ဆက်လျှောက်လှမ်းရမည်ဖြစ်သည့်အတွက် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို မဖြစ်မနေအောင်မြင်စွာကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးလိုအပ်မည့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်လုပ်ဆောင်နေခြင်းများသည် တိုင်းရင်းသားပြည်သူများရရှိမည့် လွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးများကို ပျက်ပြား

> **နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် လုပ်ဆောင်နေခြင်းများသည် တိုင်းရင်းသားပြည်သူများရရှိမည့် လွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးများကို ပျက်ပြား အောင်ဖျက်ဆီးနေခြင်းပင်ဖြစ်၊ တိုင်းရင်းသားလူမျိုးများ တန်းတူအခွင့်အရေးရရှိရန်နှင့် အေးချမ်းသာယာဝပြောစွာ နေထိုင်နိုင်ကြရန်အတွက် စည်းလုံးညီညွတ်ကြပြီး အဖျက်အမှောင့် လုပ်ရပ်များကို တိုင်းရင်းသားပြည်သူအားလုံးက လက်တွဲဆန့်ကျင်တိုက်ဖျက်သွားကြရန် တိုက်တွန်းမှာကြားလို။**

အောင်ဖျက်ဆီးနေခြင်းပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားပြည်သူများ၏ လူ့အခွင့်အရေးများကို လက်နက်ကိုင် အကြမ်းဖက်သည့် နည်းလမ်းများဖြင့် ချိုးဖောက်နေကြခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများ တန်းတူအခွင့်အရေးရရှိရန်နှင့် အေးချမ်းသာယာဝပြောစွာ နေထိုင်နိုင်ကြရန်အတွက် စည်းလုံးညီညွတ်ကြပြီး အဖျက်အမှောင့်လုပ်ရပ်များကို တိုင်းရင်းသားပြည်သူအားလုံးက လက်တွဲဆန့်ကျင်တိုက်ဖျက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

၂၀၂၄ ခုနှစ်၊ (၇၆) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အတွက် ကုလသမဂ္ဂ၏ဆောင်ပုဒ်မှာ "Our Rights, Our Future, Right Now." "တို့အခွင့်အရေး၊ တို့အနာဂတ်၊ ယခုကစလို့ ဆောင်ကြဉ်းအပ်" ဖြစ်ကြောင်း၊ လူ့အခွင့်အရေးများကို စည်းကမ်းစနစ်နှင့်အညီ လိုက်နာကျင့်သုံးကြခြင်းဖြင့် ပိုမိုကောင်းမွန်သည့် အနာဂတ်ကို ဖန်တီးတည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ ယနေ့ခေတ်ကမ္ဘာကြီးတွင် မငြိမ်သက်မှုနှင့် ပဋိပက္ခများ အပါအဝင် အခက်အခဲပေါင်းများစွာနှင့် ရင်ဆိုင်နေကြရကြောင်း၊ ယင်းအခက်အခဲများကို ကျော်လွှားလွန်မြောက်ရန်နှင့် ငြိမ်းချမ်းသာယာဝပြောပြီး တရားဥပဒေစိုးမိုးသည့် လောကတည်ဆောက်ရန်အတွက် စည်းကမ်းစနစ်ကျနမှုရှိသည့် လူ့အခွင့်အရေး လိုက်နာဆောင်ရွက်မှုများက ပံ့ပိုးဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ တန်းတူညီမျှမှု မရှိသည့်၊ ခွဲခြားဆက်ဆံသည့် စနစ်ပုံစံများသည် လူ့အခွင့်အရေးစံများနှင့် ဆန့်ကျင်ဘက်ဖြစ်ကြောင်း။

တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးရေးကို ထိပါးပျက်ပြားစေသည့် အမုန်းစကားများ၊ သတင်းမှားများ၊ လုပ်ကြံသတင်းများကို တန်ပြန်ဖယ်ရှားပြီး မျှတမှန်ကန်မှုရှိသည့်၊ စည်းစနစ်ကျသည့် အခွင့်အရေးများကို ဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဖော်ဆောင်မှသာလျှင် လူ့အခွင့်အရေးဆိုသည်မှာ ငြိမ်းချမ်းပြီး တန်းတူညီမျှသည့် ကမ္ဘာကြီးအတွက် အခြေခံကျသည့် ခွန်အားအဖြစ် ရောက်ရှိလာမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်လာရေးအတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်ပါအတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းသာယာမှုနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး လူ့အခွင့်အရေး စံနှုန်းမြင့်မားသည့်နိုင်ငံဖြစ်လာရေးအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ ကတိသစ္စာပြုခြင်း အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၁၀ - ၁၂ - ၂၀၂၄ )






မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ ကတိသစ္စာပြုခြင်း အခမ်းအနားကို ဒီဇင်ဘာလ ၁၀ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သဘင်ဆောင်၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ကြသည်။

**ကတိသစ္စာပြု**

ဦးစွာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် သတင်းမီဒီယာကဏ္ဍကို နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်အဖြစ် အလေးအနက်ထားကြောင်းကို ဦးစွာပြောကြားလိုကြောင်း၊ ထို့ကြောင့် သတင်းမီဒီယာကောင်စီ၏ အခန်းကဏ္ဍကို အလေးထားသကဲ့သို့ သတင်းမီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရန်အတွက် အမြဲတမ်း စိတ်အားထက်ထက်သန်သန် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိမိတို့နိုင်ငံသည် ဒီမိုကရေစီနိုင်ငံရေးစနစ်ကို မှန်မှန်ကန်ကန် စနစ်တကျကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုအဖြစ် တည်ဆောက်ရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီ လူ့အဖွဲ့အစည်းတစ်ရပ်တွင် ဥပဒေအရ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုနိုင်ခွင့်များ ရှိရမည်ဖြစ်သကဲ့သို့ ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ်နှင့် ဖွံ့ဖြိုးတိုးတက်မှုများသည်လည်း မရှိမဖြစ်လိုအပ်ကြောင်း၊ ယင်းလိုအပ်ချက်များကို လိုက်လျောညီထွေရှိရှိ ဟန်ချက်ညီညီ မျှမျှတတ ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် နိုင်ငံသား

တိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့်မဆန့်ကျင်ပါက မိမိတို့၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ထို့ကြောင့် လွတ်လပ်ခွင့်သည် အတိုင်းအတာနှင့်ဖြစ်ကြောင်း၊ သူတစ်ပါးကိုဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုကိုဖြစ်စေ၊ နိုင်ငံတော်ကိုဖြစ်စေ တည်ဆဲဥပဒေများနှင့်အညီ မဟုတ်ဘဲ လွတ်လပ်ခွင့်နှင့် အခွင့်အရေးကိုပါ ထိပါးပုတ်ခတ်ရေးသားဖော်ပြခြင်းမျိုးမဖြစ်ရန်လိုကြောင်း၊ လွတ်လပ်ခွင့်နှင့် အခွင့်အရေးရှိသကဲ့သို့ တစ်ဖက်ကလည်း လိုက်နာရမည့် တာဝန်၊

> **မီဒီယာသမားများမှတစ်ဆင့်**
> **ပြည်သူများ၏ သဘောထားခံစားချက်များ၊**
> **နစ်နာချက်များကိုပစ်ပယ်ပြီး ၎င်းတို့**
> **လိုလားသည့် ပုံစံများအတိုင်း ပုံဖော်**
> **သွတ်သွင်း ထုတ်လွှင့်ဖော်ပြနေကြသည်ကို**
> **တွေ့မြင်ရမည်ဖြစ်၊ အဆိုးရွားဆုံးမှာ**
> **ဖွံ့ဖြိုးဆဲနိုင်ငံငယ်လေးများကို**
> **မတည်မငြိမ်ဖြစ်အောင်၊ ပဋိပက္ခများ**
> **ကြီးထွားလာအောင်၊ ဆူပူအုံကြွပြီး**
> **တိုင်းပြည်ပြိုကွဲပျက်စီးအောင် ရည်ရွယ်ချက်**
> **အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့်**
> **ပြုလုပ်နေကြခြင်းပင်ဖြစ်၊**
> **နိုင်ငံ့အရေး၊ ပြည်သူ့အရေးကိစ္စများတွင်**
> **မိမိအကျိုးစီးပွားအပါအဝင် မိမိယူဆချက်၊**
> **မိမိသဘောထားကို ရှေ့တန်းမတင်ဘဲ**
> **“အတ္တနောမတိ”ကင်းကင်းဖြင့်**
> **အရာရာကို ရေးသားရှုမြင်**
> **ဆင်ခြင်ပေးကြရန် တိုက်တွန်းလို။**

ဝတ္တရား၊ ကျင့်ဝတ်များကို လိုက်နာကြခြင်းဖြင့် မျှမျှတတ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

ထိုသို့ ဖြစ်ထွန်းလာရန် သတင်းမီဒီယာ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးသည်ဟုပြောကြားလိုကြောင်း၊ ယနေ့အချိန်တွင် နိုင်ငံရေး၊ စီးပွားရေးအင်အားကြီးသည့် အုပ်စုများသည် ဒီမိုကရေစီအသွင် ကူးပြောင်းစ ဖွံ့ဖြိုးဆဲနိုင်ငံများကို ဝင်ရောက်စိုးမိုးခြယ်လှယ်နိုင်ရန်အတွက် မီဒီယာသမားများကို လက်ကိုင်တုတ်အဖြစ် မွေးမြူလာကြသည့်နည်းကို အသုံးပြုနေကြသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ ယင်းမီဒီယာသမားများမှတစ်ဆင့် ပြည်သူများ၏ သဘောထားခံစားချက်များ၊ နစ်နာချက်များကို ပစ်ပယ်ပြီး ၎င်းတို့လိုလားသည့် ပုံစံများအတိုင်း ပုံဖော်သွတ်သွင်း ထုတ်လွှင့်ဖော်ပြနေကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ အဆိုးရွားဆုံးမှာ ဖွံ့ဖြိုးဆဲနိုင်ငံငယ်လေးများကို မတည်မငြိမ်ဖြစ်အောင်၊ ပဋိပက္ခများကြီးထွားလာအောင်၊ ဆူပူအုံကြွပြီး တိုင်းပြည်ပြိုကွဲပျက်စီးအောင် ရည်ရွယ်ချက်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ပြုလုပ်နေကြခြင်းပင်ဖြစ်ကြောင်း။

အထူးသဖြင့် ဒီမိုကရေစီ၏ သဘောတရားများအနက် လူတိုင်းနားလည်လက်ခံထားကြသည့် သဘောတရားတစ်ခုမှာ **“မတူကွဲပြားမှုကို လက်ခံနိုင်ခြင်း”** ပင်ဖြစ်ကြောင်း၊ မိမိနှင့်အမြင်မတူ၊ အတွေးမတူ၊ အလုပ်မတူခြင်းများကို နားလည်လက်ခံပြီး အပြန်အလှန် ရပ်တည်နိုင်ခွင့်ကို လေးစားအသိအမှတ်ပြုသည့် ယဉ်ကျေးမှုတစ်ရပ်ကို မီဒီယာသမားတိုင်း လက်ခံကျင့်သုံးရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလတစ်လျှောက်နှင့် လွတ်လပ်ရေးရပြီး ကာလတစ်လျှောက်တို့တွင် ခေတ်အမျိုးမျိုး ဖြတ်သန်းခဲ့ရပြီး အမျိုးမျိုးသောဖိအားများကြောင့် ပြည်သူလူထုအတွင်း အသိပညာ၊ အတန်းပညာ၊ အတတ်ပညာ ကွာဟမှုများရှိနေကြောင်း၊ ယနေ့အချိန်တွင် နိုင်ငံတော်၏ လိုအပ်ချက်အရ တပ်မတော်သည် နိုင်ငံ့တာဝန်အရပ်ရပ်ကို ထမ်းဆောင်နေရချိန်လည်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နေချိန်တွင် ကျင့်ဝတ်သိက္ခာမဲ့သည့် ပြည်ပသြဇာခံ မီဒီယာသမားများသည် ခေတ်အမျိုးမျိုးက ဖြတ်သန်းလာခဲ့ရသည့် ပြည်သူလူထုကို သတင်းတု၊ သတင်းမှားများ၊ အမုန်းစကားများနှင့် မှိုင်း

တိုက်ပြီး အတွေးအမြင်များ မှားလာအောင်၊ အယူအဆများ လွဲလာအောင် လုပ်ဆောင်နေကြကြောင်း။

ယင်းနှင့်ပတ်သက်၍ ပြောလိုသည်မှာ သတင်းမီဒီယာ သမားများသည် လူသားများပင်ဖြစ်သည့်အတွက် လူ့သဘာဝအတိုင်း အကြိုက်မတူခြင်း၊ ပုဂ္ဂလဓိဋ္ဌာန်အစွဲများ ရှိနေတတ်ခြင်းကို မိမိတို့အနေဖြင့် နားလည်လက်ခံကြောင်း၊ သို့သော်လည်း နိုင်ငံ့အရေး၊ ပြည်သူ့အရေးကိစ္စများတွင် မိမိအကျိုးစီးပွားအပါအဝင် မိမိယူဆချက်၊ မိမိသဘောထားကို ရှေ့တန်းမတင်ဘဲ"အတ္တနောမတိ"ကင်းကင်းဖြင့် အရာရာကို ရေးသားရှုမြင်ဆင်ခြင်ပေးကြရန် တိုက်တွန်းလိုကြောင်း။

ထို့ပြင် "အစွဲ" တစ်ခုကို လက်ကိုင်ပြုပြီး ဓမ္မဓိဋ္ဌာန်ကျကျမရှုမြင်ဘဲ မိမိထင်ရာမြင်ရာ ယုံကြည်ရာကိုသာ ဇောင်းပေးပြောဆိုခြင်းများ၊ အခြားတစ်ဖက်၏ မတူကွဲပြားသည့် အတွေးအမြင်များ၊ ယုံကြည်မှုများကို မျက်ကွယ်ပြုပြီး အမုန်းစကား အခြေခံများဖြင့်သာ ထုတ်လွှင့်ဖော်ပြနေမည်ဆိုပါက ဖြောင့်မတ်တည်ကြည်မှုကင်းမဲ့သည့် သတင်းမီဒီယာသမားများအဖြစ် မှတ်ယူခံရနိုင်သည်ကို သတိပြုပေးကြရန် အသိပေးပြောကြားလိုကြောင်း။

သတင်းမီဒီယာဥပဒေတွင်ပါသည့် သတင်းမီဒီယာကောင်စီ၏ အဓိကလုပ်ငန်းတာဝန်များကို ပြန်ကြည့်ပါက သတင်းမီဒီယာကို စောင့်ကြည့်ခြင်းနှင့် အရည်အသွေးမြှင့်တင်ပေးရန်၊ သတင်းမီဒီယာလုပ်ငန်းသုံး ပစ္စည်းများကို ပြည်ပမှ တင်သွင်းရာတွင် အဆင်ပြေချောမွေ့အောင် သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းပေးရန်၊ သတင်းမီဒီယာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများစီစဉ်ကျင်းပပေးရန်၊ သတင်းဆိုင်ရာ ထူးချွန်သူများကို ဆုချီးမြှင့်ရေးအတွက် စာနယ်ဇင်းအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်၊ သတင်းမီဒီယာလုပ်ငန်း တိုးတက်ရေးအတွက် စီမံချက်များရေးသားဆောင်ရွက်ရန် စသည့်အချက်များကို တွေ့ကြရမည်ဖြစ်ကြောင်း။

ယင်းတာဝန်များကိုပြီးခဲ့သည့်သတင်းမီဒီယာကောင်စီအနေဖြင့် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ခဲ့သည်ကို တွေ့ရသည့်အတွက် ဝမ်းသာဂုဏ်ယူကြောင်း၊ အလားတူယခုသတင်းမီဒီယာကောင်စီအနေဖြင့် အောင်မြင်စွာ ထမ်းဆောင်နိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ကြောင်း၊ အောင်မြင်အောင် ထမ်းဆောင်ကြရန်လည်း တိုက်တွန်းလိုကြောင်း၊ မိမိအနေဖြင့် ပြောကြားလိုသည်မှာ စာပေပညာရှင်ကြီးများကို ဂုဏ်ပြုပြီး စာပေပညာရှင်ကြီးများ၏ စာပေလက်ရာမွန်များ၊ ၎င်းတို့၏ အတ္ထုပ္ပတ္တိနှင့် ဖန်တီးရေးဖွဲ့ခဲ့သည့် အနုပညာပစ္စည်းများကို ခမ်းခမ်းနားနား ထုတ်ဖော်ပြသရန်နှင့် စာပေဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် "စာဆိုဗိမာန်"ကြီးတစ်ခုကို စတင်ဆောက်လုပ်နေပြီဖြစ်ကြောင်း။

သတင်းစာဆရာဟု ဆိုပါက မိမိတို့၏ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုလည်း သတင်းစာဆရာတစ်ဦးဟု ဆိုရမည်ဖြစ်ကြောင်း၊ အိုးဝေမဂ္ဂဇင်း အယ်ဒီတာဘဝနှင့် နယ်ချဲ့အင်္ဂလိပ်ကို ဆန့်ကျင်ရန် တစ်မျိုးသားလုံးကို အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အလားတူ နိုင်ငံလွတ်လပ်ရေး

စတုတ္ထမဏ္ဍိုင်ဟု အမည်ခံထားကြသည့်
သတင်းမီဒီယာသမားများအနေဖြင့်
အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးကို
သမာသမတ်ကျကျ၊ မျှမျှတတရေးသား
ဖော်ပြထုတ်လွှင့်ပေးကြရန်၊
မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်း၏
အသုံးချခံ လက်ကိုင်တုတ်မျှ အဖြစ်မခံဘဲ
နှောင်ကြိုးမဲ့စွာ ဆောင်ရွက်ပေးကြရန်၊
ကျင့်ဝတ်သိက္ခာစောင့်ထိန်းပြီး နိုင်ငံနှင့်
ပြည်သူအကျိုးကို ဦးထိပ်ထားပေးကြရန်၊
လွတ်လွတ်လပ်လပ် အမှီအခိုကင်းကင်း
အရောင်အသွေးကင်းကင်းဖြင့်
သတင်းမီဒီယာ လောကအကျိုး သယ်ပိုး
ပေးကြရန်၊ တိုင်းပြည်မငြိမ်သက်အောင်၊
ဆူပူအုံကြွအောင် သွေးထိုးမှုံးတိုက်ထုတ်
လွှင့်နေမှုများကိုလည်း ဝိုင်းဝန်းဆန့်ကျင်
တားမြစ်ပေးကြရန်လိုအပ်။

ကြိုးပမ်းစဉ်ကာလနှင့် နောက်ပိုင်းတွင် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေရန် အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ မြင့်တင်ပေးနိုင်ရန် စာပေနှင့် အားထုတ်ခဲ့ကြသည့် စာပေပညာရှင်ကြီးများလည်း များစွာရှိပါကြောင်း၊ ထို့ကြောင့် ခေတ်အဆက်ဆက် တိုင်းကျိုးပြည်ကျိုးထမ်းဆောင်ခဲ့ကြသည့် သတင်းစာဆရာကြီးများအားလုံးကို မိမိအနေဖြင့် လေးစားဂုဏ်ပြုပါကြောင်း။

မြန်မာနိုင်ငံ စာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးများတွင် သက်ကြီးစာပေပညာရှင်ကြီးများ၊ သက်ကြီးအနုပညာရှင်ကြီးများကို အခါအားလျော်စွာ ထောက်ပံ့ကူညီမှုများ လုပ်ပေးနေသည်ကို တွေ့မြင်နေရကြောင်း၊ ၎င်းတို့ကဲ့သို့ပင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် သက်ကြီးအငြိမ်းစား သတင်းစာဆရာကြီးများအတွက် လိုအပ်သည့် ထောက်ပံ့ကူညီမှုများ ပြုပေးနိုင်ရန်နှင့် ၎င်းတို့၏ အတွေ့အကြုံဗဟုသုတ၊ အတွေးအမြင်များကို နိုင်ငံတော်နှင့် မျိုးဆက်သစ် သတင်းသမားများအား လက်ဆင့်ကမ်း ဆောင်ရွက်ပေးနိုင်ရန်လည်း နည်းလမ်းရှာဖွေဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

စာနယ်ဇင်းပညာဆိုသည်မှာ ခက်ဖြာစီးဆင်းနေသည့် မြစ်ကြီးတစ်စင်းနှင့်တူသည်ဟု တင်စားပြောဆိုကြကြောင်း၊ စာပေကို အခြေခံသည့် အနုပညာဖန်တီးမှုများ၊ လူသားများ၏ ဘဝနေထိုင်မှုနှင့် လူမှုစီးပွားဖြစ်ထွန်းမှုများ၊ လူ့အဖွဲ့အစည်း၏ စုဖွဲ့ဖြစ်တည်ပုံများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု သမိုင်းကြောင်းများစသည့် မြစ်လက်တက်များနှင့် ပေါင်းစုံစီးဝင်နေသကဲ့သို့ ဖြန့်ခွဲစီးဆင်းနေခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် စာနယ်ဇင်းသမား (သို့မဟုတ်) သတင်းမီဒီယာသမားတိုင်းသည် လောကကိုကောင်းကျိုးပြုပြီး လောကအကျိုး သယ်ပိုးကြရမည်ဖြစ်ကြောင်း၊ လူ့အဖွဲ့အစည်းအားလုံး၏ လူမှုဘဝများကို ဘက်မလိုက်ဘဲ ထင်ဟပ်ပြရမည်ဖြစ်ကြောင်း၊ မိမိလူမျိုး၊ မိမိနိုင်ငံ၏ယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင်လည်း ထိန်းသိမ်းပေးကြရမည် ဖြစ်ကြောင်း။

သတင်းမီဒီယာအလုပ်ဆိုသည်မှာ ကျယ်ပြန့်သည့်သဘောရှိသည့်အတွက် ပုံစံတကျ ဘောင်ခတ်သတ်မှတ်ရန် မဖြစ်နိုင်သော်လည်း သတင်းမီဒီယာ ရေစီးကြောင်းတွင် ပါဝင်စီးမျောနေကြသူများ၏ အသိဉာဏ်ပညာများ၊ ဆင်ခြင်တုံတရားများဖြင့်သာ ထိန်းကျောင်းပဲ့ပြင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ဒီမိုကရေစီကူးပြောင်းကာစ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ အင်အားကြီး နိုင်ငံအချို့က လူ့အခွင့်အရေးများ၊ ဒီမိုကရေစီစံနှုန်းများနှင့် မိမိတို့နိုင်ငံကို အပြစ်ရှာပြောဆိုပြီး ၎င်းတို့လိုချင်သည့် ပုံစံပေါ်အောင် သွတ်သွင်းပုံဖော်ရန်ကြိုးပမ်းနေကြကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံနှင့် မကိုက်ညီသည့် ဒီမိုကရေစီစံနှုန်းများအပေါ် ရာနှုန်းပြည့်အခြေမပြုဘဲ နိုင်ငံ၏ ပကတိအခြေအနေနှင့် လူမှုစီးပွားဖြစ်ထွန်းမှုများ၊ သမိုင်းကြောင်းတစ်လျှောက် တွေ့ကြုံခဲ့ရသည့် သမိုင်းပေးတာဝန် သင်ခန်းစာများ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သာ အခြေခံစဉ်းစားပြီး မိမိတို့၏ ပန်းတိုင်ကို ရဲရဲဝံ့ဝံ့ဆက်လက်ချီတက်နေခြင်းဖြစ်ကြောင်း။

ယင်းအခြေအနေတွင် စတုတ္ထမဏ္ဍိုင်ဟု အမည်ခံထားကြသည့် သတင်းမီဒီယာသမားများအနေဖြင့် အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးကို သမာသမတ်ကျကျ၊ မျှမျှတတရေးသား ဖော်ပြထုတ်လွှင့်ပေးကြရန်၊ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်း၏ အသုံးချခံ လက်ကိုင်တုတ်မျှ အဖြစ်မခံဘဲ နှောင်ကြိုးမဲ့စွာ ဆောင်ရွက်ပေးကြရန်၊ ကျင့်ဝတ်သိက္ခာစောင့်ထိန်းပြီး နိုင်ငံနှင့် ပြည်သူအကျိုးကို ဦးထိပ်ထားပေးကြရန်၊ လွတ်လွတ်လပ်လပ် အမှီအခိုကင်းကင်း အရောင်အသွေးကင်းကင်းဖြင့် သတင်းမီဒီယာလောကအကျိုး သယ်ပိုးပေးကြရန်၊ တိုင်းပြည်မငြိမ်သက်အောင်၊ ဆူပူအုံကြွအောင် သွေးထိုးမှိုင်းတိုက်ထုတ်လွှင့်နေမှုများကိုလည်း ဝိုင်းဝန်းဆန့်ကျင်တားမြစ်ပေးကြရန် လိုအပ်သည်ကို တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

# တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၁၂ - ၁၂ - ၂၀၂၄ )





တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ဒီဇင်ဘာလ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့၊ တပ်မတော်နည်းပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သီရိပျံချီ စည်သူမောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဧေယျကျော်ထင် ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။ ထို့နောက် ဗိုလ်လောင်းတပ်ခွဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၆)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၈၃၉၀၊ ဗိုလ်လောင်းဖြိုးကိုကို၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၈၄၃၄၊ ဗိုလ်လောင်း

သန်းထိုက်အောင်နှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်း အမှတ် ၈၄၅၃၊ ဗိုလ်လောင်း အောင်ဖြိုးခိုင်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် အင်ဂျင်နီယာ တပ်ဖွဲ့သည် တပ်မတော်၏အားထားရသည့်လက်ရုံးဝန်ထမ်း တပ်ဖွဲ့တစ်ခုအဖြစ် ခေတ်အဆက်ဆက် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ရင်း/တပ်ဖွဲ့များအတွက် အင်ဂျင်နီယာပိုင်း ဆိုင်ရာကဏ္ဍများမှာ စွမ်းစွမ်းတမံ လုပ်ဆောင်ပေးခဲ့ သကဲ့သို့ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် လည်း တပ်မတော်သားအင်ဂျင်နီယာပညာရှင်များက ကျရာအခန်းကဏ္ဍများတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင် ခဲ့ကြကြောင်း။

**အရည်အချင်းရှိသော အင်ဂျင်နီယာ အရာရှိများ မွေးထုတ်ပေးရန်အတွက် အရည်အသွေးအာမခံမှုရှိရမည်ဖြစ်သဖြင့် အင်ဂျင်နီယာပညာရေးတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် အရည်အသွေး စိစစ်အသိအမှတ်ပြုမှု (Accreditation) စဉ်ဆက်မပြတ်ရရှိရေး မျက်ခြည်မပြတ် ဆောင်ရွက်ပေးလျက်ရှိ၊ Engineering Philosophy ဆိုသည်မှာ အင်ဂျင်နီယာ နည်းပညာဖြင့်သော်လည်းကောင်း၊ အင်ဂျင်နီယာများမှသော်လည်းကောင်း၊ လူ့အဖွဲ့အစည်းတစ်ရပ်အတွက် ၎င်းတို့၏ ပညာရပ်များကို မည်ကဲ့သို့အကျိုးရှိရှိ အသုံးပြုရမည်ဟူသည့် စည်းမျဉ်းကို ရည်မှန်း၍ ရေးဆွဲသတ်မှတ်ထားသည့် အယူအဆတစ်ရပ်ပင်ဖြစ်။**

သင်ယူခဲ့သည့် အထူးပြုဘာသာရပ်များအပေါ် မူတည်ပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ရုံးတပ်ဖွဲ့ အသီးသီးတွင် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သော်လည်း တပ်မတော်နည်းပညာတက္ကသိုလ်မှ သင်ပေးလိုက်သည့် အခြေခံအင်ဂျင်နီယာပညာရပ်များသည် တူညီမှုရှိသည့် အတွက် လက်ရုံးဝန်ထမ်းတပ်ဖွဲ့အချင်းချင်း ညှိနှိုင်း ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် အင်ဂျင်နီယာအရာရှိကောင်းများအဖြစ် ပြည်သူ လူထုက ယုံကြည်အားကိုးလာစေရန် အခြေခံကျင့်ဝတ်၊ စည်းမျဉ်းများကို လိုက်နာသွားကြရမည်ဖြစ်ကြောင်း။

**မျက်ခြည်မပြတ် ဆောင်ရွက်ပေးလျက်ရှိ**

အရည်အချင်းရှိသော အင်ဂျင်နီယာအရာရှိများ မွေး ထုတ်ပေးရန်အတွက် အရည်အသွေးအာမခံမှုရှိရမည် ဖြစ်သဖြင့် အင်ဂျင်နီယာပညာရေးတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် အရည်အသွေးစိစစ် အသိ အမှတ်ပြုမှု (Accreditation) စဉ်ဆက်မပြတ်ရရှိရေး မျက်ခြည်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အင်ဂျင်နီယာအဖွဲ့အစည်းများက သတ်မှတ်ပေးထား သော ကောင်းမွန်သည့်စံနှုန်းများ၊ Guideline များနှင့်အညီ အရည်အသွေးအာမခံမှု (Quality Assurance) ရှိသည့် လူ့စွမ်းအားအရင်းအမြစ်များကို စဉ်ဆက်မပြတ် မွေးထုတ် ပေးနိုင်မှသာ တပ်မတော်၏ အင်ဂျင်နီယာစွမ်းပကား သည် နိုင်ငံတော်ကို အကျိုးရှိစေမည်ဖြစ်ကြောင်း။

အင်ဂျင်နီယာကောင်းတစ်ယောက်သည် အင်ဂျင်နီယာ ပညာဒဿန (Engineering Philosophy) ရှိရန်လိုအပ် ကြောင်း၊ Engineering Philosophy ဆိုသည်မှာ အင်ဂျင်နီယာ နည်းပညာဖြင့်သော်လည်းကောင်း၊ အင်ဂျင် နီယာများမှသော်လည်းကောင်း၊ လူ့အဖွဲ့အစည်းတစ်ရပ် အတွက် ၎င်းတို့၏ ပညာရပ်များကို မည်ကဲ့သို့အကျိုးရှိရှိ အသုံးပြုရမည်ဟူသည့် စည်းမျဉ်းကိုရည်မှန်း၍ ရေးဆွဲ သတ်မှတ်ထားသည့် အယူအဆတစ်ရပ်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဆောင်ရွက်ရမည့်လုပ်ငန်းများကို အင်ဂျင်နီယာရှုထောင့်မှ မည်ကဲ့သို့ ကောင်းမွန်အောင် ဆောင်ရွက်မည်ကို စဉ်းစားတွေးခေါ်ဆောင်ရွက်ရန် လိုအပ်ပြီး Engineering Philosophy ရှိရန်အတွက် ပညာရပ်နှင့်သက်ဆိုင်သည်များကို အမြဲမပြတ် လေ့လာ သင်ယူနေကြရမည်ဖြစ်ကြောင်း။

## နည်းပညာ၏ အခန်းကဏ္ဍ အလွန်အရေးပါ

ခေတ်သစ်စစ်ပွဲများကို လေ့လာကြည့်ရင် အဆင့်မြင့်နည်းပညာများကိုအသုံးပြုပြီး အီလက်ထရွန်နစ် စစ်ဆင်ရေးနှင့်သတင်းအချက်အလက်စစ်ဆင်ရေးများကိုထိရောက်စွာ ပုံဖော်တိုက်ခိုက်နေကြသည်ကိုတွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မျက်မှောက်ခေတ်စစ်ပွဲများတွင် စစ်ဘက်ခေါင်းဆောင်များအနေဖြင့် အင်အားသာလွန်မှုထက် နည်းပညာသာလွန်မှုကို အထူးအလေးပေးဆောင်ရွက်လာကြပြီး ကာကွယ်ရေးဆိုင်ရာ မူဝါဒချမှတ်ရာတွင်လည်း နည်းပညာ၏ အခန်းကဏ္ဍသည် အလွန်အရေးပါသည့် အနေအထားကို ရောက်ရှိလာပြီဆိုသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ထိုသို့ ပြောင်းလဲတိုးတက်နေသည့် စစ်မှုသိပ္ပံနှင့် နည်းပညာရပ်များကို သိရှိနားလည် အမီလိုက်နိုင်ရန်အတွက် မိမိတို့စဉ်ဆက်မပြတ် လေ့လာသုတေသနပြုမှုများ၊ ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်ဆောင်ရွက်မှုများ လုပ်ဆောင်သွားကြရမည်ဖြစ်ပြီး မိမိတို့တာဝန်ကျသည့် စစ်မြေပြင်နှင့် လုပ်ငန်းနယ်ပယ်များတွင် လက်တွေ့ကျကျ အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်အောင် ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

ယနေ့ခေတ် စစ်ဘက်ဆိုင်ရာ သိပ္ပံနှင့် နည်းပညာနယ်ပယ်တွင် ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence – AI) ကို ပိုမိုအသုံးပြုလာကြသဖြင့် ဉာဏ်ရည်တုနည်းပညာနှင့်ပတ်သက်၍ လေ့လာသုတေသနပြုမှုနှင့် စမ်းသပ်တီထွင်ထုတ်လုပ်မှုများကိုလည်း အစဉ်တစိုက် ကြိုးပမ်းလုပ်ဆောင်သွားရန်လိုအပ်ကြောင်း၊ ထို့အပြင် မျက်မှောက်ခေတ်စစ်မြေပြင်သည်သတင်းအချက်အလက်နည်းပညာ (Information Technology)ကို အခြေခံပြီး Digitalized Battle Field အသွင်ဆောင်လာနေခြင်းကြောင့် သတင်းအချက်အလက် နည်းပညာများကို ခေတ်နှင့်အညီ စဉ်ဆက်မပြတ်လေ့လာဆည်းပူးသွားရန် မှာကြားလိုကြောင်း၊ သင်ကြားပေးလိုက်သည့်စစ်အတတ်ပညာများကိုကျွမ်းကျင်ပိုင်နိုင်စွာအသုံးချပြီး တိုက်ပွဲဝင်အသင့်(Fit For Fight) ဖြစ်သည့် အင်ဂျင်နီယာအရာရှိကောင်းများဖြစ်အောင် ကြိုးပမ်းသွားကြရန်လည်းမှာကြားလိုကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်အတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်မဆိုင်းဘဲ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာတွင် စစ်အင်ဂျင်နီယာတပ်ဖွဲ့အနေဖြင့် သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အင်ဂျင်နီယာပိုင်းဆိုင်ရာနည်းပညာများ၊ အတတ်ပညာများ၊ စက်၊ ယာဉ်၊ ယန္တရားများနှင့် အင်တိုက်အားတိုက် ပါဝင်ကူညီလျက်ရှိကြောင်း။

သဘာဝဘေးအန္တရာယ်သတင်းများကို သိလျှင်သိခြင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အမိန့်တစ်စုံတစ်ရာစောင့်ဆိုင်းခြင်းမပြုဘဲ အလျင်အမြန် သွားရောက်ကူညီဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း လူအင်အား၊ စက်ယန္တရားအင်အားအစွမ်းကုန်သုံးပြီး သဘာဝဘေးသင့်ဒေသများ မူလအခြေအနေ အမြန်ဆုံးပြန်လည်ရောက်ရှိအောင် လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

ထိုသို့ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တာဝန်သိသိဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနေခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ပေးခြင်းဖြစ်သဖြင့် တစ်နည်းအားဖြင့် အင်ဂျင်နီယာစွမ်းပကားဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းပင်ဖြစ်သည်ကို သိရှိနားလည်ထားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အနာဂတ်ကာလများတွင် ရင်ဆိုင်ကြုံတွေ့ရနိုင်သည့် လူသားချင်းစာနာထောက်ကူမှုနှင့် သဘာဝဘေးဒုက္ခကယ်ဆယ်ရေး (Humanitarian Assistance and Disaster Relief – HADR) လုပ်ငန်းစဉ်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကျရာအခန်းကဏ္ဍတွင် ကြိုးပမ်းလုပ်ဆောင်သွားကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုကြောင်း။

## မှန်မှန်ကန်ကန်ဖြင့် ဦးဆောင်ပြီး စီမံခန့်ခွဲ

တပ်မတော်တွင် ခေါင်းဆောင်မှု ပညာရပ်သည် အလွန်အရေးကြီးပြီး အမိန့်နာခံတတ်မှု၊ စစ်စည်းကမ်းကောင်းမွန်မှုတို့ပြည့်စုံသည့် နောက်လိုက်ကောင်းဖြစ်မှသာ အရည်အချင်းပြည့်ဝသည့် ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်လာမည်ဖြစ်ကြောင်း၊ စစ်ဘက်ခေါင်းဆောင်တစ်ဦးအနေဖြင့် စစ်ပညာနှင့်ပတ်သက်ပြီး ပြည့်စုံပြီးမြောက်အောင် ဖြည့်ဆည်းရန်အတွက် ပြောင်းလဲတိုးတက်နေသည့် စစ်နည်းဗျူဟာနှင့် အဆင့်မြင့် နည်းပညာများကို နိုင်ငံတကာနဲ့

ရင်ပေါင်တန်းနိုင်ရန် စဉ်ဆက်မပြတ် လေ့လာသုတေသနပြု တီထွင်နေရန်လိုအပ်ကြောင်း၊ ခေါင်းဆောင်ဆိုသည်မှာ မွေးရာပါ ပင်ကိုဗီဇဟု ယခင်ကသတ်မှတ်ကြသော်လည်း ယခုအခါတွင် ခေါင်းဆောင်မှုအရည်အချင်းသည် လေ့ကျင့်ယူနိုင်သည့် အရည်အသွေးအဖြစ် သတ်မှတ်လာကြပြီဖြစ်ကြောင်း၊ စစ်ဘက်ခေါင်းဆောင်များအနေဖြင့် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝနေရန်လိုအပ်ပြီး မိမိဦးဆောင်သည့် အဖွဲ့အစည်း၏ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် သက်သာချောင်ချိမှု၊ အုပ်ချုပ်မှုကိစ္စမှန်သမျှကို မှန်မှန်ကန်ကန်ဖြင့် ဦးဆောင်ပြီး စီမံခန့်ခွဲသွားကြရန် အလေးထားမှာကြားလိုကြောင်း။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေး တာဝန်၊ လေ့ကျင့်ရေးတာဝန်၊ ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်ရန်အတွက် စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ဆိုသည့် စွမ်းရည်သုံးရပ် အစဉ်ထက်မြက်နေရန်လိုကြောင်း၊ စွမ်းရည်သုံးရပ်နှင့် ပြည့်စုံနေမှသာ ပေးအပ်လာသည့် အမိန့်နှင့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ကြမည်ဖြစ်ကြောင်း။

စစ်ရေးစွမ်းရည် ထက်မြက်စေရန်အတွက် စွမ်းရည်ရှိသည့် ကာကွယ်ရေးနှင့် စွမ်းအားရှိသည့် ကာကွယ်ရေး နှစ်မျိုးလုံး ပြည့်စုံနေရမည်ဖြစ်ပြီး စွမ်းရည်ရှိဖို့အတွက် တစ်ဦးချင်း၏ လေ့ကျင့်မှုများကို အမြဲမပြတ်ဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ စွမ်းအားရှိရန်အတွက် လက်နက်၊ ယန္တရားများ၊ စက်ကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများအားလုံး စွမ်းအားရှိသည့် ပစ္စည်းများဖြစ်ရန်လိုအပ်ကြောင်း။

အုပ်ချုပ်မှုစွမ်းရည် ကောင်းမွန်စေရန်အတွက်လည်း စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်နှံ့စပ်ပိုင်နိုင်အောင် လေ့လာသွားကြရန် လိုအပ်ကြောင်း၊ မိမိတာဝန်ယူထားသည့် တပ်ဖွဲ့များကို အုပ်ချုပ်မှု ညီညွတ်မျှတစေရန်နှင့် သက်သာချောင်ချိရေးကိုလည်း အလေးထားဆောင်ရွက်ပေးရန်လိုကြောင်း၊ စည်းရုံးရေး စွမ်းရည်ကောင်းမွန်စေရန်အတွက် တပ်တွင်း စည်းလုံးညီညွတ်မှုရှိအောင် မိမိတာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့ရှိ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုဝင်များကို တစည်းတလုံးတည်းဖြစ်အောင် ဆောင်ရွက်သွားရန်လိုကြောင်း။

အရည်အသွေးရှိသည့် အင်ဂျင်နီယာ ပညာရေးစနစ်ဖြင့် သင်ကြားလေ့ကျင့်ခဲ့မှုများကို အခြေခံပြီး မိမိတို့ဘဝတစ်လျှောက်လုံး အစဉ်တိုးတက်မှုရှိအောင် စဉ်ဆက်မပြတ်ဆက်လက်လေ့လာကြိုးပမ်းဆောင်ရွက်သွားကြရန်၊ မျက်မှောက်ကာလ နည်းပညာတိုးတက်မှုများကို အသုံးချပြီး နိုင်ငံတကာတပ်မတော်များနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် တိုးတက်ပြောင်းလဲလာသည့် နည်းပညာရပ်များကို အမြဲမပြတ်လေ့လာသုတေသနပြုပြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ စည်းကမ်း၊ ကျင့်ဝတ်အရာမှာ စံနမူနာပြအဖြစ် ကျင့်ကြံပြီး မိမိတို့တတ်ကျွမ်းထားသည့် ပညာရပ်များကို နိုင်ငံတော်နှင့် တပ်မတော်အတွက် အကျိုးရှိစွာအသုံးချနိုင်သည့် အင်ဂျင်နီယာအရာရှိကောင်းများဖြစ်အောင် ကြိုးပမ်းလုပ်ဆောင်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး

> **ခေါင်းဆောင်ဆိုသည်မှာ မွေးရာပါ ပင်ကိုဗီဇဟု ယခင်ကသတ်မှတ်ကြသော်လည်း ယခုအခါတွင် ခေါင်းဆောင်မှုအရည်အချင်းသည် လေ့ကျင့်ယူနိုင်သည့် အရည်အသွေးအဖြစ် သတ်မှတ်လာကြပြီဖြစ်၊ စစ်ဘက်ခေါင်းဆောင်များအနေဖြင့် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝနေရန် လိုအပ်ပြီး မိမိဦးဆောင်သည့် အဖွဲ့အစည်း၏ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် သက်သာချောင်ချိမှု၊ အုပ်ချုပ်မှု ကိစ္စမှန်သမျှကို မှန်မှန်ကန်ကန်ဖြင့် ဦးဆောင်ပြီး စီမံခန့်ခွဲသွားကြရန် အလေးထားမှာကြားလို။**

သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းဌာနချုပ် ညှော်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများရရှိခဲ့ကြသည့်အတွက် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိကြောင်းနှင့် သင်တန်းကာလ ၆ နှစ်တာကာလတစ်လျှောက်လုံး စာပေပညာ၊ စစ်ပညာသင်ကြားမှုအပိုင်းတို့တွင် ကြိုးစားအားထုတ်မှု၊ မိမိကိုယ်ကို စောင့်ထိန်းမှုတို့ကြောင့် ရရှိခဲ့သည့် တန်ဖိုးရှိသည့် ဆုများပင်ဖြစ်ကြောင်း၊ မိဘများအနေဖြင့်လည်း သာမန်တောင်သူများဖြစ်ကြသည်ကို တွေ့ရှိရပြီး ငယ်စဉ်ကလေးဘဝမှစ၍ ယခုအချိန်အထိ ကြိုးစားရုန်းကန် ပြုစုပျိုးထောင်ပေးခဲ့ရမည် ဖြစ်ကြောင်း၊ မိဘ၊ ဆရာများ၏ ဆိုဆုံးမမှု၊ သင်ကြားမှုအောက်တွင် ကောင်းမွန်စွာ ကြီးပြင်းလာခဲ့ပြီး မိမိကိုယ်ကို ထိန်းသိမ်းလုပ်ဆောင်တတ်သည့် အခြေခံစိတ်ဓာတ်ကောင်းများကို ဆက်လက်ခိုင်မာအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စာပေပညာအပြင် အတတ်ပညာကိုပါ သင်ယူရသည်ဖြစ်ပြီး တန်ဖိုးရှိသည့် ပညာရပ်များကို သင်ယူခဲ့ရသည်ဖြစ်သည့်အတွက် မိမိတို့၏ ရည်မှန်းချက်နှင့် ရည်ရွယ်ချက်ပန်းတိုင်များ မပျောက်ပျက်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့ခေတ်တွင် နည်းပညာသည် အလွန်လျင်မြန်စွာ ပြောင်းလဲတိုးတက်နေသည်ဖြစ်သည့်အတွက် စဉ်ဆက်မပြတ်သည့် လေ့လာမှု၊ သုတေသနပြုမှု၊ ကြိုးစားအားထုတ်မှုများဖြင့် ခေတ်ကို မျက်ခြည်မပြတ်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့သည့် မိဘများ၏ ကျေးဇူးကို သိတတ်ရန်နှင့် ကျေးဇူးဆပ်ရန်လိုအပ်သကဲ့သို့ တပ်မတော် အပေါ်တွင်လည်း ကျေးဇူးသစ္စာစောင့်သိရမည် ဖြစ်ကြောင်း၊ မိမိတို့၏ ရည်မှန်းချက်များ အောင်မြင်ရေး၊ မိသားစုများ၏ ရည်မှန်းချက်များ မပပျောက်စေရေးအတွက် စစ်သားကောင်းတစ်ယောက်ပီသစွာဖြင့် ဘဝတစ်လျှောက်လုံး ဆက်လက်ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနေထိုင်ပြီး မိသားစု၊ တပ်မတော်နှင့် နိုင်ငံတော်အတွက် အားကိုးအားထားရသည့် ခေါင်းဆောင်ကောင်းများဖြစ်အောင် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

# ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ်(၆၀)ပြည့် အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၁၃ - ၁၂ - ၂၀၂၄ )



အားလုံး မင်္ဂလာပါ။

ယနေ့ကျင်းပတဲ့ ရန်ကုန်စီးပွားရေးတက္ကသိုလ်ရဲ့ နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို တက်ရောက်လာကြတဲ့ နိုင်ငံတော်နဲ့ တိုင်းဒေသကြီးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရှင်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနဲ့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များနဲ့ တာဝန်ရှိသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

၁၉၆၄ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့တဲ့ ရန်ကုန်စီးပွားရေးတက္ကသိုလ်ဟာ ယခု ၂၀၂၄ ခုနှစ်ဆိုရင် နှစ်ပေါင်း ၆၀ ပြည့်မြောက်ခဲ့ပြီး ယခုလို နှစ်(၆၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခြင်းဟာ ဝမ်းမြောက်ဂုဏ်ယူစရာဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာမှာ စီးပွားရေးပညာရှင်များဟာ အဓိကအခန်းကဏ္ဍမှာ ပါဝင်နေပါတယ်။ ဒီလိုအရေးပါတဲ့ စီးပွားရေးပညာရှင်များကို မွေးထုတ်ပေးနေတဲ့ ရန်ကုန်စီးပွားရေးတက္ကသိုလ်ရဲ့ နှစ်(၆၀)ပြည့် သမိုင်းကလည်း ဂုဏ်ယူစရာကောင်းပါတယ်။

ရန်ကုန်စီးပွားရေးတက္ကသိုလ် သမိုင်းအစကို ပြန်ကြည့်ရင် ၁၉၂၃-၁၉၂၄ ပညာသင်နှစ်မှာ ရန်ကုန်တက္ကသိုလ်၊ ဘောဂဗေဒ ဘာသာရပ်ဌာနအနေနဲ့ စတင်သန္ဓေတည်ခဲ့တာ တွေ့ရပါတယ်။ အဲဒီအချိန်က ဘောဂဗေဒပညာရပ်တစ်ခုတည်းကိုပဲ သင်ကြားပို့ချပေးခဲ့ရာကနေ ၁၉၄၀-၁၉၄၁ ပညာသင်နှစ်မှာ ဝါဏိဇ္ဇဗေဒပညာရပ်နဲ့ ၁၉၅၃ ခုနှစ်မှာ စာရင်းအင်း ပညာရပ်တို့ကို တိုးချဲ့သင်ကြားပို့ချပေးနိုင်ခဲ့ပါတယ်။ ၂၀၂၄ ခုနှစ်မှာ ဘောဂဗေဒဌာနရဲ့

နှစ်တစ်ရာခရီးကိုလျှောက်လှမ်းနိုင်ခဲ့တဲ့အတွက် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့က ဘောဂဗေဒဌာန ရာပြည့်ပွဲကို ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရှိရပါတယ်။

၁၉၅၅ ခုနှစ်မှာ ဝါဏိဇ္ဇဗေဒဌာန၊ ၁၉၅၆ ခုနှစ်မှာ စာရင်းအင်းပညာဌာနတို့ကို သီးခြားဌာနကြီးများအဖြစ် ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ အဲဒီဌာနကြီး သုံးခုအပြင် စိတ်ပညာဌာန၊ နိုင်ငံရေးသိပ္ပံနဲ့ ရာဇဝင်ဌာန၊ မနုဿဗေဒနဲ့ လူမှုရေးရာဌာနတို့ကိုပေါင်းပြီး လူမှုရေးသိပ္ပံမဟာဌာန(Faculty of Social Science) အဖြစ် ၁၉၅၈ ခုနှစ်မှာ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့တာတွေ့ရပါတယ်။ ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတက္ကသိုလ်ပညာရေးဥပဒေအရ ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှာ သီးခြားတက္ကသိုလ်တစ်ခုအဖြစ် စီးပွားရေးတက္ကသိုလ်(Institute of Economics)ဆိုတဲ့ အမည်နာမနဲ့ စတင်မွေးဖွားခဲ့ပါတယ်။ ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့က စတင်ပြီး ဖွင့်လှစ်သင်ကြားခဲ့ပါတယ်။ စီးပွားရေးတက္ကသိုလ်ဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးပညာရပ်များဖြန့်ဖြူးရာတစ်ခုတည်းသော အသက်မွေးဝမ်းကျောင်းတက္ကသိုလ်အဖြစ် ရပ်တည်နိုင်ခဲ့ပါတယ်။

၁၉၆၄ ခုနှစ်မှာတော့ အထောက်အကူပြုဌာနလေးခုဖြစ်တဲ့ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သင်္ချာဌာနတို့နဲ့ ပေါင်းစပ်ဖွဲ့စည်းခဲ့တဲ့အတွက် သင်ကြားရေးဌာန ခုနစ်ခုအထိ ရှိလာခဲ့ပါတယ်။ ၁၉၆၆ ခုနှစ်မှာတော့ စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)မှာ သုတေသနနဲ့ စီမံခန့်ခွဲမှုပညာဌာနကို ဖွင့်လှစ်နိုင်ခဲ့ပြီး နိုင်ငံ့အကျိုးပြု သုတေသနလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့မှာ တက္ကသိုလ်များ ပြင်ဆင်တဲ့ဖွဲ့စည်းပုံအသစ်အရ ပင်မဌာနများအဖြစ် အသုံးချ ဘောဂဗေဒဌာန၊ ယခင်သုတေသနနဲ့ စီမံခန့်ခွဲမှုဌာနကို စီမံခန့်ခွဲမှုပညာဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ၂၀၂၂ ခုနှစ်မှာ အသုံးချစာရင်းအင်းပညာဌာနတို့ကို တိုးချဲ့ဖွဲ့စည်းခဲ့တဲ့အတွက် သင်ကြားရေးဌာန စုစုပေါင်း ၁၀ ခုအထိ ရှိလာခဲ့ပါတယ်။

ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရည်ရွယ်ပြီး ၁၉၉၈ ခုနှစ် နောက်ပိုင်းမှာ မုံရွာစီးပွားရေးတက္ကသိုလ်နဲ့ မိတ္ထီလာစီးပွားရေးတက္ကသိုလ်တို့ကို ဖွင့်လှစ်ခဲ့ပါတယ်။ ဒီလိုစီးပွားရေးတက္ကသိုလ်သုံးခုရှိလာတဲ့အတွက် မူလစီးပွားရေးတက္ကသိုလ်ကို ရန်ကုန်စီးပွားရေးတက္ကသိုလ်ဆိုပြီး ပြောင်းလဲခေါ်ဝေါ်ခဲ့ပါတယ်။

၂၀၀၀ ပြည့်နှစ်မှာတော့ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီးနယ်မြေ)ကို စတင်ဖွင့်လှစ်ခဲ့ပြီး ကမာရွတ်၊ လှိုင်နဲ့ ရွာသာကြီးဆိုတဲ့ တက္ကသိုလ်နယ်မြေသုံးခုရှိလာခဲ့တာကိုလည်း တွေ့ရပါတယ်။ အဲဒီနယ်မြေတွေမှာ ဘွဲ့ကြိုသင်တန်း၊ ဂုဏ်ထူးတန်း၊ မဟာအရည်အချင်းစစ်သင်တန်း၊ မဟာဘွဲ့သင်တန်း၊ ပါရဂူဘွဲ့သင်တန်း၊ ဘွဲ့လွန်ဒီပလိုမာသင်တန်းတွေကို ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိပါတယ်။ စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ)၊ ဝါဏိဇ္ဇဗေဒဘွဲ့၊ စီးပွားရေးပညာဘွဲ့(စာရင်းအင်းပညာ)၊ မဟာစီးပွားရေးပညာဘွဲ့(ဘောဂဗေဒ)၊ မဟာဝါဏိဇ္ဇဗေဒဘွဲ့၊ မဟာစီးပွားရေးပညာဘွဲ့(စာရင်းအင်းပညာ)နဲ့ စီမံအုပ်ချုပ်မှုပညာဘွဲ့လွန်ဒီပလိုမာ(Diploma in Management and Administration–DMA)ကို ၁၉၆၄ ခုနှစ်မတိုင်မီကတည်းက ပေးအပ်ခဲ့တာဖြစ်ပြီး ပါရဂူဘွဲ့(Ph.D)သင်တန်းကို ၁၉၉၈–၉၉ ပညာသင်နှစ်ကစပြီး ဖွင့်လှစ်ပေးလျက်ရှိပါတယ်။

ဒါ့အပြင် နိုင်ငံတော်မှာ ကျင့်သုံးနေတဲ့ ဈေးကွက်

ရန်ကုန်စီးပွားရေးတက္ကသိုလ်ရဲ့ ၁၉၆၄ ခုနှစ်ကနေ ၂၀၂၄ ခုနှစ်အထိ နှစ်(၆၀) ခရီးကာလအတွင်းမှာ ပါရဂူဘွဲ့ရရှိသူ ၁၁၀ ဦး၊ မဟာဘွဲ့ရရှိသူ ၇၅၈၇ ဦး၊ ရိုးရိုးဘွဲ့ရရှိသူ ၆၁၈၅၀ ဦး၊ ဂုဏ်ထူးဘွဲ့ရရှိသူ ၁၂၁၇ ဦး၊ ဘွဲ့လွန်ဒီပလိုမာရရှိသူ ၇၇၀၈ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့တာတွေ့ရ၊ လက်ရှိအချိန်မှာလည်း တက္ကသိုလ်အသီးသီးရဲ့ ပုံမှန်သင်တန်းတွေမှာ ကျောင်းသား ကျောင်းသူ ၄၃၅၉ ဦးနဲ့ အဝေးသင် ကျောင်းသား ကျောင်းသူ ၄၆၁၈ ဦး တက်ရောက်ပညာဆည်းပူးလျက်ရှိတာကိုသိရှိရ။

စီးပွားရေးစနစ်နဲ့ လိုက်လျောညီထွေစွာ ဖြစ်စေဖို့ ၂၀၀၁ ခုနှစ်မှာ စာရင်းကိုင်ပညာဘွဲ့၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု ပညာဘွဲ့၊ ဖွံ့ဖြိုးမှုပညာဘွဲ့၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာဘွဲ့၊ လူဦးရေပညာဘွဲ့သင်တန်းတွေနဲ့ ၂၀၀၃ ခုနှစ်မှာ စာရင်းကိုင်ပညာမဟာဘွဲ့၊ ၂၀၀၄ ခုနှစ်မှာ လူဦးရေပညာ မဟာဘွဲ့သင်တန်းတွေကို ဖွင့်လှစ်နိုင်ခဲ့တာကို တွေ့ရပါတယ်။

နိုင်ငံတော်ရဲ့ စီးပွားရေးရည်မှန်းချက်များနဲ့ ဈေးကွက်လိုအပ်ချက်များကို အကောင်အထည်ဖော်ဖြည့်ဆည်းပေးနိုင်ဖို့ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုအစီအစဉ်နဲ့ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့(MBA) သင်တန်းကို ၁၉၉၅ ခုနှစ်မှာ ဖွင့်လှစ်ခဲ့ပါတယ်။ ယခုအခါ MBA ဘွဲ့ရ ၂၉၂၀ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာ မဟာဘွဲ့ (MPA) သင်တန်းကို ၂၀၀၀ ပြည့်နှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပြီး MPA ဘွဲ့ရရှိသူပေါင်း ၁၆၃၁ ဦး၊ ဖွံ့ဖြိုးရေး ပညာမဟာဘွဲ့ (MDevS)သင်တန်းကို ၂၀၀၂ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပြီး MDevS ဘွဲ့ရရှိသူပေါင်း ၉၂၄ ဦး၊ မြန်မာနိုင်ငံရဲ့ ဘဏ်လုပ်ငန်းနဲ့ ဘဏ္ဍာရေးကဏ္ဍ စနစ်တကျဖွံ့ဖြိုးတိုးတက်စေဖို့ ရည်ရွယ်ပြီး ဘဏ်လုပ်ငန်းနဲ့ ဘဏ္ဍာရေးပညာမဟာဘွဲ့(MBF) သင်တန်းကို ၂၀၁၂ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပြီး MBF ဘွဲ့ရရှိသူပေါင်း ၆၃၇ ဦးကို မွေးထုတ်ပေးခဲ့တာကို သိရပါတယ်။

၂၀၁၇ ခုနှစ် နောက်ပိုင်းကစပြီး အသုံးချစာရင်းအင်းပညာမဟာဘွဲ့၊ ဈေးကွက်စီမံခန့်ခွဲမှု မဟာဘွဲ့၊ ဧည့်ဝတ်နဲ့ ခရီးသွားလာရေးစီမံခန့်ခွဲမှုမဟာဘွဲ့၊ လူမှုစီးပွားတည်တံ့ရေးတီထွင်ဖန်တီးမှု ပညာမဟာဘွဲ့နဲ့ အာမခံလုပ်ငန်းဆိုင်ရာမဟာဘွဲ့၊ အာမခံသိပ္ပံဘွဲ့ စတဲ့ဘွဲ့သင်တန်းအသီးသီးတို့ကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့တာကို တွေ့ရပါတယ်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်နဲ့ ၁၉၉၈ ခုနှစ်က စတင်ပြီး တက္ကသိုလ်ဘွဲ့ရတွေအတွက် ဖွံ့ဖြိုးရေးပညာဒီပလိုမာ(Diploma in Development Studies–Dip DS)၊ ဈေးကွက်ဆိုင်ရာ စီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ (Postgraduate Diploma in Marketing Management – PGDMM)၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ(Postgraduate Diploma in Human Resource Management – PGDHRM)၊ သုတေသနပညာဘွဲ့လွန်ဒီပလိုမာ(Postgraduate Diploma in Research Studies – PGDRS) သင်တန်းတွေကိုလည်း ထပ်မံဖွင့်လှစ်ပေးနိုင်ခဲ့တာကို တွေ့ရှိရပါတယ်။

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူတွေအတွက် စီးပွားရေးအသိအမြင်တွေ ရရှိတိုးပွားစေဖို့ ရည်ရွယ်ပြီး လုပ်ငန်းသုံးစီးပွားရေးပညာ (Certificate in Business Studies–CBS)နဲ့ လုပ်ငန်းသုံး အဆင့်မြင့်စီးပွားရေးပညာ (Certificate in Advanced Business Studies–CABS) လက်မှတ်ရသင်တန်းတွေကိုလည်း ဖွင့်လှစ်ပေးခဲ့ပါတယ်။ အဲဒီသင်တန်း အောင်မြင်ပြီးမြောက်သူများအနေနဲ့ ဆက်လက်လေ့လာသင်ယူနိုင်ဖို့ လုပ်ငန်းသုံးစီးပွားရေးပညာဒီပလိုမာဘွဲ့ (Diploma in Business Studies–DBS) ကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

ရန်ကုန်စီးပွားရေးတက္ကသိုလ်မှာ ၂၀၁၉ ခုနှစ် ကစပြီး One Campus, Two Systems အဖြစ် အဝေးသင်ဘွဲ့များ အပ်နှင်းနိုင်ဖို့ စီးပွားရေးပညာအထူးပြု(Economics)နဲ့ စီးပွားရေးစီမံခန့်ခွဲမှု အထူးပြု(Business Management) သင်တန်းတွေကို ဖွင့်လှစ်ပို့ချပေးခဲ့ပါတယ်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်တဲ့ စီးပွားရေးပညာတွေကို ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဖြန့်ဖြူးပေးနိုင်ဖို့လိုပါတယ်။ ဒါ့ကြောင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်က ပညာရှင်တွေအနေနဲ့ ယခင်လုပ်သားများ ကောလိပ်၊ အဝေးသင်တက္ကသိုလ်နဲ့ အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်၊ စီမံကိန်းဦးစီးဌာန၊ စာရင်းစစ်ချုပ်ရုံး၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၊ ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်တို့မှာ ဖွင့်လှစ်တဲ့သင်တန်းတွေမှာ ဘာသာရပ်ဆိုင်ရာများ ပို့ချဆွေးနွေးပေးခြင်းတို့အပြင် ကျမ်းကြီးကြပ်ခြင်းနှင့် ကျမ်းစစ်ဆေးခြင်းတို့မှာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ ချမှတ်ထားတဲ့ စီးပွားရေးဦးတည်ချက်များနဲ့အညီ နိုင်ငံတော်ရဲ့ စီးပွားရေးမောင်းနှင်အား တိုးတက်လာစေဖို့ ရည်ရွယ်ပြီး MSME လုပ်ငန်းများမှတစ်ဆင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် ပညာတတ်လူသားအရင်းအမြစ်များ လိုအပ်တာကြောင့် ၂၀၂၂–၂၀၂၃

ပညာသင်နှစ်မှာ ရန်ကုန်စီးပွားရေးတက္ကသိုလ်က ဦးဆောင်ပြီး ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ် ၃၉ ခုမှာ B.A (Economics) ဘွဲ့သင်တန်းများကို စတင်ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပါတယ်။ အနာဂတ်ကာလမှာ B.A (Economics)ဘွဲ့ရတွေ အနေနဲ့ တတ်သိထားတဲ့ စီးပွားရေးအသိအမြင်၊ အတွေးအမြင်တွေကို အသုံးချပြီး မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်မှုနဲ့ လူ့အဖွဲ့အစည်းဖွံ့ဖြိုးမှုတို့ကို ဆောင်ရွက်လာနိုင်တော့မှာ ဖြစ်ပါတယ်။

ရန်ကုန်စီးပွားရေးတက္ကသိုလ်ရဲ့ ၁၉၆၄ ခုနှစ်ကနေ ၂၀၂၄ ခုနှစ်အထိ နှစ်(၆၀) ခရီးကာလအတွင်းမှာ ပါရဂူဘွဲ့ရရှိသူ ၁၁၀ ဦး၊ မဟာဘွဲ့ရရှိသူ ၇၅၈၇ ဦး၊ ရိုးရိုးဘွဲ့ရရှိသူ ၆၁၈၅၀ ဦး၊ ဂုဏ်ထူးဘွဲ့ရရှိသူ ၁၂၁၇ ဦး၊ ဘွဲ့လွန်ဒီပလိုမာရရှိသူ ၇၇၀၈ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့တာ တွေ့ရပါတယ်။ လက်ရှိအချိန်မှာလည်း တက္ကသိုလ်အသီးသီးရဲ့ ပုံမှန်သင်တန်းတွေမှာ ကျောင်းသား ကျောင်းသူ ၄၃၅၉ ဦးနဲ့ အဝေးသင်ကျောင်းသား ကျောင်းသူ ၄၆၁၈ ဦး တက်ရောက်ပညာဆည်းပူးလျက်ရှိတာကို သိရှိရပါတယ်။

> **ရန်ကုန်စီးပွားရေးတက္ကသိုလ်ဘွဲ့ရများဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ် အသီးသီးမှာ ထင်ရှားကျော်ကြားသူများ အဖြစ် ပါဝင်နေတာကိုလည်းတွေ့ရ၊ စီးပွားရေးတက္ကသိုလ်ဘွဲ့ရရှိသူတွေထဲမှာ နိုင်ငံတော်သမ္မတကစပြီး ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်များ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ အကြံပေးပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်များနဲ့ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ စတဲ့နိုင်ငံတော်ရဲ့ အဆင့်မြင့်တာဝန် အသီးသီးကို ထမ်းဆောင်နေကြတာ ဂုဏ်ယူဖွယ်တွေ့မြင်ရ။**

စီးပွားရေးတက္ကသိုလ်က မွေးထုတ်ပေးလိုက်တဲ့ MBA ဘွဲ့ရများအနေနဲ့ ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းနယ်ပယ် အသီးသီးမှာ ကျွမ်းကျင်တဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ စီမံခန့်ခွဲမှုပိုင်းတွင် အဆင့်မြင့် အရာထမ်းတွေအဖြစ် လုပ်ကိုင်နေကြပြီဖြစ်ပါတယ်။ MDevS ဘွဲ့ရများအနေနဲ့ အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍနဲ့ NGO/INGO အဖွဲ့အစည်းတွေမှာ အောင်မြင်စွာ လုပ်ကိုင်နေကြပါတယ်။ MBF ဘွဲ့ရတွေအနေနဲ့လည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အစိုးရနဲ့ ပုဂ္ဂလိကဘဏ်များ၊ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများမှာ ကျွမ်းကျင်ပညာရှင်၊ စီမံခန့်ခွဲသူတွေအနေနဲ့ အဆင့်မြင့်ရာထူးတွေမှာ တာဝန်ယူနေကြတာကို တွေ့ရှိရပါတယ်။

ဒီလိုစီးပွားရေးတက္ကသိုလ်ဘွဲ့ရကျောင်းသား ကျောင်းသူတွေဟာ တိုင်းပြည်ရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းရည်ပြည့်ဝတဲ့ နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များအဖြစ် ကဏ္ဍပေါင်းစုံမှာ ပါဝင်ဆောင်ရွက်အကျိုးပြုနေကြတာကို တွေ့ရှိရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း ပြောကြားလိုပါတယ်။

အလားတူ ရန်ကုန်စီးပွားရေးတက္ကသိုလ်ဘွဲ့ရများဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးမှာ ထင်ရှားကျော်ကြားသူများအဖြစ် ပါဝင်နေတာကိုလည်း တွေ့ရပါတယ်။ စီးပွားရေးတက္ကသိုလ်ဘွဲ့ရရှိသူတွေထဲမှာ နိုင်ငံတော်သမ္မတကစပြီး ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်များ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ အကြံပေးပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များနဲ့ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ စတဲ့နိုင်ငံတော်ရဲ့ အဆင့်မြင့်တာဝန်အသီးသီးကိုထမ်းဆောင်နေကြတာ ဂုဏ်ယူဖွယ်တွေ့မြင်ရပါတယ်။

ယခုလို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍကနေ တစ်တပ်တစ်အားပါဝင်နေတဲ့ ရန်ကုန်စီးပွားရေးတက္ကသိုလ်ကြီးရဲ့ နှစ်(၆၀)ပြည့် အခမ်းအနားကို ဂုဏ်ပြုတဲ့အနေနဲ့ ရန်ကုန်စီးပွားရေးတက္ကသိုလ်ဖြစ်ပေါ်တိုးတက်မှု သမိုင်းမှတ်တမ်းဓာတ်ပုံပြပွဲများ၊ သုတေသနစာတမ်းဖတ်ပွဲများ၊ သုတေသနပိုစတာပြပွဲများကို ခင်းကျင်းပြသသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ခေတ်အဆက်ဆက်သင်ကြားပေးခဲ့ကြတဲ့ ဆရာကြီး ဆရာမကြီးများအတွက်

မြတ်ဆရာပူဇော်ပွဲကို ကျင်းပပေးပြီး အထိမ်းအမှတ် အခမ်းအနားကို ကျယ်ကျယ်ပြန့်ပြန့် ခမ်းခမ်းနားနား ဆောင်ရွက်မှာဖြစ်ကြောင်း သိရှိရပါတယ်။

သက်တမ်း နှစ်(၆၇)ပြည့်ခဲ့ပြီဖြစ်တဲ့ ရန်ကုန်စီးပွားရေး တက္ကသိုလ်ကြီးအနေနဲ့ နိုင်ငံတော်ရဲ့ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘက်စုံထူးချွန်တဲ့ လူတော် လူကောင်းများ ပြုစုပျိုးထောင်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း မိမိတို့ရဲ့ပညာရပ်ကို တန်ဖိုးထား ဂုဏ်ယူတတ်တဲ့ပညာတတ်မျိုးဆက်သစ်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်တဲ့ တက္ကသိုလ်ကြီးအဖြစ် နှစ်(၆၇)ပြည့် မှစပြီး ထာဝရဆက်လက်အဓွန့်ရှည်တည်တံ့ခိုင်မြဲပါစေ ကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

■ ■ ■

# တပ်မတော် (လေ) ၏ ဖွဲ့စည်းတည်ထောင်မှု (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၁၅ - ၁၂ - ၂၀၂၄ )




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တပ်မတော် (လေ)၏ (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် နိုင်ငံတော်နှင့် တပ်မတော်၏ လေကြောင်းစွမ်းပကား မြင့်မားစေရန်အတွက် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားကို ဒီဇင်ဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းတွင် မိတ္ထီလာတပ်နယ်ရှိလေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ညွှန်ပေါင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊အငြိမ်းစားကာကွယ်ရေးဦးစီးချုပ် (လေ)များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့သည် တပ်မတော်(လေ)၏ (၇၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားဖြစ်ပြီး ယခုကဲ့သို့မင်္ဂလာရှိသည့်နေ့တွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်ရာ၌ တပ်မတော်(လေ)၏ စွမ်းရည်မြင့်မား တိုးတက်ရေးအတွက် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်သည့် အတွက် နိုင်ငံတော်၊ တပ်မတော်နှင့် တပ်မတော်(လေ) အတွက် ဂုဏ်ယူဖွယ်ရာနေ့တစ်နေ့လည်းဖြစ်ကြောင်း။

ယခင်က တပ်မတော်(လေ) လေယာဉ်၊ ရဟတ်ယာဉ်

များ တပ်တော်ဝင်အခမ်းအနားများ ၁၄ ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့တွင် လေယာဉ်၊ ရဟတ်ယာဉ်များကို တပ်တော်ဝင်ခြင်း ဆောင်ရွက်ပြီး တပ်မတော်(လေ)သို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့လေယာဉ်၊ ရဟတ်ယာဉ်များ တိုးတက်ဖြည့်ဆည်းပေးနိုင်သည့်အတွက် တပ်မတော်(လေ)၏ စစ်ဆင်ရေးနှင့် အခြားပျံသန်းရေး တာဝန်များ ထမ်းဆောင်ရာတွင် အဓိကအရေးပါသည့် စွမ်းဆောင်ရည်များကို မြှင့်တင်ပေးရာ ရောက်သကဲ့သို့ တပ်မတော်အတွက် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအား တိုးတက်မြင့်မားအောင် အထောက်အကူပြုစေမည် လည်းဖြစ်ကြောင်း။

မျက်မှောက်ခေတ် ကမ္ဘာတစ်လွှား ဖြစ်ပွားနေသည့် စစ်ပွဲများနှင့် လက်နက်ကိုင်ပဋိပက္ခများကို လေ့လာဆန်းစစ်ကြည့်ပါက လေကြောင်းနှင့် အာကာသစွမ်းအားဟာ စစ်ပွဲအောင်နိုင်ရေးအတွက် အဓိကအရေးပါသည့်အခန်းကဏ္ဍက ပါဝင်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ လေကြောင်းစွမ်းအား သာလွန်ကောင်းမွန်ရန် ရန်သူအပေါ် လွှမ်းမိုးထိန်းချုပ်ချေမှုန်းနိုင်ပြီး မိမိတပ်ဖွဲ့များ၏ စိတ်ဓာတ်နှင့် တိုက်စွမ်းရည် ပိုမိုအားကောင်းတိုးတက်စေကြောင်း သိသာထင်ရှားစွာ တွေ့မြင်နေရကြောင်း၊ ထို့ကြောင့် တပ်မတော်(လေ)အနေဖြင့် ဖြစ်ပေါ်တိုးတက်နေသည့် အခြေအနေများကို မျက်ခြည်မပြတ် လေ့လာသုံးသပ်ဆန်းစစ်ပြီး လိုက်လျောညီထွေစွာ ပြောင်းလဲတိုးတက်ဆောင်ရွက်နေရမည်ဖြစ်ကြောင်းကို အလေးအနက်မှာကြားလိုကြောင်း။

ပိုင်ဆိုင်ထားသည့် လေယာဉ်၊ ရဟတ်ယာဉ်များနှင့် လက်နက်စနစ်များ၏ စွမ်းဆောင်ရည်ကို အပြည့်အဝအသုံးချ စစ်ဆင်နိုင်ရန် လေ့ကျင့်သား ပြည့်ဝမှုသည် အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုသည် စဉ်ဆက်မပြတ် ဖြစ်ပေါ်ပြောင်းလဲနေသည့်အတွက် တစ်ကြိမ်တစ်ခါလေ့ကျင့်ရုံဖြင့် မလုံလောက်ဘဲ “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”ဟူသည့် လုပ်ငန်းစဉ်အတိုင်း အမြဲမပြတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့ကာလတွင် အင်အားကြီးနိုင်ငံများ၏ အချင်းချင်းအားပြိုင်မှုများ တိုးတက်ဖြစ်ပေါ်လျက်ရှိပြီး အကျိုးဆက်အနေဖြင့် နိုင်ငံငယ်များအပေါ် ကဏ္ဍပေါင်းစုံမှ ဝင်ရောက်စွက်ဖက်ပြီး လွှမ်းမိုးခြယ်လှယ်ရန်ကြိုးပမ်းမှုများ၊ နိုင်ငံအချင်းချင်း ပိုင်နက်နယ်မြေ အငြင်းပွားမှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ပြည်တွင်းမငြိမ်မသက်မှုများသည် ကမ္ဘာ့နေရာ အနှံ့အပြားတွင် ဖြစ်ပွားလျက်ရှိနေကြောင်း။

တပ်မတော်(လေ)၏ သမိုင်းကို ပြန်ကြည့်မည်ဆိုပါက အခက်အခဲများကြားမှ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ဖွဲ့သတ္တိတို့ကို အရင်းခံပြီး ရှိသည့်လေယာဉ်၊ ရှိသည့် လက်နက်ဖြင့် ရည်မှန်းချက်အောင်မြင်အောင် ကြိုးစားတိုက်ပွဲဝင်ခဲ့သည်ကို အထင်အရှားတွေ့မြင်နေရကြောင်း၊ ထိုကဲ့သို့ မြင့်မြတ်ဂုဏ်ယူဖွယ်ဖြစ်သည့် အစဉ်အလာကောင်းများကို တန်ဖိုးထားထိန်းသိမ်းပြီး နောက်မျိုးဆက်သစ်များအတွက် လက်ဆင့်ကမ်းအမွေ ဆက်လက်ပေးအပ်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

တပ်မတော်က ဆောင်ရွက်အကောင်အထည်ဖော်နေသည့် နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တပ်မတော်(လေ)အနေဖြင့်လည်း ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ ဆက်လက်ပါဝင် ထမ်းဆောင်သွားကြရန်၊ ယခု တပ်တော်ဝင်ပေးလိုက်သည့် လေယာဉ် ရဟတ်ယာဉ်များကို မြတ်နိုးတန်ဖိုးထားစွာ ကိုင်တွယ်အသုံးပြုပျံသန်းပြီး တပ်မတော်၏ဂုဏ်ကို မြှင့်တင်ဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်ကိုထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်နိုင်သည့် စွမ်းရည်မြင့်မားသော ခေတ်မီတပ်မတော်(လေ) အဖြစ် အစဉ်ရပ်တည်နိုင်အောင် ကြိုးစားအားထုတ်တည်ဆောက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

# တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၁၆ - ၁၂ - ၂၀၂၄ )





တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၁၆ ရက်နေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ China Texmatech Co. Ltd. မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မိတ္ထီလာမြို့နယ်မှ ရပ်မိရပ်ဖများ၊ စက်ရုံမှူး၊ စက်ရုံဝန်ထမ်းများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဝင်းမြတ်က စက်ရုံတည်ဆောက်မှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲ မှတ်တမ်းရုပ်သံကို ကြည့်ရှုကြသည်။

**ဝါမှ တန်ဖိုးမြှင့်ကုန်ပစ္စည်းများအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရန်ကြိုးစားခဲ့**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် လူတို့အနေဖြင့် စတင်ဖြစ်တည်စဉ်ကတည်းကပင် စားရေး၊ ဝတ်ရေး၊ နေရေးဟူသည့်ကိစ္စရပ်ကြီးသုံးခုကို နေ့စဉ် မလွဲမသွေ ရင်ဆိုင်နေကြရကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ယင်းအရေးကိစ္စကို အဆင်ပြေစွာဖြေရှင်းနိုင်ရေး နိုင်ငံတော်တာဝန် စတင်ထမ်းဆောင်ချိန်ကတည်းက စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှ ထွက်ရှိလာသည့် ကုန်ကြမ်းများကို ခိုင်မာသည့် ကုန်ထုတ်လုပ်ငန်းများအဖြစ် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ခဲ့ကြောင်း၊ စား၊ ဝတ်၊ နေရေးတွင် ဝတ်ရေးဟူသည့် အဝတ်အထည်သည် လူသားများမွေးဖွားချိန်မှ သေဆုံးချိန်အထိ ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ကြောင်း၊ အဝတ်အထည် အသုံးအဆောင် ဖူလုံရန်မှာ လူ့ဘဝ တစ်လျှောက် အရေးကြီးကြောင်း၊ ထို့ကြောင့် ပြည်တွင်း

အဝတ်အထည် ဖူလုံစေရေးအတွက် ပြည်တွင်း၌ စိုက်ပျိုးနေသည့် ဝါမှတန်ဖိုးမြင့်ကုန်ပစ္စည်းများအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရန် ကြိုးစားခဲ့ကြောင်း။

ဝါစိုက်ပျိုးရေးနှင့် ပတ်သက်ပါကလည်း ၂၀၁၆ ခုနှစ်ကစ၍ ဝါစိုက်ပျိုးမှုနှုန်း လျော့ကျလာသည့် အခြေအနေကို သုံးသပ်ပြီး ဝါစိုက်ပျိုးနိုင်သည့်ဒေသများတွင် အထွက်နှုန်းကောင်းပြီး အဆင့်မီချည်ထုတ်လုပ်နိုင်သည့် ချည်မျှင်ရှည်ဝါမျိုးများ စိုက်ပျိုးရေးကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဝါစိုက်ပျိုးရေးအောင်မြင်ရန် အခြေအနေကောင်းများရှိနေသော်လည်း ပြည်ပမှ နှစ်စဉ် ချည်နှင့် ပိတ်ထည်များကို ပမာဏများစွာ တင်သွင်းနေရကြောင်း၊ ထို့ကြောင့် ဝါစိုက်ပျိုးရေးကို အောင်မြင်အောင် ဆောင်ရွက်ပြီး နိုင်ငံတကာ အဆင့်မီချည်ထည်များ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ချည်ထည်များကို အထည်ချုပ်လုပ်ငန်းများ၌ဖြစ်စေ၊ ပြည်ပကို ပြန်လည်တင်ပို့ခြင်းဖြစ်စေ ဆောင်ရွက်နိုင်မှသာ နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားငွေများ ရရှိနိုင်မည်ဖြစ်ကြောင်း။

> လူတို့အနေဖြင့် စတင်ဖြစ်တည်စဉ် ကတည်းကပင် စားရေး၊ ဝတ်ရေး၊ နေရေးဟူသည့် ကိစ္စရပ်ကြီး သုံးခုကို နေ့စဉ် မလွဲမသွေ ရင်ဆိုင်နေကြရ၊ စား၊ ဝတ်၊ နေရေးတွင် ဝတ်ရေးဟူသည့် အဝတ်အထည်သည် လူသားများ မွေးဖွားချိန်မှ သေဆုံးချိန်အထိ ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်၊ အဝတ်အထည် အသုံးအဆောင် ဖူလုံရန်မှာ လူ့ဘဝတစ်လျှောက် အရေးကြီး၊ ပြည်တွင်း အဝတ်အထည် ဖူလုံစေရေးအတွက် ပြည်တွင်း၌ စိုက်ပျိုးနေသည့် ဝါမှတန်ဖိုးမြင့်ကုန်ပစ္စည်းများအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရန် ကြိုးစားခဲ့။

ယခုကဲ့သို့ ၂/၈၀ ချည်ချောစက်ရုံခွဲကို ဖွင့်လှစ်နိုင်သည့်အတွက် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (မိတ္ထီလာ) အနေဖြင့်ပြည်တွင်း၌ လိုအပ်နေဆဲဖြစ်သည့် အရည်အသွေးကောင်းမွန်သည့် နိုင်ငံတကာအဆင့်မီ ချည်ချောများကို ထုတ်လုပ်နိုင်တော့မည်ဖြစ်သည်ကို ဂုဏ်ယူဝမ်းမြောက်စွာ ပြောကြားလိုကြောင်း။

တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ)ကို ဝတ်ရေးဆိုင်ရာ အထည်အလိပ် လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်နှင့် ပြည်ပမှ မှာယူတင်သွင်းမှု လျော့နည်းစေရန်အတွက် တရုတ် - မြန်မာ အစိုးရတို့အကြား သဘောတူညီချက်စာချုပ် ချုပ်ဆိုပြီး ချည်မျှင်နှင့်အထည်စက်ရုံ (မိတ္ထီလာ)ကို ၁၉၆၆-၁၉၆၇ တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ ၁၉၉၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စက်ရုံကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်သို့ လွှဲပြောင်းပေးခဲ့ကြောင်း။

မိမိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် စတင်ထမ်းဆောင်ခဲ့သည့် ၂၀၁၁ ခုနှစ် နောက်ပိုင်းတွင်လည်း တပ်မတော်အတွက် လိုအပ်သည့် စစ်ဝတ်ပစ္စည်းများ ဆက်လက်ထုတ်လုပ်နိုင်ရေး လိုအပ်သည့် စက်ပစ္စည်းများကို ဝယ်ယူပေးခဲ့ပြီး နိုင်ငံတကာ တပ်မတော်များနည်းတူ စစ်ဝတ်ပစ္စည်းများ အဆင့်မီစေရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယနေ့အချိန်တွင် တပ်မတော်သားများအတွက် လိုအပ်သည့် ဝတ်စုံအမျိုးမျိုးအပြင် တပ်မတော်သားများနှင့် ပြည်သူများအတွက် လိုအပ်သည့် အခြားသော အထည်အလိပ်ပစ္စည်းများကို ထုတ်လုပ်ပေးနိုင်ပြီဖြစ်ကြောင်း။

ယခုကဲ့သို့ စက်ရုံအဆင့်မြှင့်တင်ခြင်းများ၊ စက်အသစ်ပြောင်းလဲတပ်ဆင်ခြင်းများ ဆောင်ရွက်ခဲ့သော်လည်း အဆင့်မြင့် ၂/၈၀ ချည်များ မထုတ်လုပ်နိုင်သေးသည်ကို တွေ့ခဲ့ရကြောင်း၊ ထို့ကြောင့် ၂/၈၀ ချည်များကို ပြည်တွင်းကထွက်သည့် ဝါများနှင့် ထုတ်လုပ်နိုင်ရေး စက်ပစ္စည်းများကိုဖြည့်ဆည်းပေးခဲ့သည်မှာ ယခုဆိုပါက စတင်လည်ပတ်နိုင်ပြီဖြစ်ကြောင်း၊ ယခုတည်ဆောက်တပ်ဆင်ပြီးစီးသည့် စက်ရုံသည် စက်စွမ်းအားပြည့် လည်ပတ်မည်ဆိုပါက တစ်ရက်ချည်ပေါင်ချိန် ၄၈၄၀၊ တန်အားဖြင့် ၂ တန်ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထွက်ရှိလာသည့် ၂/၈၀

ချည်ချောများကို ပြည်သူလူထုအတွက် လိုအပ်သည့် လုံချည်နှင့် ပိတ်များအဖြစ် ရက်လုပ်မည်ဖြစ်ပြီး ပိုလျှံသည့် ချည်များကို ပြင်ပဈေးကွက်သို့ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း။

ယခု ၂/၈၀ ချည်ချောစက်ရုံခွဲ ဖွင့်လှစ်နိုင်ခြင်းသည် မြန်မာနိုင်ငံ၏ ချည်ထည်ခေတ် တစ်ခေတ်ပြောင်းလဲမှု၏ အစဖြစ်သည်ဟု ပြောလိုကြောင်း၊ မိမိတို့အနေဖြင့် အဆင့်မြင့်ချည်ထည်များထုတ်လုပ်နိုင်သည့် ဝါမျိုးကောင်းမျိုးသန့်များကို စိုက်နည်းစနစ် မှန်ကန်စွာဆောင်ရွက်ပြီး ဝါအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ တစ်ဖက်ကလည်း ဝါကြိတ်စက်ရုံများ၊ ချည်မျှင်နှင့် အထည်စက်ရုံများကို အဆင့်မြှင့်တင်ပေးပြီး ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းကို ဆက်လက်ဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် သဘာဝကပေးထားသည့် စိုက်ပျိုးရေးဆိုင်ရာ အခြေခံကောင်းများကို အသုံးချပြီး နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေမည့် စက်မှုကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝါစိုက်ပျိုးရေးနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် ဝါစိုက်ပျိုးတောင်သူများ အနေဖြင့် နိုင်ငံတော်၏ ဝါစိုက်ပျိုးမှု၊ ဝါထွက်ရှိမှုများ တိုးတက်အောင် ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း၊ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)က တပ်မတော်တစ်ရပ်လုံးအတွက် လိုအပ်သည့် စစ်ဝတ်ထည်ပစ္စည်းများကို ဝါဂွမ်းကုန်ကြမ်းမှ စစ်ဝတ်ကုန်ချောအထိ ထုတ်လုပ်ပေးနေသကဲ့သို့ ယနေ့ဖွင့်လှစ်လိုက်သည့် ၂/၈၀ ချည်ချောစက်ရုံသည် နိုင်ငံ၏ အဝတ်အထည်လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ များစွာအထောက်အကူပြုစေမည် ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အဆင့်မီအဝတ်အထည်နှင့် အထည်အလိပ်များကို ထုတ်လုပ်ပေးနိုင်မည့်၊ မြန်မာ့အဝတ်အထည်လောကကို တစ်ခေတ်ဆန်းစေမည့် ဆောင်ရွက်ချက်များကို ယခုစက်ရုံက အစပြုပြီး တစ်နိုင်ငံလုံး၊ ပြည်သူလူထုတစ်ရပ်လုံး၊ အထည်အလိပ် အထောက်အကူပြု MSME လုပ်ငန်းစဉ်များ တစ်ခုလုံးက ဦးတည်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

> **ဝါစိုက်ပျိုးနိုင်သည့်ဒေသများတွင် အထွက်နှုန်းကောင်းပြီး အဆင့်မီချည် ထုတ်လုပ်နိုင်သည့် ချည်မျှင် ရှည်ဝါမျိုးများ စိုက်ပျိုးရေးကို အားပေးဆောင်ရွက်ခဲ့၊ ဝါစိုက်ပျိုးရေးကို အောင်မြင်အောင် ဆောင်ရွက်ပြီး နိုင်ငံတကာ အဆင့်မီ ချည်ထည်များ ထုတ်လုပ်နိုင်ရန်လို၊ ချည်ထည်များကို အထည်ချုပ် လုပ်ငန်းများ၌ဖြစ်စေ၊ ပြည်ပကို ပြန်လည် တင်ပို့ခြင်းဖြစ်စေ ဆောင်ရွက်နိုင်မှသာ နိုင်ငံခြားငွေသုံးစွဲမှုကိုလျှော့ချနိုင်ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားငွေများ ရရှိနိုင်မည်ဖြစ်။**

■ ■ ■

# တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၅) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၁၈ - ၁၂ - ၂၀၂၄ )





တပ်မတော်ဆေးတက္ကသိုလ်၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၅)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ဒီဇင်ဘာလ ၁၈ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အဆိုပါတပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက် မိန့်ခွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် မင်္ဂလာဒုံတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။ ထို့နောက် ဗိုလ်လောင်းတပ်ခွဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၅)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်း

ကောင်းမြင့်မြတ်ထွန်း၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်း သော်ဇင်ဦးနှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်း အောင်ကိုကိုထက်တို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် တပ်မတော်ဆေးတက္ကသိုလ်ကို "တပ်မတော် (ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင်အရာရှိကောင်းများ မွေးထုတ်ပေးရန်" ဟူသည့် ရည်ရွယ်ချက်ဖြင့် တပ်မတော်အရာရှိ ဆရာဝန်ဆေးမှူးများကို စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်က မွေးထုတ်ပေးလိုက်သည့် တပ်မတော်သားဆေးသိပ္ပံပညာရှင်များသည် တပ်မတော်သားအရာရှိ၊ စစ်သည်မိသားစုဝင်များသာမက တိုင်းရင်းသားပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးနေသကဲ့သို့ နိုင်ငံတော်နှင့် တပ်မတော်အတွက် ဆေးသိပ္ပံပညာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင်လည်း အားသွန်ခွန်စိုက် လုပ်ကိုင်ဆောင်ရွက်နေကြသည်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ် တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

တပ်မတော်အရာရှိဆရာဝန်ဆေးမှူးများ၏ကျွမ်းကျင်မှုနှင့် ကျန်းမာရေးစောင့်ရှောက်ပေးမှုများသည် မိမိတို့တပ်မတော်သားများ၏ ကျန်းမာကြံ့ခိုင်ရေးအတွက် အလွန်အရေးကြီးသည့် တာဝန်တစ်ရပ်ဖြစ်ပြီး တပ်မတော်အင်အား တောင့်တင်းခိုင်မာရေးအတွက် အခြေခံလိုအပ်ချက် ဖြစ်သကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးစွမ်းပကား မြင့်မားစေရေးအတွက်လည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုလျက်ရှိကြောင်း၊ တိုက်ပွဲဝင်စစ်သည်တိုင်း တိုက်စွမ်းရည်မြင့်မားရေးအတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေး အထူးလိုအပ်သောကြောင့် သင်ယူတတ်မြောက်ထားသည့် ဆေးပညာရပ်များကို အသုံးချပြီး နေရာဒေသမရွေး၊ အချိန်အခါမရွေး လုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးသွားကြရမည်ဖြစ်ကြောင်း။

ယနေ့ခေတ်သည် သိပ္ပံနှင့်နည်းပညာခေတ်ဖြစ်သည်နှင့်အညီ ဆေးသိပ္ပံပညာရပ်နယ်ပယ်သည်လည်း တစ်နေ့တခြား တိုးတက်ပြောင်းလဲနေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ဆန်းသစ်ပြောင်းလဲလာသည့် ကုထုံးနှင့် ဆေးဝါးကိရိယာအသစ်များ ပေါ်ပေါက်လာသကဲ့သို့ ထူးခြားဆန်းပြားသည့် ရောဂါဘယများကလည်း ဆေးပညာနယ်ပယ်ကိုစိန်ခေါ်လျက်ရှိနေကြကြောင်း၊ ယင်းတို့ကို ရင်ဆိုင်ကျော်လွှားနိုင်ရေး ဆေးသိပ္ပံဆိုင်ရာ ပညာရပ်များနှင့် ပတ်သက်၍ သုတေသနပြုခြင်းအပါအဝင် တီထွင်ဆန်းသစ်မှုများကိုလည်း စဉ်ဆက်မပြတ် လေ့လာဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လက်ရှိ မိမိတို့နိုင်ငံတွင်လည်း အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ကောင်စီကို ဖွဲ့စည်းထားပြီး ဆန်းသစ်တီထွင်မှုဆိုင်ရာ လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိနေကြောင်း၊ ကျန်းမာရေးကဏ္ဍဆိုင်ရာတွင် နည်းပညာအသစ်များနှင့် ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှု၊ ကျန်းမာရေးနှင့် လူသားအရင်း

> ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခု ဖြစ်ရန်အတွက် ကျန်းမာကြံ့ခိုင်သည့် လူ့စွမ်းအား အရင်းအမြစ်များ လိုအပ်သည်ဖြစ်သောကြောင့် နိုင်ငံတစ်နိုင်ငံ၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု (Public Health Care)သည် လွန်စွာ အရေးကြီး၊ ပြည်သူလူထု၏ ကျန်းမာရေးနှင့်ပတ်သက်ပြီး "လူ့အသက်ထက် အရေးကြီးတာ ဘာမှ မရှိ" ဟူသည့်အတိုင်း မိမိတို့ တပ်မတော်အနေဖြင့်လည်း ပြည်သူလူထု အတွက် ပိုမိုကောင်းမွန်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ ပြည်သူများ၏ နေ့စဉ်လူမှုဘဝ လုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရမည်ဖြစ်။

အမြစ် ချိတ်ဆက်မှု၊ ဆေးပညာဆိုင်ရာတက္ကသိုလ်အဆင့် ချိတ်ဆက်မှုများမှတစ်ဆင့် ကုသမှု နည်းပညာများ ပေါင်းစည်းခြင်းနှင့် အဆင့်မြင့် ကုသနည်းဖော်ထုတ်ခြင်း အစရှိသည်တို့ကို နည်းပညာလွှဲပြောင်းမှုစင်တာများနှင့် အသိပညာဖြန့်ဝေရေးစင်တာများမှတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ပြောင်းလဲတိုးတက်လာသည့် နည်းပညာရပ်များ၊ ဆေးသိပ္ပံပညာရပ်များကို မျက်ခြည်မပြတ်စေဘဲ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ဆေးသိပ္ပံပညာရှင်များဖြစ်အောင် တပ်မတော်ဆေးတက္ကသိုလ်က သင်ကြားပေးလိုက်သည့် ဆေးပညာရပ်များမှတစ်ဆင့် အဆင့်မြင့် ဆေးပညာရပ်များကို ဆက်လက်ဆည်းပူး လေ့လာဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ဦးတည်ချက်(၉)ရပ်အနက် လူမှုရေးဦးတည်ချက် ဒုတိယအချက်ဖြစ်သည့် “တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး” ဟူသည့်အချက်ကို အကောင်အထည်ဖော်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ ဆေးဝန်ထမ်းတပ်ဖွဲ့ကလည်း ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကိုအလေးထားမြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာဆေးတပ်ဖွဲ့များနှင့်ရင်ပေါင်တန်းနိုင်ရေးအတွက် ပြည်တွင်း၌ ဆေးသိပ္ပံညီလာခံများ၊ ဆေးပညာ နှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပေးပြီး နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင်များနှင့် စစ်ဘက်ကျန်းမာရေးစောင့်ရှောက်မှု အတွေ့အကြုံဖလှယ်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ပြောင်းလဲတိုးတက်လာနေသည့် ဆေးပညာ ဘာသာရပ်များကို မျက်ခြည်မပြတ် လေ့လာနိုင်ရေးအတွက် သုတေသနလုပ်ငန်းများကိုလည်း နိုင်ငံတကာစံချိန် စံညွှန်းများနှင့်အညီ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် တာဝန်ကျရာ ဒေသအသီးသီးကို ရောက်ရှိသည့်အခါ၌ ဆေးဝန်ထမ်းတပ်ဖွဲ့၏ မူလတာဝန်များအပြင် နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုပေးနိုင်သည့် တပ်မတော်သား ဆရာဝန်သမားကောင်းများအဖြစ် တာဝန်ထမ်းဆောင်သွားကြရန် မှာကြားလိုကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုဖြစ်ရန်အတွက် ကျန်းမာကြံ့ခိုင်သည့် လူ့စွမ်းအား အရင်းအမြစ်များ လိုအပ်သည်ဖြစ်သောကြောင့် နိုင်ငံတစ်နိုင်ငံ၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု (Public Health Care)သည် လွန်စွာအရေးကြီးကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးနှင့်ပတ်သက်ပြီး “လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ” ဟူသည့်အတိုင်း မိမိတို့တပ်မတော်အနေဖြင့်လည်း ပြည်သူလူထုအတွက် ပိုမိုကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပြည်သူများ၏ နေ့စဉ်လူမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အားတက်သရော အောင်မြင်စွာလုပ်ဆောင်**

ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအနေဖြင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးတွင် ပြည်သူလူထုကို ဆေးအကာအကွယ်ပေးရေးအပါအဝင် နိုင်ငံအနှံ့အပြား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနေခြင်းသည် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ကို တာဝန်သိသိဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး ပြည်သူလူထု၏ အသက်ခန္ဓာများကို ကာကွယ်စောင့်ရှောက်ပေးနေခြင်းဖြစ်သောကြောင့် တစ်နည်းအားဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေခြင်းဖြစ်သည်ကို သိရှိနားလည်ထားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တာဝန်ကျရာ နယ်မြေဒေသအသီးသီးသို့ ရောက်ရှိချိန်တွင် မိမိတို့တတ်ကျွမ်းထားသည့် ဆေးပညာများကို လက်တွေ့အသုံးချပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အားတက်သရော အောင်မြင်စွာလုပ်ဆောင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်တည်ဆောက်ရာတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးဆုံးဖြစ်သကဲ့သို့ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုသက်ရှည်ကျန်းမာရေးသည် အခြေခံအကျဆုံးဖြစ်ကြောင်း၊ ပြည်သူလူထု သက်ရှည်ကျန်းမာစေရေးအတွက် အရည်အချင်းပြည့်ဝသည့် ပါရဂူ၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ ပြည့်စုံလုံလောက်စွာရှိရန် အလွန်အရေးကြီး

ကြောင်း။

မြန်မာ့လူမှုပတ်ဝန်းကျင်တွင် ဆရာဝန်များကို သမားဂုဏ်အရ တလေးတစား နေရာပေးလေ့ရှိသကဲ့သို့ တပ်မတော်သား ဆရာဝန်အရာရှိများကိုလည်း ကိုယ်ကျိုးစွန့် အနစ်နာခံသည့် ယောကျ်ားကောင်းများအဖြစ် အသိအမှတ်ပြုနေကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အပင်ပန်းခံ ကြိုးစားအားထုတ်ပြီး ရရှိလာခဲ့သည့် တပ်မတော်သား အရာရှိ ဆရာဝန်ဆေးမှူးဟူသည့် ဂုဏ်ပုဒ်ကို မထိခိုက်မပျက်စီးစေရေး အစစအရာရာ ကိုယ်တိုင်ထိန်းသိမ်းနေထိုင်သွားကြရန်လိုအပ်ကြောင်း၊ ထို့ပြင် တပ်မတော်သား ဆရာဝန်များဖြစ်သည်နှင့်အညီ လိုအပ်လာပါက ခြေလျင်စစ်သည်များနှင့်အတူ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် စစ်ဆင်ရေးတာဝန်များကိုပါ ထမ်းဆောင်ကြရမည်ဖြစ်သဖြင့် အမိန့်နာခံမှုကောင်းပြီး စစ်ပညာများကို အသုံးချတတ်သည့် စစ်ခေါင်းဆောင်များဖြစ်အောင် ကြိုးစားကြရန်လိုကြောင်း။

ဆေးကုသရေးတာဝန် ထမ်းဆောင်ချိန်တွင် ဆေးပညာရပ်များကို အသုံးချပြီး လူနာများအပေါ်တွင် ကောင်းမြတ်သည့် စေတနာ၊ မွန်မြတ်သည့် စိတ်ထား၊ ပြည့်ဝသည့် အကြင်နာ မေတ္တာတရားများနှင့် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သကဲ့သို့ စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်ချိန်တွင်လည်း သင်ကြားပေးလိုက်သည့် စစ်ပညာရပ်များကို အသုံးချပြီး “တပ်မတော်၏ အစဉ်အလာကို အသက်ပေး စောင့်ထိန်းလိုသည့်စိတ်ဓာတ်” ဖြင့် တာဝန်ထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ စိတ်ဓာတ်ကောင်းများ မွေးမြူပြီး လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် တပ်မတော်သား ဆရာဝန်၊ ခေါင်းဆောင်ငယ်များအဖြစ် နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားပြုရသည့် ဆေးဝန်ထမ်းတပ်ဖွဲ့၏ အနာဂတ်တာဝန်များကို ပခုံးပြောင်းတာဝန်ယူဆောင်ရွက်နိုင်မည့် “သမားဇာနည် အောင်စစ်သည်” များဖြစ်အောင် အထူးကြိုးစားသွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်း။

တပ်မတော်(ကြည်း၊ ရေ၊ လေ)အတွက် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင် အရာရှိကောင်းများအဖြစ် နိုင်ငံတော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူလူထုအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ပြောင်းလဲတိုးတက်နေသည့် ဆေးသိပ္ပံပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးသုတေသနပြုပြီး ကျွမ်းကျင်သည့် ဆေးသိပ္ပံပညာရှင်များဖြစ်အောင် ကြိုးစားသွားကြရန်၊ ဆေးဝန်ထမ်းတပ်ဖွဲ့၏ ရည်မှန်းချက်

မြန်မာ့လူမှုပတ်ဝန်းကျင်တွင် ဆရာဝန်များကို သမားဂုဏ်အရ တလေးတစား နေရာပေးလေ့ရှိသကဲ့သို့ တပ်မတော်သား ဆရာဝန်အရာရှိများကိုလည်း ကိုယ်ကျိုးစွန့် အနစ်နာခံသည့် ယောကျ်ားကောင်းများအဖြစ် အသိအမှတ်ပြုနေကြမည်ဖြစ်၊ အပင်ပန်းခံ ကြိုးစားအားထုတ်ပြီး ရရှိလာခဲ့သည့် တပ်မတော်သားအရာရှိ ဆရာဝန်ဆေးမှူးဟူသည့် ဂုဏ်ပုဒ်ကို မထိခိုက်မပျက်စီးစေရေး အစစအရာရာ ကိုယ်တိုင်ထိန်းသိမ်း နေထိုင်သွားကြရန်လိုအပ်၊ ဆေးကုသရေး တာဝန်ထမ်းဆောင်ချိန်တွင် ဆေးပညာရပ်များကို အသုံးချပြီး လူနာများအပေါ်တွင် ကောင်းမြတ်သည့် စေတနာ၊ မွန်မြတ်သည့် စိတ်ထား၊ ပြည့်ဝသည့် အကြင်နာ မေတ္တာ တရားများနှင့် တာဝန်ထမ်းဆောင်ကြရမည် ဖြစ်သကဲ့သို့ စစ်ဆင်ရေးနှင့် လုံခြုံရေး တာဝန်များထမ်းဆောင်ချိန်တွင်လည်း သင်ကြားပေးလိုက်သည့် စစ်ပညာရပ်များကို အသုံးချပြီး “တပ်မတော်၏ အစဉ်အလာကို အသက်ပေး စောင့်ထိန်းလိုသည့်စိတ်ဓာတ်” ဖြင့် တာဝန်ထမ်းဆောင်သွားကြရမည်ဖြစ်။

ဖြစ်သော "ကျန်းမာကြံ့ခိုင် တိုက်နိုင်ရန်" ဟူသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံတော် ကာကွယ်ရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ ကျန်းမာကြံ့ခိုင်ပြီး ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရေး မိမိတို့ တတ်ကျွမ်းသည့် ဆေးပညာဖြင့် စောင့်ရှောက်ကာကွယ်သွားကြရန်၊ တပ်မတော်ဆေးတက္ကသိုလ်၏ဂုဏ်၊ ဆေးဝန်ထမ်းတပ်ဖွဲ့၏ဂုဏ်၊ တပ်မတော်၏ဂုဏ်ကို မြင့်တင်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေသည့် "သမားဇာနည် အောင်စစ်သည်" များဖြစ်အောင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး စစ်ရေးပြ အခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော်ဆေးတက္ကသိုလ်ကျောင်းဌာနချုပ်ညွှန့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများနှင့် မိဘများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

**အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်**


ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများ ရရှိကြသည့်အတွက် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ သင်တန်းကာလတစ်လျှောက်လုံး မျှော်မှန်းချက်၊ ရည်မှန်းချက်ရှိစွာဖြင့် မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် အစဉ်တစိုက် ကြိုးစားအားထုတ်ခဲ့ပြီး မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနှင့် နေထိုင်ခဲ့မှု အကျိုးရလဒ်ကို ခံစားရခြင်းပင်ဖြစ်ကြောင်း၊ အခြေခံပညာအထက်တန်းပညာကိုမြင့်မားသောရမှတ်များဖြင့်အောင်မြင်ခဲ့သည့် အခြေခံကောင်းများကို ယခုတက္ကသိုလ်ပညာရပ်များ ဆည်းပူးရာတွင်လည်း ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး ကြိုးစားခဲ့သောကြောင့် ထူးချွန်စွာ အောင်မြင်ခဲ့ပြီးဖြစ်သဖြင့် ရှေ့ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်တွင်လည်း မိမိတို့၏ ရည်မှန်းချက်များ မပျောက်ပျက်၊ မယိမ်းယိုင်စေရေးအတွက် ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကြိုးစားအားထုတ်မှုရှိမှသာလျှင် ဘဝရပ်တည်မှုများမြင့်မားမည်ဖြစ်သဖြင့် မိမိတို့၏ရည်မှန်းချက်ပန်းတိုင်မပျောက်စေရေးအတွက် စဉ်ဆက်မပြတ် ဆက်လက်ကြိုးပမ်းအားထုတ်သွားရန်နှင့် မိမိကိုယ်ကို စောင့်ထိန်းနေထိုင်သွားကြရန်လိုကြောင်း၊ ပြောင်းလဲတိုးတက်နေသည့် ခေတ်နှင့်အမီလိုက်နိုင်ရေးအတွက်စာပေဖတ်ရှုလေ့လာခြင်း၊ လက်တွေ့အသုံးချခြင်း၊ မျှဝေခြင်းများကို ဆောင်ရွက်သွားရန်လည်းလိုကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ရာဒေသများအလိုက်တွင် ပြည်သူလူထုကို ဆေးပညာဖြင့်သာအကျိုးပြုရုံမကဘဲ မိမိတို့ သိရှိထားသည့် စာပေဗဟုသုတများဖြင့် နည်းကောင်းလမ်းပြပေးခြင်းဖြင့်လည်း အကျိုးပြုသွားကြရန်လိုကြောင်း။

ငယ်စဉ်ကလေးဘဝမှ တက္ကသိုလ်ရောက်သည်အထိ ကျွေးမွေးစောင့်ရှောက် သွန်သင်ပေးခဲ့သည့် ကြီးမားလှသည့် မိဘဆရာတို့၏ ဂုဏ်ကျေးဇူးကို သိတတ်နားလည် ကျေးဇူးဆပ်ရမည်ဖြစ်သကဲ့သို့ အသိပညာများနှင့် အတတ်ပညာများကို သင်ကြားပေးလိုက်သည့် တပ်မတော်ဆေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ တပ်မတော်နှင့် နိုင်ငံတော်၏ ဂုဏ်ကျေးဇူးကိုလည်း စစ်သားကောင်းတစ်ဦး၊ ဆရာဝန်ကောင်းတစ်ဦးပီသစွာ နေထိုင်ကျင့်ကြံခြင်း၊ မိမိကိုယ်ကို တန်ဖိုးထား၍ ဆက်လက်တိုးတက်အောင်နေထိုင်ခြင်း၊ သစ္စာရှိရှိဖြင့် ပေးအပ်လာသည့် တာဝန်များကိုကျေပွန်အောင်ထမ်းဆောင်ခြင်းတို့ဖြင့် ကျေးဇူးဆပ်ရမည်ဖြစ်ကြောင်း၊ ရှေ့ဆက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်လုံး အောင်မြင်သူများဖြစ်စေရေး၊ ခေါင်းဆောင်ကောင်းများဖြစ်စေရေး၊ ကြီးမားသည့်တာဝန်များကို လက်ဆင့်ကမ်းတာဝန်ပေးအပ်နိုင်ရေး မိမိဘဝကိုမိမိကြိုးစားတည်ဆောက်သွားကြရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၂၀ - ၁၂ - ၂၀၂၄ )



၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၀ ရက်နေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိ ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယ ဝန်ကြီးများ၊ အိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် များမှ ပြိုင်ပွဲဝင်အားကစားအသင်းများမှ အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ၊ တပ်မတော်သားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်တို့မှ အနုပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူ များ၊ အားကစားဝါသနာရှင်ပြည်သူများ တက်ရောက် ကြသည်။ အခမ်းအနားမစတင်မီ နိုင်ငံကျော်တေးသံရှင် များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် ဧည့်သည်တော်များသည် ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစား ပွဲတော် ဘောလုံးအားကစားပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ် ရေးဝန်ကြီးဌာနအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင် ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။ အဆိုပါပွဲစဉ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ် ရေးဝန်ကြီးဌာနအသင်းတို့သည် ဗိုလ်လုပွဲသို့တက်ရောက် လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်

တစ်ဖက် အပြန်အလှန်အကြိတ်အနယ် ဖိအားပေး ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပွဲကစားချိန် ၈၇ မိနစ်တွင် သွင်းယူခဲ့သည့် တစ်လုံးတည်းသော အဖိုးတန်အနိုင်ဂိုးဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။

ဘောလုံးအားကစားပြိုင်ပွဲ ဗိုလ်လုပွဲအပြီးတွင် ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားကို စတင်ကျင်းပရာ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းအဖြစ် သတ်မှတ်ခံရခြင်း အထိမ်းအမှတ်အဖြစ် "ရိုးရာအမွေလက်ဆင့်ကမ်း အတာသင်္ကြန် တစ်ခေတ်ဆန်း" အစီအစဉ်ဖြင့် သီဆိုသရုပ်ဖော်တင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ကျင်းပဆောင်ရွက်ခဲ့မှုအား ရိုက်ကူးတင်ဆက်ထားသည့် "အားကစား မြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်" မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသမားများသည် ကွင်းအတွင်းသို့ ဝင်ရောက်နေရာယူကြသည်။

ထို့နောက် ဘောလုံးပြိုင်ပွဲဆုချီးမြှင့်ခြင်းနှင့် တံခွန်စိုက်ဆုဖလားရရှိသော ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသင်းများကို ဆုချီးမြှင့်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးညိုစော၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ဗိုလ်ချုပ်ကြီးမြထွန်းဦးတို့က အကောင်းဆုံး ဂိုးသမားဆု၊ အကောင်းဆုံးနောက်တန်းအားကစားသမားဆု၊ အကောင်းဆုံးအလယ်တန်းအားကစားသမားဆု၊ အကောင်းဆုံး ရှေ့တန်းအားကစားသမားဆု၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရရှိကြသူများကို ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးက ဒုတိယဆုရရှိသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်လာဘ်ကောင်ရုပ်များကိုလည်းကောင်း၊ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက ဒုတိယဆုရရှိသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ် လာဘ်ကောင်ရုပ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များနှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ် လာဘ်ကောင်ရုပ်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် မသန်စွမ်းအားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသော ဧရာဝတီတိုင်းဒေသကြီးကို တံခွန်စိုက်ဆုဖလားကြီးကိုလည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲတွင်

**အမိမြန်မာနိုင်ငံတော်အတွင်း စုပေါင်းနေထိုင်ကြသည့် နိုင်ငံသားတိုင်းသည် မိမိတို့ကဏ္ဍအလိုက် ကျရာတာဝန်များကို နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် ထမ်းဆောင်နေကြသူများဖြစ်၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အနိုင်ရရှိသည့်အခါ၌ မိမိနိုင်ငံ၏အလံနှင့် နိုင်ငံတော်သီချင်း လွှင့်တင်ပြီး နိုင်ငံတကာ အလယ်တွင် ဂုဏ်ပြုခံရခြင်းထက် ဂုဏ်ယူဖွယ်၊ ဝမ်းမြောက်ဖွယ် ကောင်းသည်မှာမရှိ၊ အားကစားနှင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နေခြင်းဖြစ်။**

တံခွန်စိုက်ဆုဖလားရရှိသော ရန်ကုန်တိုင်းဒေသကြီးကို တံခွန်စိုက်ဆုဖလားကြီးကိုလည်းကောင်း၊ ဝန်ကြီးဌာန အဆင့် အားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသော ကာကွယ်ရေးဝန်ကြီးဌာနကို တံခွန်စိုက်ဆုဖလားကြီး ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က အမှာစကားပြောကြားရာတွင် ယနေ့တွင် ဒီဇင်ဘာ ၂ ရက်မှ စတင်ကျင်းပခဲ့သည့် ပဋ္ဌမအကြိမ် အမျိုးသား အားကစားပွဲတော်ကြီး အောင်မြင်စွာ ပြီးမြောက်ခဲ့ပြီဖြစ် ကြောင်း၊ ကျင်းပခဲ့သည့် ပဋ္ဌမအကြိမ် အမျိုးသားအားကစား ပွဲတော်ကြီးတွင် ပြည်ထောင်စုအဆင့်အဖွဲ့ အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများအတွက် အားကစားနည်း ၆ မျိုး၊ နေပြည်တော်ကောင်စီ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်ပြိုင်ပွဲတွင် အားကစားနည်း ၂၃ မျိုး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် မသန်စွမ်းအားကစားပြိုင်ပွဲတွင် အားကစားနည်း ၄ မျိုး သတ်မှတ်ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ် ကြောင်း၊ ပြိုင်ပွဲကြီးတွင် အားကစားသမား၊ အုပ်ချုပ်သူ၊ နည်းပြ၊ ဒိုင်လူကြီး စုစုပေါင်း (၁၀၀၀၀) ကျော် ပါဝင်ဆင်နွှဲ ခဲ့သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ယခု ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးသည်လည်း ယခင် ကျင်းပပြီးစီးခဲ့သည့် အမျိုးသားအားကစားပွဲတော်များ နည်းတူ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆင်နွှဲခဲ့ကြခြင်း ဖြစ်သည်ကို တွေ့ရကြောင်း။

ယခုအားကစားပွဲတော်ကြီးတွင် ပြည်ထောင်စု ဝန်ကြီးဌာနအသီးသီး၊ နေပြည်တော်ကောင်စီနှင့် ပြည်နယ်/ တိုင်းဒေသကြီးအသီးသီးတို့မှ တိုင်းရင်းသား ညီအစ်ကို မောင်နှမများ၏ ဆုံစည်းမှုသည် သာမန်ဆုံစည်းမှုမဟုတ် ကြောင်း၊ သန့်ရှင်းမွန်မြတ်သည့် အားကစားစိတ်ဓာတ်ကို အခြေခံပြီး တရားမျှတသည့် ယှဉ်ပြိုင်မှုများဖြင့် ရင်းနှီး ချစ်ကြည်စွာ ဆုံစည်းခဲ့ကြခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် လည်း အားကစားပြိုင်ပွဲသက်သက် ကျင်းပခြင်းထက်ပို သည့် အမျိုးသားလူပ်ရှားမှု၊ အမျိုးသားအားမာန်တို့ကို ထုတ်ဖော်ပြသသည့်ပွဲတော်၊ စည်းလုံးညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို ပြသနိုင်သည့် ပွဲတော်၊ တစ်မျိုး သားလုံး၏ ကြံ့ခိုင်သန်စွမ်းမှုနှင့် စွမ်းအားများ ဝင့်ကြွား ခံ့ထည်မှုကို ပြသနိုင်ခဲ့သည့်ပွဲတော်ကြီး ဖြစ်သည်ဟုလည်း ဆိုရမည်ဖြစ်ကြောင်း။

မြန်မာတစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် ယခု အမျိုးသားအားကစားပွဲတော်တွင် နိုင်ငံတော်၊ ပြည်သူ လူထုနှင့်သက်ဆိုင်သည့်စကားအချို့ကိုပြောလိုပါကြောင်း၊ မိမိတို့ အမိမြန်မာနိုင်ငံတော်အတွင်း စုပေါင်းနေထိုင်ကြ သည့် နိုင်ငံသားတိုင်းသည် မိမိတို့ကဏ္ဍအလိုက် ကျရာ တာဝန်များကို နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် ထမ်းဆောင်နေကြသူများဖြစ်ကြကြောင်း၊ နိုင်ငံသူ နိုင်ငံသားတိုင်း၏ တိုင်းချစ်ပြည်ချစ်စိတ်ကို ယခုနေရာမှ အလေးထားအသိအမှတ်ပြုကြောင်းကိုပြောကြားလိုကြောင်း၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အနိုင်ရရှိသည့် အခါ၌ မိမိနိုင်ငံ၏အလံနှင့် နိုင်ငံတော်သီချင်း လွှင့်တင်ပြီး နိုင်ငံတကာအလယ်တွင် ဂုဏ်ပြုခံရခြင်းထက် ဂုဏ်ယူဖွယ်၊ ဝမ်းမြောက်ဖွယ်ကောင်းသည်မှာ မရှိပါကြောင်း၊ အားကစား နှင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နေခြင်းဖြစ်ကြောင်း၊ မြန်မာ

တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးကြံ့ခိုင်မှုနှင့် စိတ်ဓာတ် ခွန်အားကိုတိုးတက်စေမည့် အမျိုးသား အားကစားပွဲတော်ကြီးကို ယခုကဲ့သို့ ကျင်းပနိုင်၊ စုစည်းနိုင်ခဲ့ခြင်းမှာလည်း မိမိတို့နိုင်ငံကို လုံခြုံအောင် ကာကွယ်ပေးနေသည့် သူရဲကောင်းများ ရှိနေခြင်းကြောင့်ပင်ဖြစ်၊ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၊ မိမိတို့ပြည်သူများကို ကာကွယ်ရင်း အသက်ပေးလှူ ကျဆုံးသွားခဲ့ရသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့ စစ်မှုထမ်းအဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ အခြားနိုင်ငံ့သားကောင်းများအားလုံးကို အထူးအလေးထား ဦးညွှတ်ဂုဏ်ပြု မှတ်တမ်းတင်ပါကြောင်းကို ပြောကြားလို။

ဟူသည့်စိတ်ကို နိုးထစေပြီး နိုင်ငံကိုကာကွယ်နေခြင်းပင် ဖြစ်ကြောင်း၊ နှစ်စဉ်တည်ရှိနေမည့် အားကစားပွဲများမှ နိုင်ငံသားတိုင်း၏ နိုင်ငံချစ်စိတ်၊ နိုင်ငံအပေါ်ဂုဏ်ယူလို စိတ်များကို တိုးတက်စေနိုင်မည်ဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံသည် ပြည်တွင်း၊ ပြည်ပအန္တရာယ်များ ဝင်ရောက်စွက်ဖက်မှုများဖြင့် ကြုံတွေ့နေရချိန်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသာမက မဟာဗျူဟာ အချက်အချာကျသည့် ကမ္ဘာ့နိုင်ငံငယ်အများစုသည်လည်း ယင်းအခြေအနေနှင့် ကြုံနေရကြောင်း၊ ထိုကဲ့သို့ အဘက်ဘက်မှ ထိုးနှက်တိုက်ခိုက်နေမှုများအပေါ် ပြည်သူလူထု၊ အစိုးရ၊ တပ်မတော်တို့၏ ပေါင်းစည်းအား၊ ညီညွတ်သော စိတ်ဓာတ်တို့ဖြင့် ကာကွယ်ရန်လိုကြောင်း၊ အထူးအလေး အနက်ထား ပြောကြားလိုသည်မှာ ထိုကဲ့သို့ အခက်အခဲများအကြား နိုင်ငံ၏ နေရာဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၏ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် တာဝန်ထမ်းဆောင်နေမှုများကို အသိအမှတ်ပြုဂုဏ်ပြုပါကြောင်းကိုပြောကြားလိုကြောင်း၊ တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့်၊ အမျိုးသားရေးကြံ့ခိုင်မှုနှင့် စိတ်ဓာတ်ခွန်အားကိုတိုးတက်စေမည့် အမျိုးသား အားကစားပွဲတော်ကြီးကို ယခုကဲ့သို့ ကျင်းပနိုင်၊ စုစည်းနိုင်ခဲ့ခြင်းမှာလည်း မိမိတို့နိုင်ငံကို လုံခြုံအောင် ကာကွယ်ပေးနေသည့် သူရဲကောင်းများရှိနေခြင်းကြောင့်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၊ မိမိတို့ပြည်သူများကိုကာကွယ်ရင်း အသက်ပေးလှူ ကျဆုံးသွားခဲ့ရသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်မှုထမ်းအဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ အခြားနိုင်ငံ့သားကောင်းများအားလုံးကိုအထူးအလေးထား ဦးညွှတ်ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းကို ပြောကြားလိုကြောင်း။

ယခုပြိုင်ပွဲကြီးဖြစ်မြောက်အောင် ကဏ္ဍအသီးသီးမှ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများကိုနိုင်ငံတော်အဆင့်ခမ်းခမ်းနားနား ကျင်းပနိုင်အောင် စီမံဆောင်ရွက်ပေးခဲ့ကြသူများနှင့် ပါဝင်ဆောင်ရွက်ကြသည့်ပြည်ထောင်စုဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ဝန်ထမ်းများ၊အနုပညာရှင်များ၊ကျောင်းသား၊ ကျောင်းသူများ၊ အားကစားပြိုင်ပွဲများတွင် တာဝန်ထမ်းဆောင်ပေးခဲ့ကြသည့် အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဒိုင်များ၊ ဂျူရီများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အားကစားသမားများ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ပြောကြားလိုကြောင်း။

ယခုပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို ကျင်းပခဲ့ခြင်းသည် လာမည့် ၂၀၂၅ ခုနှစ်တွင် ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ၂၀၂၆ ခုနှစ်အတွင်း ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၁၃) ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် အောင်မြင်မှုများ ရရှိရေးအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယခုပြိုင်ပွဲကြီးမှ ရွေးချယ်ရရှိသည့် အရည်အချင်းမီ အားကစားသမားများကို ပြန်လည်စုဖွဲ့လေ့ကျင့်ပြီး ရည်ရွယ်ချက်များအတိုင်း ပေါက်မြောက်အောင်မြင်စေရေး အတွက် ဆက်လက်ကြိုးပမ်း အလေးထား ဆောင်ရွက်သွားကြရန်လိုကြောင်း။

ယခုပြိုင်ပွဲကြီးတွင်ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့်အားကစား မောင်တို့မယ်တို့အနေဖြင့် လေ့ကျင့်သားပြည့်ဝမှု၊ စံချိန်စံညွှန်းကောင်းမွန်မှု၊ ဉာဏ်ရည်ထက်မြက်မှု၊ စည်းလုံးညီညွတ်မှု၊ ဇွဲလုံ့လရှိမှု၊ စည်းကမ်းလိုက်နာမှု၊ စာရိတ္တကောင်းမွန်မှု၊ အပြန်အလှန်နားလည်မှု၊ နွေးထွေးသည့် ချစ်ကြည်ရင်းနှီးမှု၊ ပွင့်လင်းသည့် အမြင်ချင်းဖလှယ်မှု များဖြင့် အားကစားကဏ္ဍမှသည် ဖွံ့ဖြိုးတိုးတက်သည့် လူမှုအသိုက်အဝန်းဆီသို့တက်လှမ်းနိုင်ကြပါစေကြောင်း၊ လူငယ်လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးနိုင်ကြပါစေကြောင်း၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို အားကစားဖြင့် မြှင့်တင်ဆောင်ရွက်ပေးနိုင်သူများ ဖြစ်ကြပါစေကြောင်းကို ဆန္ဒပြုတိုက်တွန်းပါကြောင်းပြောကြားသည်။

■ ■ ■

# ခရစ်တော်မွေးနေ့ (ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၂၂ - ၁၂ - ၂၀၂၄ )





မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်ပေါင်းစုံ အဖွဲ့ချုပ်ကြီးများ ကြီးမှူးကျင်းပသည့် ခရစ်တော်မွေးနေ့ (ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် မိတ်သဟာယ ညစာစားပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၂ ရက်နေ့ ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်ရှိ St. Mary's Cathedral Church ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့တော်ဝန်၊ မြန်မာနိုင်ငံခရစ်ယာန်ကောင်စီမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံကက်သလစ် သာသနာမှဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ဇေဝဂေလိ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ခရစ်တော်သာသနာပြန့်ပွားမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မြန်မာနိုင်ငံရှိ ခရစ်ယာန်ဘာသာဝင်များ၊ ကက်သလစ်လူငယ်အဖွဲ့များနှင့် ခရစ်ယာန်ဘာသာဝင် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် St. Mary's Cathedral Church သို့ ရောက်ရှိကြရာ ကက်သလစ် ဂိုဏ်းချုပ်သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုနှင့် သင်းအုပ်ဆရာကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် အခမ်းအနားကို စတင်ကျင်းပရာ သိက္ခာတော်ရဆရာမျိုးမြင့်ဦးက အဖွင့်ဆုတောင်းပြီး သာသနာပိုင်ချုပ်ကြီး စတီဗင်သန်းမြင့်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် "အိုသာယာသောမြန်မာပြည်" ဓမ္မသီချင်းကို သံပြိုင်သီဆိုချီးမွမ်းကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ခရစ္စမတ်နှုတ်ခွန်းဆက် စကားပြောကြားရာတွင် ယေရှုခရစ်တော်မွေးဖွားခြင်းကို အထိမ်းအမှတ်ပြုသည့်နေ့အဖြစ် ခရစ္စမတ်နေ့ကို ကျင်းပကြခြင်းဖြစ်ပြီး ခရစ္စမတ်ကာလသည် လူအများကိုပြုံးပျော်စေသည့်၊ ပျော်ရွှင်ချမ်းမြေ့စေသည့် ကာလတစ်ခုဟု ဆိုနိုင်ကြောင်း။

ဘာသာတရားနှင့်ပတ်သက်ပြီး လူသားတိုင်းသည် မိမိတို့ယုံကြည်ရာ ဘာသာ၊ သာသနာကို လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်သည့် အခွင့်အရေးရှိကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ဘာသာ၊ သာသနာများနှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ်တွင် ပုဒ်မများ ပြဋ္ဌာန်းပြီး ဥပဒေကြောင်းအရ အာမခံချက်ပေးထားပြီးဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း၏ ဘာသာ၊ သာသနာရေးတွင် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်ခွင့် အညီအမျှရရှိရေးကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းဖော်ပြထားပြီးဖြစ်ကြောင်း။

ဘာသာတရားဟူသည်မှာ လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းစေရေးအတွက် အဆုံးအမတစ်ခုပင်ဖြစ်သည်ဟု မိမိယုံကြည်ပါကြောင်း၊ အသိတရားတစ်ခုလည်းဖြစ်ပြီး ဘာသာတရားမှတစ်ဆင့် ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုများကို ဆောင်ကြဉ်းပေးရမည်ဖြစ်ကြောင်း၊ လူသားတို့၏ အတွင်းစိတ်သန္တာန်အေးချမ်းမှသာ လူမှုဝန်းကျင်တစ်ခုလုံးငြိမ်းအေးမှုအရသာကို ခံစားကြရမည်ဖြစ်ကြောင်း၊ ကိုးကွယ်သည့်ဘာသာတရားများ မတူကွဲပြားသော်လည်း လူအချင်းချင်းကြားတွင် မေတ္တာတရားများ ဖုံးလွှမ်းနေရေးအတွက် ဘာသာတရားများ၏ အခြေခံဖြစ်သည့် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းတို့ကို လိုက်နာရမည် ဖြစ်သကဲ့သို့ အစွန်းရောက်ခြင်း၊ တစ်ယူသန်ခြင်းတို့ကိုလည်း ရှောင်ကြဉ်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ ယုံကြည်မှုပေါင်းစုံ သဟဇာတဖြစ်စွာ အတူယှဉ်တွဲစုစည်းနေထိုင်ခဲ့ကြသည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ ထိုသို့ မတူကွဲပြားမှုများကြားတွင် မိမိတို့သည် သဘောထားကြီးစွာဖြင့် အပြန်အလှန်သည်းခံမှု၊ နားလည်ပေးနိုင်မှုများဖြင့် စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့ကြကြောင်း၊ ယင်းကို မိမိတို့ ဆက်လက်ကာကွယ်ထိန်းသိမ်းသွားကြရန်လိုပြီး အထူးသဖြင့် သက်ဆိုင်ရာ ဘာသာအလိုက် ဘာသာရေးခေါင်းဆောင်များက မိမိတို့ဘာသာဝင်များကို အသိ၊ ပညာ၊ စိတ်ဓာတ်များ ကောင်းမွန်အောင် တည့်မတ်ပေးကြရန် တိုက်တွန်းလိုကြောင်း။

မိမိတို့ အစိုးရအနေဖြင့်လည်း ပြည်သူအားလုံးလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ် ပြန်လည်ရောက်ရှိရေးအတွက် ရှေ့လုပ်ငန်းစဉ်များ၊ အမျိုးသားရေးနှင့် နိုင်ငံရေး ရည်မှန်းချက်များ ချမှတ်ပြီး ကြိုးစားဆောင်ရွက်ပေးနေကြောင်း၊ အတူယှဉ်တွဲနေထိုင်ကြသည့် လူ့အဖွဲ့အစည်းတစ်ခု အတွင်း၌ ကြုံတွေ့လာသည့် ပြဿနာများကို ဒီမိုကရေစီနည်းလမ်းဖြစ်သည့် တွေ့ဆုံဆွေးနွေးအဖြေရှာခြင်း နည်း

**ဘာသာတရားနှင့်ပတ်သက်ပြီး လူသားတိုင်းသည် မိမိတို့ယုံကြည်ရာ ဘာသာ၊ သာသနာကို လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်သည့် အခွင့်အရေးရှိ၊ ဘာသာတရားဟူသည်မှာ လူ့အဖွဲ့အစည်း အတွင်း ငြိမ်းချမ်းစေရေးအတွက် အဆုံးအမတစ်ခုပင်ဖြစ်၊ အသိတရားတစ်ခု လည်းဖြစ်ပြီး ဘာသာတရားမှတစ်ဆင့် ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုများကို ဆောင်ကြဉ်းပေးရမည်ဖြစ်၊ ကိုးကွယ်သည့် ဘာသာတရားများ မတူကွဲပြားသော်လည်း လူအချင်းချင်းကြားတွင် မေတ္တာတရားများ ဖုံးလွှမ်းနေရေးအတွက် ဘာသာတရား များ၏ အခြေခံဖြစ်သည့် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းတို့ကို လိုက်နာရမည် ဖြစ်သကဲ့သို့ အစွန်းရောက်ခြင်း၊ တစ်ယူသန်ခြင်းတို့ကိုလည်း ရှောင်ကြဉ်ကြရမည်ဖြစ်။**

လမ်းကသာ အောင်မြင်စေနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံရေးပြဿနာ တစ်နည်းအားဖြင့် နိုင်ငံရေးအရ တောင်းဆိုလိုမှုကို နိုင်ငံရေးနည်းလမ်းဖြင့်သာ ဖြေရှင်းရမည်ဖြစ်ကြောင်း၊ လက်နက်ကိုင်လမ်းစဉ်ဖြင့် တောင်းဆို၍ ရနိုင်မည်မဟုတ်ကြောင်း၊ ထိုကဲ့သို့ လက်နက်ကိုင် အကြမ်းဖက်မှုလမ်းစဉ်ကို မည်သည့်လူ့အဖွဲ့အစည်းကမျှ လက်မခံသကဲ့သို့ မိမိတို့အားလုံးကလည်း ဆန့်ကျင်ကြရန်လိုကြောင်း။

မြန်မာနိုင်ငံအတွင်း၌ ဗုဒ္ဓဘာသာကိုးကွယ်သူဦးရေ အများဆုံးရှိပြီး ခရစ်ယာန်ဘာသာကိုးကွယ်သူဦးရေသည် ဒုတိယအများဆုံးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ တည်ငြိမ်အေးချမ်းရန်၊ ကြွယ်ဝချမ်းသာရန် ခရစ်ယာန်ဘာသာရေး အဖွဲ့အစည်းများနှင့် ဘာသာဝင်များက အရေးကြီးသည့် နေရာတွင်ရှိနေကြောင်း၊ ထို့ကြောင့် ကျရာကဏ္ဍအသီးသီးမှ ပါဝင်ပေးကြရန် မေတ္တာရပ်ခံတိုက်တွန်းပြောကြားလိုကြောင်း၊ ယခုခရစ္စမတ်အချိန်အခါကစပြီး ဘုရားရှင်၏ လမ်းညွှန်ချက်များနှင့်အညီ မိမိတို့ မြန်မာနိုင်ငံသာမကပဲ ကမ္ဘာတစ်ဝန်းရှိ ပြည်သူပြည်သားအားလုံး တစ်ဦးအပေါ် တစ်ဦးနားလည်မှု၊ သည်းခံပေးမှု စိတ်ထားများဖြင့် တည်ငြိမ်အေးချမ်းသာယာလှပသည့် လူ့အဖွဲ့အစည်းတစ်ခု တည်ဆောက်သွားကြရန် နှုတ်ဆက်လျက် ခရစ္စမတ်ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

■ ■ ■

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်ခန်းမဖွင့်ပွဲနှင့် ရာပြည့်သဘင်အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၂၂ - ၁၂ - ၂၀၂၄ )





စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်နှစ် (၁၀၀)ပြည့် ရာပြည့် ခန်းမဖွင့်ပွဲနှင့် ရာပြည့်သဘင်အခမ်းအနားအား ဒီဇင်ဘာလ ၂၂ ရက်နေ့ နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်၌ ကျင်းပ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီး များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်မှ အငြိမ်းစားပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ကထိကများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ပညာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေတို့က ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်နှစ် (၁၀၀)ပြည့် ရာပြည့် သဘင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်နှစ် (၁၀၀)ပြည့်အထိမ်းအမှတ် ရာပြည့်ခန်းမ ကမ္ပည်းမော်ကွန်းကျောက်စာနှင့် ရာပြည့်ခန်းမ ဆိုင်းဘုတ် ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ထို့နောက် တက်ရောက်လာကြသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ဆက်လက်ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာ ကြသူများသည် ရာပြည့်ဘက်စုံသုံး ခန်းမအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ၿငင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာ

ကြသူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှစ် (၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနား ကျင်းပမည့် ဘွဲ့နှင်းသဘင်ခန်းမသို့ သွားရောက်ကြရာ လမ်းဘေးဝဲယာ တစ်လျှောက်တွင် ကျောင်းသား၊ ကျောင်းသူများနှင့် တိုင်းရင်းသားမောင်မယ်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ် (၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနားကို ကျင်းပပြုလုပ်ရာ ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် တက္ကသိုလ်နှစ် (၁၀၀)ပြည့် သမိုင်းမှတ်တမ်း

> **စိုက်ပျိုးရေးတက္ကသိုလ်အနေဖြင့် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရှင်ပေါင်းများစွာကို သင်ကြားမွေးထုတ်ဖြည့်ဆည်းပေးနေသောကြောင့် ဂုဏ်ယူဖွယ် တက္ကသိုလ်ကြီးဖြစ်၊ နှစ် (၁၀၀)ကာလအတွင်း တက္ကသိုလ် အနေဖြင့် နိုင်ငံတော်က အားထားရမည့် အသိပညာရှင် အတတ်ပညာရှင်များအဖြစ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ရ ၁၃၁၉၇ ဦး၊ မဟာသိပ္ပံဘွဲ့ရ ၆၇၃ ဦး၊ ပါရဂူဘွဲ့ရ ၈၅ ဦး၊ ဘွဲ့လွန်ဒီပလိုမာ လက်မှတ်ရ ၇၀ ဦးနှင့် မဟာဒဿနဘွဲ့ရ ၁၁ ဦးတို့ကို မွေးထုတ်နိုင်ခဲ့သည်ကိုတွေ့ရ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြင့် အများဆုံး အသက်မွေးဝမ်းကျောင်းပြုနေကြသည့် ကျေးလက်နေပြည်သူများ၏ အကျိုးစီးပွားကို ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်ရေး ဦးစားပေးရမည်ဖြစ်။**

ရုပ်သံဖိုင်အား ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်အထိမ်းအမှတ် အမှာစကားပြောကြားရာတွင် မိမိတို့ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းသည် တိုင်းရင်းသားပြည်သူအများစု၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်၏ နိုင်ငံရေး၊ လူမှုရေးကဏ္ဍများနှင့်လည်း တိုက်ရိုက်ဆက်စပ်နေပြီး နိုင်ငံ့စီးပွားရေး၏ အသက်သွေးကြောလည်းဖြစ်ကြောင်း၊ ရှေးမြန်မာဘုရင်များ လက်ထက်ကတည်းက ပြည်သူလူထု၏ လူမှုဘဝအခြေအနေ တိုးတက်ကောင်းမွန်ရေးနှင့် စားရေရိက္ခာဖူလုံရုံမက ပိုလျှံရေးအတွက် စိုက်ပျိုးရေးကိုအလေးထားလုပ်ဆောင်ပေးခဲ့သည့် အစဉ်အလာရှိခဲ့ကြောင်း၊ ခေတ်အဆက်ဆက်က အစိုးရအဆက်ဆက်ကလည်း မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးတိုးတက်ဖွံ့ဖြိုးဖို့ မူဝါဒများချမှတ်ပြီး ကြိုးပမ်းလုပ်ဆောင်ခဲ့ကြသည်ကိုလည်း အားလုံးအသိပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ဒေသအလိုက် သီးနှံမျိုးစုံဖြစ်ထွန်းရှင်သန်စေနိုင်မည့် မတူညီသည့် ရာသီဥတု၊ မြေအမျိုးအစား၊ သဘာဝဂေဟစနစ်၊ စိုက်ပျိုးရေး အရင်းအမြစ်စသည့် စိုက်ပျိုးရေးကို အထောက်အကူပြုသည့် အခြေခံကောင်းများ ပြည့်စုံကြွယ်ဝသည့် နိုင်ငံဖြစ်ကြောင်း၊ ထို့ပြင် တိုင်းရင်းသားလူမျိုးပေါင်းစုံက ဒေသအနှံ့တွင် ပျံ့နှံ့နေထိုင်နေကြခြင်းကြောင့် စိုက်ပျိုးရေးအတွက် အဓိကလိုအပ်သည့် လူသားစွမ်းအင်အရင်းအမြစ်များ ခိုင်မာတောင့်တင်းနေပြီး စိုက်ပျိုးရေးအတွက် အားသာချက်ကို ဖြစ်စေကြောင်း။

စိုက်ပျိုးရေးတက္ကသိုလ်၏ သမိုင်းမှတ်တမ်းကို လေ့လာကြည့်သည့်အခါ၌ ကိုလိုနီလက်အောက်ကျရောက်ခဲ့ပြီး ဆယ်စုနှစ်ကာလများတွင် မြန်မာနိုင်ငံ၏ ရေခံမြေခံကောင်းကို အသုံးချနိုင်ရန် အိန္ဒိယနိုင်ငံကို စိုက်ပျိုးရေး အတတ်ပညာသင်များ စေလွှတ်ခဲ့ကြသည်ကိုတွေ့ရကြောင်း၊ ယင်းကာလတွင် ပညာသင်စေလွှတ်ခဲ့သူ ၄၀ ဦးအနက် ၁၉ ဦးသည် မိမိတို့နိုင်ငံ စိုက်ပျိုးရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး ၂၁ ဦးမှာ အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည်ဟု သိရပါကြောင်း။

မိမိတို့နိုင်ငံ၏ သီးနှံများကို နိုင်ငံတကာဈေးကွက်

ဝင်စေရန် မိမိတို့၏ မိရိုးဖလာသီးနှံစိုက်ပျိုးထုတ်လုပ်မှု စနစ်သည် လိုအပ်ချက်များ၊ အားနည်းချက်များရှိနေသည်ကို လေ့လာသိရှိလာခဲ့ကြကြောင်း၊ အကျိုးအမြတ်ရှိပြီး ခိုင်မာ သေချာသည့် သီးနှံထုတ်လုပ်မှုဖြစ်လာနိုင်ရန် တိုးတက် ဖွံ့ဖြိုးလာသည့် စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်များနှင့်အညီ လိုက်ပါတွေးခေါ်ဆောင်ရွက်နိုင်စွမ်းရှိသည့် ပြည်တွင်း စိုက်ပျိုးရေးပညာရှင်များ ရှိမှဖြစ်မည်ဆိုသည်ကို သတိပြုမိ လာခဲ့ကြကြောင်း။

ထို့ကြောင့် လိုအပ်သည့် စိုက်ပျိုးရေးပညာရှင်များကို မွေးထုတ်ပေးနိုင်ရန် စိုက်ပျိုးရေးကောလိပ်နှင့် သုတေသန ဗိမာန်ကို ၁၉၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်တွင် မန္တလေး မြို့၌ စတင်တည်ထောင်ဖွင့်လှစ်ခဲ့သည်ဟုသိရကြောင်း၊ ယင်းကာလကတည်းက စိုက်ပျိုးရေးပညာရှင်များအနေဖြင့် နိုင်ငံ၏ ရေခံမြေခံကောင်းကိုအသုံးချပြီး လယ်ယာ စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံအဖြစ်ရပ်တည်နိုင်ရန် ကိုယ့်အားကိုယ်ကိုးပြီး ကြိုးပမ်းခဲ့ကြသည်ကို လေးစား ဂုဏ်ယူအသိအမှတ်ပြုပါကြောင်း၊ ၁၉၆၄ ခုနှစ်၊ အောက်တို ဘာလ ၁ ရက်တွင် စိုက်ပျိုးရေးကောလိပ်ကို စိုက်ပျိုးရေး တက္ကသိုလ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ကြောင်း၊ ၁၉၇၃ ခုနှစ် တွင် စိုက်ပျိုးရေးတက္ကသိုလ်ကို စိုက်ပျိုးရေးအတွက် အခြေခံ လိုအပ်ချက်များ ပြည့်စုံနေသည့် ပျဉ်းမနားမြို့နယ်၊ ရေဆင်း ဒေသသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကြောင်း။

စိုက်ပျိုးရေးတက္ကသိုလ်အနေဖြင့် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရှင် ပေါင်းများစွာကို သင်ကြားမွေးထုတ်ဖြည့်ဆည်းပေးနေ သောကြောင့် ဂုဏ်ယူဖွယ် တက္ကသိုလ်ကြီးဖြစ်ကြောင်းကို ပြောလိုကြောင်း၊ ယခုနှစ် ၂၀၂၄ ခုနှစ်သည်လည်း နိုင်ငံ၏ စိုက်ပျိုးရေးဆိုင်ရာ လူသားအရင်းအမြစ်များကို နိုင်ငံ တကာနည်းတူ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိက ကျသည့် စိုက်ပျိုးရေးပညာသင်ကြားမှုအစပြုခဲ့သည်မှာ နှစ်(၁၀၀)ပြည့်မြောက်သည့်နှစ်ဖြစ်သဖြင့် အင်မတန် ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

စိုက်ပျိုးရေးကောလိပ် စတင်ဖွင့်လှစ်ချိန်၌ "၃ နှစ် စိုက်ပျိုးရေး ဒီပလိုမာ" အောင်လက်မှတ် ချီးမြှင့်သည့် အဆင့်မှ ဥပစာတန်းအောင်မြင်သူများ ၂ နှစ် တက်ရောက် နိုင်သည့် သိပ္ပံဘွဲ့(စိုက်ပျိုးရေး) B.Sc (Agri)၊ သိပ္ပံဘွဲ့ (ပိုး မွေးမြူရေး) B.Sc (Sericulture) တို့ကို ပေးအပ်ခဲ့ကြောင်း၊ ၁၉၆၄ ခုနှစ် စနစ်သစ်ပညာရေးကစပြီး စိုက်ပျိုးရေးပညာ ဘွဲ့ (Bachelor of Agriculture)၊ စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science) တို့ကို အပ်နှင်းခဲ့ ကြောင်း၊ လက်ရှိအချိန်၌ မဟာဘွဲ့၊ ပါရဂူဘွဲ့များအပြင် တိုးတက်ပြောင်းလဲလာနေသည့် ခေတ်နှင့်အညီ သင်ကြား ပေးနိုင်ရေး သင်ရိုးညွှန်းတမ်း၊ သင်နည်းစနစ်၊ သုတေသန များကို နိုင်ငံတကာရှိ တက္ကသိုလ်များ အဆင့်နှင့်ကိုက်ညီ အောင် ပြုပြင်မွမ်းမံသင်ကြားပေးနေပြီး စိုက်ပျိုးရေးနှင့် နီးနွယ်သော ပညာရပ်ဆိုင်ရာဘွဲ့များ တိုးချဲ့သင်ကြား ပေးနေသည့်အတွက် အလွန်အားရဖွယ် အနေအထား ဖြစ်ကြောင်းကို အသိအမှတ်ပြုပြောကြားလိုကြောင်း။

နှစ် (၁၀၀)ကာလအတွင်း တက္ကသိုလ်အနေဖြင့် နိုင်ငံ တော်က အားထားရမည့် အသိပညာရှင် အတတ်ပညာရှင် များအဖြစ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ရ ၁၃၁၉၇ ဦး၊ မဟာသိပ္ပံ ဘွဲ့ရ ၆၇၃ ဦး၊ ပါရဂူဘွဲ့ရ ၈၅ ဦး၊ ဘွဲ့လွန်ဒီပလိုမာ လက်မှတ်ရ ၇၀ ဦးနှင့် မဟာဒဿနဘွဲ့ရ ၁၁ ဦးတို့ကို မွေးထုတ်နိုင်ခဲ့သည်ကိုတွေ့ရကြောင်း၊ ထိုကဲ့သို့ မွေးထုတ် ပေးနိုင်ခဲ့သောကြောင့် နိုင်ငံ့အတွက် အကျိုးကျေးဇူးများ ရရှိစေခဲ့ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်၏ တာဝန်ကိုယူပြီးချိန်တွင် "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍ များကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက် ရေး" နှင့် "ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက် သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်း ချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်း ဆောင်ရွက်ရေး"ဟူသည့် စီးပွားရေး ဦးတည်ချက်များကို ထည့်သွင်းချမှတ်ပြီး နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင်၊ နိုင်ငံအတွင်း စားရေရိက္ခာဖူလုံပိုလျှံအောင် ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်နေကြောင်း။

နိုင်ငံတော်တွင်ရှိသည့် သီးနှံစိုက်ဧကစုစုပေါင်း ၃၃ သန်းမှ အရေးကြီးသီးနှံများကို ဦးစားပေးပြီး ပြည်တွင်း စားရေရိက္ခာ ဖူလုံမှုရှိစေရေး၊ ပြည်ပကို တိုးချဲ့တင်ပို့ ရောင်းချနိုင်ရေးနှင့် သွင်းကုန်အစားထိုး ပမာဏတိုးတက်

ထုတ်လုပ်နိုင်ရေးအတွက် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး ကြိုးစားလုပ်ဆောင်လျက်ရှိကြောင်း၊ ပန်းတိုင်ရည်မှန်းချက်သည် အကြိမ်ကြိမ် သုတေသနပြုပြီးမှ ဖော်ထုတ်ထားခြင်းဖြစ်သဖြင့် ဒေသအလိုက် ပန်းတိုင်ပြည့်မီရေး စနစ်တကျ သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ သီးထပ်စွမ်းအားမြှင့်တင်နိုင်မှုသည်လည်း နိုင်ငံ၏ ကုန်ထုတ်စွမ်းအားတိုးတက်ပြီး GDP ပမာဏ တိုးတက်လာစေမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ကြသည့်နေရာတွင် စိုက်ပျိုးရေးပညာရှင်များ၏ အခန်းကဏ္ဍသည် အရေးကြီးသကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်းနှင့်ဆက်စပ်နေသည့် အခြားဆက်စပ်ကဏ္ဍများက ပညာရှင်များဖြင့် ချိတ်ဆက်လုပ်ဆောင်မှုသည်လည်း အရေးကြီးကြောင်း။

ထိုသို့ ချိတ်ဆက်ဆောင်ရွက်သည့် လုပ်ငန်းများ အဆင်ပြေအောင်မြင်စေရေး တက္ကသိုလ်စတင်တည်ထောင်စဉ် ကာလတွင် "သင်ကြားရေးနှင့်သုတေသန" ဟူသည့် လုပ်ငန်းနယ်ပယ် နှစ်ရပ်ကို ဦးစားပေးခဲ့ကြောင်း၊ ယခုအချိန်တွင် "သင်ကြားရေး၊ သုတေသနနှင့် နည်းပညာ ပြန့်ပွားရေး"ဟူသည့် လုပ်ငန်းစဉ်ကြီး သုံးရပ်အဖြစ် တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ကြရာတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြင့် အများဆုံး အသက်မွေးဝမ်းကျောင်းပြုနေကြသည့် ကျေးလက်နေပြည်သူများ၏ အကျိုးစီးပွားကို ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်ရေး ဦးစားပေးရမည်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

ထိုကဲ့သို့ လက်တွေ့ကျပြီး အကျိုးဖြစ်ထွန်းစေမည့် သိပ္ပံနည်းကျ စိုက်ပျိုးရေးပညာများကို ကျေးလက်နေ စိုက်ပျိုးရေးပြည်သူများထံသို့ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိပြီး အသုံးချနိုင်စေရေး စိုက်ပျိုးရေးသိပ္ပံဘွဲ့ရ ပညာရှင်များသာမက အလယ်အလတ်တန်း စိုက်ပျိုးရေးပညာရှင်များနှင့် အခြေခံအဆင့် စိုက်ပျိုးရေးကျွမ်းကျင်လုပ်သားများ များစွာမွေးထုတ်ပေးရန်လည်းလိုအပ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးဒီပလိုမာ အောင်လက်မှတ်ပေးသည့် ယခင် စိုက်ပျိုးရေးသိပ္ပံကျောင်းများအပြင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ကစပြီး စိုက်ပျိုးရေးဘာသာရပ်သင်ကြားပေးသည့် အထက်တန်းကျောင်း ၈၅ ကျောင်းကိုလည်း နိုင်ငံတစ်ဝန်းဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးရေးသိပ္ပံကျောင်းများနှင့် စိုက်ပျိုးရေးဘာသာရပ် သင်ကြားပေးသည့် အထက်တန်းကျောင်းများမှ ထူးချွန်စွာအောင်မြင်ကြသူများကိုလည်း သတ်မှတ်အရည်အချင်းနှင့်အညီ အဆင့်ဆင့်စိစစ်ပြီး စိုက်ပျိုးရေးပညာရှင်များအဖြစ် မွေးထုတ်ပေးနိုင်ရေး တက္ကသိုလ်က အားထုတ်ဆောင်ရွက်နေကြသည်ကို သိရှိရသည့်အတွက် ကျေနပ်အားရဖြစ်မိကြောင်း။

စိုက်ပျိုးရေးတက္ကသိုလ်၏အရေးပါမှုကိုအသိအမှတ်ပြု

> သိပ္ပံနည်းကျ စိုက်ပျိုးရေးပညာများကို ကျေးလက်နေစိုက်ပျိုးရေးပြည်သူများထံသို့ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိပြီး အသုံးချနိုင်စေရေး စိုက်ပျိုးရေးသိပ္ပံဘွဲ့ရ ပညာရှင်များသာမက အလယ်အလတ်တန်း စိုက်ပျိုးရေးပညာရှင်များနှင့် အခြေခံအဆင့် စိုက်ပျိုးရေးကျွမ်းကျင်လုပ်သားများ များစွာမွေးထုတ်ပေးရန်လည်းလိုအပ်၊ ကိုယ့်ခွန်၊ ကိုယ့်အား၊ ကိုယ့်စွမ်းပကားဖြင့် နိုင်ငံအကျိုးပြု စားရေရိက္ခာ ပြည့်စုံဖူလုံစေရေး ဆောင်ရွက်နေကြသည့် စိုက်ပျိုးရေးပညာရှင် မျိုးဆက်ဟောင်း၊ မျိုးဆက်သစ်များ၏ အခန်းကဏ္ဍသည် ရာပြည့်သမိုင်းတွင် မှတ်တမ်းထိုးခဲ့ကြပြီးဖြစ်၊ မွန်မြတ်လှပြီး အတ္တနှင့်ပရ အကျိုးနှစ်ဝကိုရစေသည့် စိုက်ပျိုးနည်းပညာရပ်များကို ပြန့်ပွားတိုးတက်စေရေး မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းမျှဝေပေးပြီး အနာဂတ်စိုက်ပျိုးရေးကဏ္ဍ အောင်မြင်တိုးတက်စေရန် စွမ်းစွမ်းတမံ ဆက်လက် လုပ်ဆောင်သွားကြရန်လည်း တိုက်တွန်းမှာကြားလို။

ချီးမြှောက်သည့်အနေဖြင့် အစိုးရအဆက်ဆက်သည် တက္ကသိုလ်၏ အထင်ကရ အထိမ်းအမှတ်နှစ်များတွင် အထင်ကရအဆောက်အဦများဆောက်လုပ်ပြီး မှတ်တမ်းတင် ဂုဏ်ပြုခဲ့ကြကြောင်း၊ စိန်ရတုနှစ်ဖြစ်သည့် ၁၉၉၉ ခုနှစ်တွင် ဂုဏ်ကျက်သရေတင့်တယ်သည့် စိန်ရတုဓမ္မာရုံနှင့် သေသပ်လှပသည့် စိန်ရတုအစည်းအဝေးခန်းမ၊ တက္ကသိုလ်နှစ် (၉၀) ပြည့်သည့် ၂၀၁၄ ခုနှစ်တွင် ခမ်းနားထည်ဝါသည့် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမကို တည်ဆောက်မှတ်တမ်းတင်ပေးခဲ့ကြောင်း၊ ယခု တက္ကသိုလ်နှစ် (၁၀၀)ပြည့် အခါသမယတွင် နိုင်ငံတကာအဆင့်မီ ရာပြည့်ခန်းမအဆောက်အဦကြီးကို အထင်ကရ သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ဂုဏ်ပြုချီးမြှင့်တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သည်မှာ အလွန်ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ တည်ဆောက်ပေးခဲ့သည့် အဆောက်အဦများကို တန်ဖိုးရှိစွာ အသုံးပြုနေကြဆဲဖြစ်သကဲ့သို့ ယခုဖွင့်လှစ်သည့် ရာပြည့်ခန်းမ အဆောက်အဦကိုလည်း ပညာရပ်ဆိုင်ရာ အခမ်းအနားများ၊ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများအတွက် အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးပြုသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ကိုယ့်ခွန်၊ ကိုယ့်အား၊ ကိုယ့်စွမ်းပကားဖြင့် နိုင်ငံအကျိုးပြု စားရေရိက္ခာ ပြည့်စုံဖူလုံစေရေး ဆောင်ရွက်နေကြသည့် စိုက်ပျိုးရေးပညာရှင် မျိုးဆက်ဟောင်း၊ မျိုးဆက်သစ်များ၏ အခန်းကဏ္ဍသည် ရာပြည့်သမိုင်းတွင် မှတ်တမ်းထိုးခဲ့ကြပြီးဖြစ်ကြောင်း၊ ထိုကဲ့သို့ မှန်မြတ်လှပြီး အတ္တနှင့်ပရ အကျိုးနှစ်ဝကိုရစေသည့် စိုက်ပျိုးနည်းပညာရပ်များကို ပြန့်ပွားတိုးတက်စေရေး မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းမျှဝေပေးပြီး အနာဂတ်စိုက်ပျိုးရေးကဏ္ဍ အောင်မြင်တိုးတက်စေရန် စွမ်းစွမ်းတမံ ဆက်လက်လုပ်ဆောင်သွားကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။

စိုက်ပျိုးရေးတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအပြင် အခြားသောဌာနနှင့် နယ်ပယ်အသီးသီးတွင် ကျရာအခန်းကဏ္ဍမှ ဦးလည်မသုန်ထမ်းရွက်ခဲ့ကြသည့် ပညာရှင်များကို ချီးကျူးဂုဏ်ပြုပါကြောင်းနှင့် တာဝန်ထမ်းဆောင်နေဆဲပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် စိုက်ပျိုးရေးအကျိုးကို ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များကိုလည်း နိုင်ငံအကျိုးဆတက်ထမ်းပိုးလုပ်ဆောင်နိုင်ကြရန်လည်း ဆန္ဒပြုအပ်ပါကြောင်း။

ဆက်လက်၍လည်း တက္ကသိုလ်ကြီး၏ ရည်မှန်းချက်တာဝန်ဖြစ်သည့် စားရေရိက္ခာ ထုတ်လုပ်မှုနည်းပညာများကို စိုက်ပျိုးထုတ်လုပ်သူများအကျိုး၊ တိုင်းပြည်အကျိုး၊ သဘာဝပတ်ဝန်းကျင် တည်တံ့စေရေးအကျိုးတို့ကို ရည်သန်ပြီး ရှေ့ဆောင်လမ်းပြလုပ်ဆောင်နိုင်ကြစေရန်၊ နိုင်ငံတွင်ရှိသည့် စိုက်ပျိုးရေးဆိုင်ရာနှင့် လူသားအရင်းအမြစ်ဆိုင်ရာ အခြေခံကောင်းများ၏ အားသာချက်ကို သိရှိပြီး ထိထိရောက်ရောက် အသုံးချနိုင်သကဲ့သို့ အားနည်းချက်များကို သတိပြုမိပြီး ပညာရှင်များပီသစွာ ပြုပြင်ဖြည့်စွမ်းပေးနိုင်ကြရန် လိုကြောင်း။

**"စိုက်ပျိုးပညာ၊ ပြည်ရွာဖွံ့ဖြိုး"** ဟူသည့် တက္ကသိုလ်ဆောင်ပုဒ်အတိုင်း နိုင်ငံနှင့်ပြည်ရွာအကျိုးကိုဆတက်ထမ်းပိုးရွက်ဆောင်နိုင်မည့် ထူးချွန်သည့် စိုက်ပျိုးရေးပညာရှင်များ မွေးထုတ်နိုင်ရေး ကြိုးစားကြရန် တိုက်တွန်းမှာကြားလိုကြောင်းနှင့် စိုက်ပျိုးရေးတက္ကသိုလ်ကြီး ရာပြည့်နှစ် အချိန်ကာလမှသည် ကမ္ဘာတည်သရွေ့ ဆက်လက်အဓွန့်ရှည်တည်တံ့စေရေး ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

■ ■ ■

# ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၂၃ - ၁၂ - ၂၀၂၄ )





တပ်မတော် အမျိုးသမီးစစ်မှုထမ်းများ၏ အခန်းကဏ္ဍကို အားသစ်လောင်းမည့် ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ဒီဇင်ဘာလ ၂၃ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ကျောင်းအုပ်ကြီးနှင့် မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲ၏ အလေးပြုခြင်းကို ခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။ ထို့နောက် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁)မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းလပြည့်ဝင်းအား အကောင်းဆုံး ဗိုလ်လောင်းဆု ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုး

မဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် တပ်မတော် အနေဖြင့် "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရာ၌ အမျိုးသမီး စစ်မှုထမ်းများ ပါဝင်ထမ်းရွက်စေနိုင်ရန်အတွက် အမျိုးသမီး စစ်မှုထမ်း(အရာရှိ)များအား လေ့ကျင့်သင်ကြားမွေး ထုတ်ပေးရန်"ဟူသည့် ရည်ရွယ်ချက်ဖြင့် အမျိုးသမီး ဗိုလ်လောင်းသင်တန်းကို ဖွင့်လှစ်မွေးထုတ်ပေးခဲ့သည်မှာ ယခုဆိုလျှင် သင်တန်းအမှတ်စဉ် (၁၁)အထိ ရောက်ရှိခဲ့ပြီ ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်သည်

**နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် တပ်မတော်တစ်ခုတည်းဖြင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသားတိုင်း ယောက်ျား၊ မိန်းမ အသက်အရွယ်မရွေး ထမ်းရွက်ကြရမည့် မွေးရာပါ သမိုင်းပေးတာဝန်လည်းဖြစ်၊ မြန်မာ့သမိုင်းစဉ်တစ်လျှောက် အမျိုးသမီးများသည် မြန်မာ့လွတ်လပ်ရေး သမိုင်း၊ အမျိုးသားရေးသမိုင်း၊ နိုင်ငံရေး လှုပ်ရှားမှု သမိုင်းစဉ် အဆက်ဆက်တွင် အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး စွန့်လွှတ်အနစ်နာခံမှု၊ ရဲဝံ့စွန့်စားမှုများဖြင့် ပါဝင်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်၊ မျက်မှောက်ကာလ ပြည်ထောင်စု တစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြရာတွင် လည်း ပြည်ထောင်စုဖွား တိုင်းရင်းသား မြန်မာအမျိုးသမီးထုစွမ်းအားကြီးကို မြင်တွေ့နေကြရပြီဖြစ်။**

တပ်မတော်တစ်ခုတည်းဖြင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသားတိုင်း ယောက်ျား၊ မိန်းမ အသက်အရွယ်မရွေး ထမ်းရွက်ကြရမည့် မွေးရာပါ သမိုင်းပေးတာဝန်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသမီးစစ်မှုထမ်းတပ်ဖွဲ့ဝင်များကို လေ့ကျင့်မွေးထုတ်ပေးနေခြင်းပင်ဖြစ်ကြောင်း။

မြန်မာ့သမိုင်းစဉ်တစ်လျှောက် အမျိုးသမီးများသည် မြန်မာ့လွတ်လပ်ရေးသမိုင်း၊ အမျိုးသားရေးသမိုင်း၊ နိုင်ငံရေး လှုပ်ရှားမှု သမိုင်းစဉ် အဆက်ဆက်တွင် အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး စွန့်လွှတ်အနစ်နာခံမှု၊ ရဲဝံ့စွန့်စားမှုများဖြင့် ပါဝင်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မျက်မှောက် ကာလ ပြည်ထောင်စုတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက် ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြရာတွင်လည်း ပြည်ထောင်စုဖွား တိုင်းရင်းသား မြန်မာအမျိုးသမီးထု စွမ်းအားကြီးကို မြင်တွေ့နေကြရပြီဖြစ်ကြောင်း။

၂၀၁၄ ခုနှစ်ကစပြီး တပ်မတော်တွင် အမျိုးသမီး အရာရှိများ ခန့်အပ်တာဝန်ပေးအပ်နိုင်ရေး ဆောင်ရွက် ခဲ့သည့်အတွက် လက်ရှိအချိန်တွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးဝန်ထမ်း တပ်ဖွဲ့အသီးသီးတွင် အမျိုးသမီးအရာရှိများ တာဝန်ထမ်းဆောင်လျက်ရှိနေ သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော် နှင့် တပ်မတော်အတွက် ယုံကြည်အားကိုးရသည့် အခြား အဆင့် အမျိုးသမီး စစ်မှုထမ်းများကိုလည်း တာဝန်ပေး ခန့်အပ်လျက်ရှိကြောင်းကို အသိပေးပြောကြားလိုကြောင်း။

ထိုကဲ့သို့အမျိုးသမီးစစ်မှုထမ်းတပ်ဖွဲ့ဝင်များကိုစဉ်ဆက် မပြတ် မွေးထုတ်ပေးလျက်ရှိသောကြောင့် သက်ဆိုင်ရာ တပ်ဖွဲ့အသီးသီး၏ တာဝန်များအပြင် ကြမ်းတမ်းခက်ခဲ လှသည့် အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး)တာဝန်များ၊ မိုင်ထောင်ချီဝေးကွာသည့် ပင်လယ်သမုဒ္ဒရာများကို စစ် ရေယာဉ်များဖြင့် ဖြတ်ကျော်ပြီး ပြည်ပနိုင်ငံများနှင့် ချစ်ကြည်ရေးခရီးစဉ်များ၊ ရေကြောင်းလုံခြုံရေး ပင်လယ်ပြင် ပူးတွဲလေ့ကျင့်ခန်းများ၊ အမျိုးသမီးလေသူရဲ ပျံသန်းရေး တာဝန်များနှင့် လေထီးစစ်သမီး တာဝန်များကို ရဲဝံ့ပြောင် မြောက်စွာ ထမ်းဆောင်နေကြသည်ကိုလည်း တွေ့ရ မည်ပင်ဖြစ်ကြောင်း။

အာဆီယံနိုင်ငံများ၏ အကြမ်းဖက်မှု တန်ပြန်တိုက် ဖျက်ရေးဆိုင်ရာ ပူးပေါင်းလေ့ကျင့်ခန်းများတွင်လည်း

တပ်မတော် အမျိုးသမီးစစ်မှုထမ်းများသည် နိုင်ငံတကာ တပ်ဖွဲ့ဝင်များနှင့်အတူ ရင်ပေါင်တန်းပြီး စွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့ကြောင်း၊ ထို့ပြင် မကြာသေးခင်ကာလက ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ၃၂ ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင်လည်း အမျိုးသမီးအရာရှိ၊ စစ်သည်များသည် ရွှေတံဆိပ် ၅ ခု၊ ငွေတံဆိပ် ၄ ခု၊ ကြေးတံဆိပ် ၇ ခုရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့သည်ကို ကြည့်ခြင်းအားဖြင့် မိမိတို့မြန်မာအမျိုးသမီးစစ်မှုထမ်းများ၏ ကိုယ်ရည်ကိုယ်သွေးနှင့် စွမ်းဆောင်ရည် မနိမ့်ကျဘူးဆိုသည်ကို လက်တွေ့ပြသလိုက်ခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့ တပ်မတော် အမျိုးသမီးစစ်မှုထမ်းများ၏ ကောင်းမွန်သည့်သမိုင်းအစဉ်အလာများကိုဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည့်အပြင် ပိုမိုကောင်းမွန်သည့် သမိုင်းမှတ်တိုင်များကို စိုက်ထူနိုင်အောင်လည်း ဆက်လက်ကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**လေ့ကျင့်သင်ကြား**

လေ့ကျင့်ရေးနှင့် ပတ်သက်၍ ယခုတက်ရောက်အောင်မြင်ခဲ့ပြီးဖြစ်သည့် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ တစ်ဦးချင်း၊ အဖွဲ့လိုက် လိုက်ပါလုပ်ဆောင်တတ်စေရေး လေ့ကျင့်သင်ကြားပေးလိုက်ပြီးဖြစ်ကြောင်း၊ တက္ကသိုလ်အသီးသီးမှ ဘွဲ့ရရှိခဲ့ကြသူများဖြစ်ပြီး မိမိတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် တပ်မတော်အတွင်းသို့ ဝင်ရောက်လာသူများဖြစ်သည့်အတွက် ခံယူချက်များ အခြေခံအားဖြင့် ကောင်းမွန်ကြပြီးဖြစ်ကြောင်း။

သင်တန်းတက်ရောက်စဉ်ကာလအတွင်း ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သန်မာမှု ရှိစေရေးအတွက် "ကျန်းမာကြံ့ခိုင်ရမည်၊ ကျွမ်းကျင်မှုရှိရမည်၊ ရဲစွမ်းသတ္တိရှိရမည်"ဟူသည့် လေ့ကျင့်ရေးမူဝါဒများနှင့်အညီ စနစ်တကျလေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းကသင်ကြားပေးလိုက်သည့် အတတ်ပညာများကို မမေ့မလျော့အောင် "အမြဲတမ်း လေ့ကျင့်ရမည်၊ အမြဲတမ်း စစ်ရေးသတိရှိရမည်၊ အမြဲတမ်းတိုက်ပွဲဝင် အသင့်ဖြစ်ရမည်" ဟူသည့် မြဲသုံးမြဲကို လက်ကိုင်ထားပြီး သင်တန်းကျောင်းတွင်သာမက တာဝန်ထမ်းဆောင်ချိန်များတွင်လည်း ပြန်လည်လေ့ကျင့်နေရန် လိုအပ်သကဲ့သို့ လက်တွေ့နယ်ပယ်တွင်လည်း ထိရောက်စွာ အသုံးချကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

မည်သည့်အဖွဲ့အစည်းတွင်မဆို ခေါင်းဆောင်များ၏ အခန်းကဏ္ဍသည် အရေးကြီးသည့်အတွက် မိမိအဖွဲ့အစည်းက အားကိုးရသည့် ခေါင်းဆောင်ကောင်းများ ဖြစ်စေရန်နှင့် မိမိအရည်အသွေးကို တိုးတက်အောင် အမြဲကြိုးစားဆောင်ရွက်နေကြရန်လိုအပ်ကြောင်း၊ မှန်ကန်သည့် ခေါင်းဆောင်မှု ပေးနိုင်ရေးအတွက် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့် အသိပညာ၊ အတတ်ပညာများကို မိမိကိုယ်တိုင် တတ်မြောက်ပြည့်စုံနေရမည်ဖြစ်သကဲ့သို့ တည်ကြည်ရိုးသားမှုနှင့် တော်တည့်ဖြောင့်မတ်သည့် ကိုယ်ကျင့်တရား မြင့်မားရန်လည်းလိုအပ်ကြောင်း၊ ရဲရင့်ပြတ်သားသည့် ဆုံးဖြတ်ချက်၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့်အတူ လက်အောက်ငယ်သားများအပေါ် အဂတိကင်းကင်းဖြင့် မှန်ကန်မျှတစွာ ကွပ်ကဲအုပ်ချုပ်သွားရမည်ဖြစ်ကြောင်း၊ အရာရှိငယ်များအဖြစ် စတင်တာဝန်ထမ်းဆောင်ရတော့မည့်သူများအနေဖြင့် မိမိဦးဆောင်သည့် အဖွဲ့အစည်းကိုပိုမိုကောင်းမွန်အောင်ကြိုးပမ်းတည်ဆောက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များအပြင် သမိုင်းကပေးအပ်လာသည့် အမျိုးသားနိုင်ငံရေးတာဝန်များကိုပါ အောင်မြင်စွာ ထမ်းရွက်နိုင်ရေးအတွက် တပ်တွင်း၊ တပ်ပြင် စည်းလုံးညီညွတ်ရေးကို ခိုင်မာစွာ တည်ဆောက်ထားရန်လိုအပ်မည်ဖြစ်ကြောင်း၊ "ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်"ဟူသည့် ဆောင်ပုဒ်အတိုင်း တပ်မတော်သားများနှင့် မိသားစုဝင်များသည် စုစည်းညီညွတ်ရန် အထူးလိုအပ်ကြောင်း။

ထို့ကြောင့် အဆင့်ဆင့်သော ခေါင်းဆောင်များအနေဖြင့် တပ်တွင်းစည်းလုံးညီညွတ်ရေးကိုအလေးထားတည်ဆောက်သွားရမည်ဖြစ်ပြီး ထိုသို့ တည်ဆောက်သည့်နေရာတွင် ညီညွတ်မျှတသည့်အမိန့်နှင့် တာဝန်များပေးအပ်ကာ မှန်ကန်သည့် ခေါင်းဆောင်မှု၊ လူ့သဘောသဘာဝကို နားလည်စွာ ကွပ်ကဲအုပ်ချုပ်မှုတို့ဖြင့် ပုံဖော်တည်ဆောက်သွားရမည်ပင်ဖြစ်ကြောင်း၊ တပ်မတော်၏အားသည် စည်းလုံးညီညွတ်မှု အပေါ်တွင်သာ အခြေတည်လျက်ရှိသည့်အတွက် တပ်တွင်းစည်းလုံးညီညွတ်မှုရှိပါက မည်သူကမျှ

တပ်မတော်ကို ဖြိုခွဲ၍ ရမည်မဟုတ်သည်ကို ပြောကြားလိုကြောင်း။

**ခိုင်မာအောင်တည်ဆောက်**

ထိုကဲ့သို့ အခြေခံကျသည့် တပ်တွင်းစည်းလုံးရေးကို ခိုင်မာအောင် တည်ဆောက်ကြရမည်ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း လက်တွေ့ဆန်သည့် တပ်ပြင်စည်းရုံးရေးကို တိုးမြှင့်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တို့တွင် ကူညီကယ်ဆယ်ထောက်ပံ့ပေးခြင်းများသည် ပြည်သူလူထုအပေါ် လက်တွေ့ပါသည့် စည်းရုံးရေး ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ တပ်ပြင်စည်းရုံးရေးကိစ္စရပ်များ ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွားများအတွက် ရေးရှုဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်သည့်အတွက် တပ်မတော်သားအမျိုးသမီးအရာရှိအားလုံးကလည်း အလေးထား ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

အဖွဲ့အစည်းတစ်ခု ခိုင်ခိုင်မာမာဖြင့် အစွန့်ရှည်ကြာစွာ ရပ်တည်နေနိုင်ခြင်းသည် မှန်ကန်သည့်မူဝါဒ၊ တိကျခိုင်မာသည့် စည်းမျဉ်း၊ စည်းကမ်း၊ လိုက်နာစောင့်ထိန်းရမည့် ဥပဒေများနှင့် စနစ်တကျ ဖွဲ့စည်းလေ့ကျင့်ထားမှုများ ရှိခြင်းတို့ကြောင့်ပင်ဖြစ်ကြောင်း၊ တပ်မတော်သည် လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်သောကြောင့် စည်းကမ်းလိုက်နာမှုနှင့် အမိန့်နာခံတတ်မှုများကို ခါးဝတ်ပုဆိုးပမာ မြဲမြံခိုင်ခံ့နေရမည်ဖြစ်ကြောင်း။

**တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်**

ထို့ကြောင့် တပ်မတော်သားတွေအနေဖြင့်လည်း စစ်သည်တော်ကျင့်ဝတ် အပါး ၆၀ နှင့်အညီ နေထိုင်ကျင့်ကြံပြီး စစ်ဘက်နှင့် နယ်ဘက်ဆိုင်ရာဥပဒေများကို သာမက နိုင်ငံတကာက လိုက်နာကျင့်သုံးနေကြသည့် ဂျီနီဗာကွန်ဗင်းရှင်းအပါအဝင် စစ်ပွဲဆိုင်ရာ ဥပဒေများနှင့် ထိတွေ့တိုက်ခိုက်မှု စည်းမျဉ်းများကိုပါ လိုက်နာကြရမည်ဖြစ်ကြောင်း၊ စည်းကမ်းဆိုရာတွင် လိုက်နာလုပ်ဆောင်ရန် တိုက်တွန်းချက်စည်းကမ်းနှင့် ရှောင်ကြဉ်ရန် သတ်မှတ်ထားသည့်တားမြစ်ချက်စည်းကမ်းဟူ၍ နှစ်မျိုးသာရှိကြောင်း၊ ချမှတ်ထားသည့် စည်းကမ်းများကို အသိတရားဖြင့် လိုက်နာစောင့်ထိန်းတတ်သည့် နိုင်ငံကြီးသားအလေ့အကျင့်ကောင်းများ ကိန်းအောင်းလာစေရန် ကျင့်ကြံဆောင်ရွက်ပြီး ပေးအပ်လာသည့်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကြရန် အလေးထား မှာကြားလိုကြောင်း။

“ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်

> **မည်သည့်အဖွဲ့အစည်းတွင်မဆို ခေါင်းဆောင်များ၏ အခန်းကဏ္ဍသည် အရေးကြီးသည့်အတွက် မိမိအဖွဲ့အစည်းက အားကိုးရသည့် ခေါင်းဆောင်ကောင်းများ ဖြစ်စေရန်နှင့် မိမိအရည်အသွေးကို တိုးတက်အောင် အမြဲကြိုးစား ဆောင်ရွက်နေကြရန်လိုအပ်၊ ရဲရင့်ပြတ်သားသည့် ဆုံးဖြတ်ချက်၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့်အတူ လက်အောက်ငယ်သားများအပေါ် အဂတိကင်းကင်းဖြင့် မှန်ကန်မျှတစွာ ကွပ်ကဲအုပ်ချုပ်သွားရမည်ဖြစ်၊ တပ်မတော်၏အားသည် စည်းလုံးညီညွတ်မှုအပေါ်တွင်သာ အခြေတည်လျက်ရှိသည့်အတွက် တပ်တွင်းစည်းလုံးညီညွတ်မှုရှိပါက မည်သူကမျှ တပ်မတော်ကို ဖြိုခွဲ၍ရမည်မဟုတ်သည်ကို ပြောကြားလို၊ အဖွဲ့အစည်းတစ်ခု ခိုင်ခိုင်မာမာဖြင့် အစွန့်ရှည်ကြာစွာ ရပ်တည်နေနိုင်ခြင်းသည် မှန်ကန်သည့်မူဝါဒ၊ တိကျခိုင်မာသည့် စည်းမျဉ်း၊ စည်းကမ်း၊ လိုက်နာစောင့်ထိန်းရမည့် ဥပဒေများနှင့် စနစ်တကျ ဖွဲ့စည်းလေ့ကျင့်ထားမှုများ ရှိခြင်းတို့ကြောင့်ပင်ဖြစ်။**

မြဲရေး” ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ပန်ဆင်ပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးတို့အတွက် မိမိကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ အမျိုးသမီးစစ်မှုထမ်းများ၏ ကောင်းမွန်သည့် သမိုင်းအစဉ်အလာများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည့်အပြင် ပိုမိုကောင်းမွန်သည့် သမိုင်းမှတ်တိုင်များကို စိုက်ထူနိုင်အောင်လည်း ဆက်လက်ကြိုးပမ်းသွားကြရန်၊ ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆)ချက်ကို တိတိကျကျလိုက်နာကာ အထက်ကယုံကြည်စိတ်ချရပြီး လက်အောက်က လေးစားအားထားရသည့် ထူးချွန်ထက်မြက်သည့် ခေါင်းဆောင်ကောင်းများဖြစ်အောင်၊ နိုင်ငံတော်နှင့် တပ်မတော်မှ အားကိုးအားထားပြုရသည့်အမျိုးသမီးအရာရှိကောင်းများဖြစ်အောင် ကြိုးစားသွားကြရန်၊ တပ်တွင်း၊ တပ်ပြင်စည်းရုံးရေးလုပ်ငန်းများကို ကျစ်လျစ်ခိုင်မာအောင် ညီညွတ်မျှတသော အုပ်ချုပ်ရေးစနစ်နှင့် မှန်ကန်သော ဆုံးဖြတ်ချက်များချမှတ်ပြီး ရေပက်မဝင်သော စည်းရုံးရေးဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ကျောင်းဌာနချုပ်ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသူများဖြစ်သည့် အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းလပြည့်ဝင်း၊ သေနတ်ပစ်အကောင်းဆုံးဆုရ ဗိုလ်လောင်းအေးသီတာ၊ စစ်ရေးပြအကောင်းဆုံးဆုရ ဗိုလ်လောင်းနန္ဒာကျော်နှင့် ကွဲခိုင်ရေးအကောင်းဆုံးဆုရ ဗိုလ်လောင်းအိဖြူမောင်တို့အားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ထူးချွန်ဆုများ ရရှိခဲ့ကြသဖြင့် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သင်တန်းကာလတစ်လျှောက်စဉ်ဆက်မပြတ် ကြိုးစားအားထုတ်မှုနှင့် မိမိကိုယ်ကိုထိန်းသိမ်းဆောင်ရွက်တတ်သည့် အခြေခံကောင်းများကိုလည်း ဘဝတစ်လျှောက်လုံး ဆက်လက်ထိန်းသိမ်းသွားကြရန်လိုကြောင်း၊ ယခုဗိုလ်လောင်းသင်တန်း မတက်ရောက်မီ တက္ကသိုလ်ပညာ၊ ဘွဲ့လွန်ပညာတို့ကို အသီးသီးဆည်းပူး လေ့လာအောင်မြင်ခဲ့ကြပြီးဖြစ်သဖြင့် အတွေးအခေါ်ပိုင်းနှင့် လူနေမှုပုံစံများကို လေ့လာခဲ့ကြရပြီး အရည်အချင်းနှင့် အတွေ့အကြုံများရှိပြီးဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ရန်နှင့် တက္ကသိုလ်ပညာ၊ ဘွဲ့လွန်ပညာများကို အောင်မြင်ရန် ကြိုးစားခဲ့ကြရပြီး ယခုဗိုလ်လောင်းသင်တန်း တက်ရောက်ခဲ့ရာတွင်လည်း ကြိုးစားအားထုတ်မှုရလဒ်များကြောင့် ထူးချွန်စွာအောင်မြင်ပြီး အမျိုးသမီးအရာရှိများအဖြစ်သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

ငယ်စဉ်ကလေးဘဝမှယခုအချိန်အထိ ကျွေးမွေးစောင့်ရှောက်ထိန်းသိမ်းသွန်သင်ပေးခဲ့သည့် မိဘဆရာသမားများ၏ ကျေးဇူးကို မမေ့ရန်နှင့် မိသားစုမှဂုဏ်ယူရသည့်၊ နိုင်ငံတော်နှင့် တပ်မတော်မှ အားထားရသည့်တပ်မတော်အရာရှိကောင်းများဖြစ်အောင် ကြိုးစားသွားကြရန်လိုကြောင်း၊ မိမိတို့တွင်ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်း၍ မိမိဘဝတိုးတက်အောင်၊ မိမိရည်မှန်းချက်များ မပျောက်ပျက်ရအောင်ဆက်လက်ကြိုးစားအားထုတ်သွားရန်လိုကြောင်းနှင့် မိမိတို့တာဝန်ကျသည့် မည်သည့်နယ်ပယ်တွင်မဆိုတိုင်းပြည်ကောင်းရာကောင်းကျိုးကို အကျိုးပြုနိုင်သူများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းမှာကြားသည်။

■ ■ ■

# (၇၇)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်ရေယာဉ်များတပ်တော်ဝင်ခြင်းအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၂၄ - ၁၂ - ၂၀၂၄ )





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တပ်မတော်(ရေ)၏ (၇၇)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့တွင် နိုင်ငံတော်၏ ရေကြောင်းဆိုင်ရာ အကျိုးစီးပွားများနှင့် မြန်မာ့ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုန်အားအပြည့်အဝ ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားကို ရန်ကုန်မြို့ရှိ အမှတ်(၃) ရေတပ်ဆိပ်ခံတံတား၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြုချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူး၊ ရေတပ်စခန်းဌာနချုပ်မှူးများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ စစ်ဦးစီးအရာရှိချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေးက တပ်တော်ဝင် စစ်ရေယာဉ်ဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြသည်။ ထို့နောက် ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူးက ဗျူဟာစစ်ရေယာဉ်စုမှူးထံ တပ်တော်ဝင်စစ်ရေယာဉ်များနှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်တော်ဝင်အခမ်းအနားအထိမ်းအမှတ်စစ်ရေယာဉ်ပုံစံငယ်များအား ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ စစ်ဦးစီးအရာရှိချုပ်(ရေ)က တပ်တော်ဝင် စစ်ရေယာဉ်များအဖြစ် ကြေညာခြင်း၊ နိုင်ငံတော်အလံလွှင့်တင်ခြင်း၊ တပ်မတော်(ရေ)အလံလွှင့်တင်ခြင်း၊

တပ်တော်ဝင်အလံလွှင့်တင်ခြင်း၊ ခေါင်းလောင်းရှစ်ချက်တီးခြင်းနှင့် တပ်တော်ဝင်လုပ်ငန်းစဉ်များကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင်စစ်ရေယာဉ်များဖြစ်သော ၆၃ မီတာ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး ရေယာဉ် နှစ်စင်းတို့အား လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေယာဉ် (မုတ္တမ)ပေါ်ရှိ အလေးပြုခံစင်မြင့်မှနေ၍ ဂုဏ်ပြုတပ်ဖွဲ့၏

> **စစ်သည်တစ်ဦးချင်းအနေဖြင့် ကိုယ်စိတ်ကျွမ်းကျင်မှုရှိစေရေး အမြဲမပြတ် လေ့လာလေ့ကျင့်နေရမည်ဖြစ်ပြီး လက်နက်နှင့် လက်နက်စနစ်များကိုလည်း ကျွမ်းကျင်ပိုင်နိုင်မှုရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်၊ လက်ဆင့်ကမ်းပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့် တပ်မတော်(ရေ)မှ မျိုးဆက်သစ်အရာရှိ၊ စစ်သည်များကိုလည်း ကောင်းမွန်သည့် အစဉ်အလာကောင်းများ လက်ဆင့်ကမ်းပေးသွားရန်နှင့် မြန်မာ့ပင်လယ်ပြင်နှင့် ပင်လယ်ပြင် အကျိုးစီးပွားများကို ကာကွယ်ရေးအတွက် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သွားကြရန်လို။**

အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကိုစစ်ဆေးသည်။ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူနေစဉ် စစ်ရေယာဉ် (ရန်တိုင်းအောင်)နှင့် စစ်ရေယာဉ်(ရန်ကြီးအောင်)တို့မှ အမြောက် ၂၁ ချက် ပစ်ဖောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ပြုအလေးပြုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား ဖရီဂိတ်စစ်ရေယာဉ်(အောင်ဇေယျ) ဦးဆောင်သော ဖရီဂိတ်စစ်ရေယာဉ်(ကျန်စစ်သား)၊ ဖရီဂိတ်စစ်ရေယာဉ် (ဆင်ဖြူရှင်)၊ ကော်ဗက်စစ်ရေယာဉ်(တပင်ရွှေထီး)၊ ကမ်းလွန်ကင်းလှည့် စစ်ရေယာဉ်(အင်းလေး)နှင့် ရေငုပ်သင်္ဘောတိုက်ဖျက်ရေးရေယာဉ်(ရန်ရဲအောင်)တို့က ရှေ့နောက်တန်းပုံပြု (Single Line Formation) ပုံစံဖြင့်လည်းကောင်း၊ ၄၉ မီတာ အမြန်သွားတိုက်ခိုက်ရေး ရေယာဉ်(ဒုံးပျံ) စစ်ရေယာဉ် ၄၉၁ ဦးဆောင်သော စစ်ရေယာဉ်နှစ်စင်းနှင့် အမြန်သွားကင်းလှည့်ရေယာဉ်လေးစင်းတို့က ရင်ပေါင်တန်းပုံပြု (Line Abreast Formation) ပုံစံများဖြင့် အသီးသီးပုံပြုမောင်းနှင်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ချီတက်အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)က အမြောက်ပစ်ဖောက် ဂုဏ်ပြုအလေးပြုပစ်ခတ်ထားသည့် ပထမဆုံး အမြောက်ကျည်ဆန်ခွံအား အထိမ်းအမှတ်လက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုမောင်းနှင်ချီတက်အလေးပြုခဲ့ကြသည့် စစ်ရေယာဉ်များမှ အရာရှိ၊ စစ်သည်များနှင့် တပ်တော်ဝင်ရေယာဉ်များ တည်ဆောက်ခဲ့ချိန်တွင် ပါဝင်ဆောင်ရွက်ခဲ့သည့် အရာရှိ၊ စစ်သည်များအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အထိမ်းအမှတ်တံဆိပ်(Plaque)၊ ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် လက်ဆောင်ပစ္စည်းများကိုပေးအပ်ရာ တာဝန်ရှိသူ အသီးသီးက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာ၌ ယနေ့တွင်တပ်မတော်(ရေ)မှတည်ဆောက်

ပြီးစီးခဲ့သည့် ၁၃၅ မီတာဖရီဂိတ်စစ်ရေယာဉ်ကြီး အမည်ပေးခြင်းနှင့် ရေချပေးခြင်း၊ ၆၃ မီတာ ရေငုပ်သင်္ဘောတိုက်ဖျက်ရေးရေယာဉ် နှစ်စင်းအား တပ်တော်ဝင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်၊ တပ်မတော်နှင့် တပ်မတော်(ရေ)တို့အတွက် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် နေ့တစ်နေ့ပင်ဖြစ်ကြောင်း၊ ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီးသည် လိုသလိုရွေးချယ်ပြောင်းလဲ အသုံးပြုနိုင်သည့် ဂီယာစနစ်ပါဝင်သည့် ဒီဇယ်(သို့မဟုတ်) Gas Turbine ပေါင်းစပ်မောင်းနှင်မှုစနစ် (Combination of Diesel or Gas – CODOG) ကို တပ်ဆင်ထားသည့် စစ်ရေယာဉ်ကြီးဖြစ်ကြောင်း၊ တပ်မတော်(ရေ)အနေဖြင့် မြစ်တွင်းသွားရေယာဉ်များမှ ယခုဖရီဂိတ်စစ်ရေယာဉ်ကြီးများအထိ အဆင့်ဆင့် တိုးမြှင့်တည်ဆောက်နိုင်ခဲ့သည်မှာ ဂုဏ်ယူဖွယ်ရာပင်ဖြစ်ကြောင်း၊ "ရေတပ်၏ တိုက်စွမ်းအားသည် စစ်ရေယာဉ်ဖြစ်သည်"ဟူသည့် ဆောင်ပုဒ်နှင့်အညီ ခေတ်မီစစ်ရေယာဉ်အသစ်များကို တည်ဆောက်ကာ ဝယ်ယူအသုံးပြုသူအဆင့်မှ ကိုယ်တိုင်တည်ဆောက်သူ (Buyer to Builder) အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းသည် ရေမိုင် ၁၂၆၀ ရှည်လျားပြီး ကျွန်းပေါင်း ၁၄၀၀ ကျော်ရှိကာ ရေပေါ်ရေအောက် အဖိုးတန်သယံဇာတများ၊ ပင်လယ်ကမ်းရိုးတန်းသဘာဝ အလှတရားများစွာတို့ဖြင့် ပြည့်နှက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ ပြီးပြည့်စုံပြီး အဖိုးတန်လှသည့် မြန်မာ့ပိုင်နက်ပင်လယ်ပြင်ကိုကာကွယ်နိုင်ရေးအတွက်တပ်မတော်(ရေ)ကို ခေတ်မီအင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်လာစေရေး စဉ်ဆက်မပြတ် တိုးချဲ့တည်ဆောက်ပေးနေခြင်းပင်ဖြစ်ကြောင်း၊ တပ်မတော်(ရေ)ကို တည်ဆောက်ရာတွင် ပထမအဆင့်ဖြစ်သည့် မြန်မာ့ပင်လယ်ပြင်သီးသန့်စီးပွားရေးဇုန်အား အပြည့်အဝကာကွယ်နိုင်သည့် သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသော တိုက်ပွဲဝင်အသင့် ရေတပ် (Three Dimensional Combat Ready Navy) အဖြစ်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ပြင် ဒုတိယအဆင့်အနေဖြင့် မြန်မာ့ပင်လယ်ပြင်နှင့် ဆက်စပ်ပင်လယ်ပြင်များသို့ ဖြန့်ကြက်နိုင်စွမ်းရှိသည့် ရေတပ်(Adjacent Force Projection Navy/Regional Navy) အဖြစ်သို့ တက်လှမ်းနိုင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆက်စပ်ပင်လယ်ပြင်များသို့ ဖြန့်ကြက်နိုင်စွမ်းရှိသည့် ရေတပ်ဖြစ်စေရေးအတွက် တိုက်စွမ်းအားပြည့်ဝသည့် စစ်ရေယာဉ်ကြီးများ မဖြစ်မနေ လိုအပ်မည်ဖြစ်သဖြင့် ရေယာဉ်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ် ကြောင်း။

တပ်မတော်(ရေ)ကို တိုက်ပွဲဝင်အသင့်ဖြစ်စေရေးအတွက် စစ်ရေယာဉ်အသင့်ဖြစ်မှု၊ လက်နက်နှင့် လက်နက်စနစ်အသင့်ဖြစ်မှု၊ ရေတပ်သား အသင့်ဖြစ်မှုဟူသည့် အသင့်ဖြစ်မှု(၃)ရပ်နှင့် ပြည့်စုံအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့် ကိုယ်စီကျွမ်းကျင်မှုရှိစေရေး အမြဲမပြတ် လေ့လာလေ့ကျင့်နေရမည်ဖြစ်ပြီး လက်နက်နှင့် လက်နက်စနစ်များကိုလည်း ကျွမ်းကျင်ပိုင်နိုင်မှုရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လက်ဆင့်ကမ်းပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့် တပ်မတော်(ရေ)မှ မျိုးဆက်သစ်အရာရှိ၊ စစ်သည်များကိုလည်း ကောင်းမွန်သည့် အစဉ်အလာကောင်းများ လက်ဆင့်ကမ်းပေးသွားရန်နှင့် မြန်မာ့ပင်လယ်ပြင်နှင့် ပင်လယ်ပြင် အကျိုးစီးပွားများကို ကာကွယ်ရေးအတွက် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်သွားကြရန်လိုကြောင်း၊ (၇၇)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့မှသည် နောင်ရာစုနှစ်၊ ထောင်စုနှစ်ပေါင်းများစွာအထိ နိုင်ငံတော်နှင့် တပ်မတော်၏ ဂုဏ်ကို ဆက်လက်မြှင့်တင်သွားနိုင်ရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပေးပို့သည့် သဝဏ်လွှာ

# သတ္တမအကြိမ်မြောက် ထားဝယ်အမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

( ၁ - ၁၂ - ၂၀၂၄ )

**ချစ်ခင်လေးစားအပ်ပါသော ထားဝယ်တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား–**

ယနေ့ ၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်နေ့၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော သတ္တမအကြိမ်မြောက် ထားဝယ်အမျိုးသားနေ့ အခမ်းအနားတွင် ထားဝယ်တိုင်းရင်းသားများနှင့်တကွ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပြီး ကောင်းကျိုးလိုအင်ဆန္ဒများဖြင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

၂၀၁၇ ခုနှစ်မှစတင်၍ နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့တွင် ထားဝယ်လူမျိုးစုစည်းမှု ကော်မတီ၏ ဦးဆောင်မှုဖြင့် ထားဝယ်အမျိုးသားနေ့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်မှာ ယခုအခါ သတ္တမအကြိမ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ထိုကဲ့သို့ ထားဝယ်လူမျိုးတို့၏ စည်းလုံးညီညွတ်မှုကို ဖော်ပြခွင့်ရသည့် အမျိုးသားနေ့ အခမ်းအနားတွင် မိမိအနေဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက်လည်း များစွာဂုဏ်ယူမိပါသည်။

မြန်မာနိုင်ငံတွင် ထားဝယ်လူမျိုးများ အပါအဝင် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် အတူတကွ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ခဲ့ကြပြီး တိုင်းရင်းသားအချင်းချင်း အပြန်အလှန် ကူးလူးဆက်ဆံခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ကိုလိုနီနယ်ချဲ့တို့လက်အောက် ကျရောက်ခဲ့ချိန်တွင်လည်း ထားဝယ်တိုင်းရင်းသားတို့အနေဖြင့် အခြားသောမျိုးချစ်တိုင်းရင်းသားများနှင့်အတူ နယ်ချဲ့တို့အား ဆန့်ကျင်တော်လှန်ခဲ့ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာစွာတည်ရှိမှုကို သက်သေပြသနိုင်ခဲ့ပါသည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင်လည်း ထားဝယ်လူမျိုးတို့၏ နိုင်ငံတော်လွတ်လပ်ရေးရရှိရန်အတွက် စွန့်လွှတ်အနစ်နာခံစိတ်များဖြင့် အခြားသောမျိုးချစ်တိုင်းရင်းသားများနှင့်အတူ အသက်ခန္ဓာကို မငဲ့ကွက်ဘဲ ပါဝင်တိုက်ပွဲဝင်ခြင်းဖြင့် ပြည်ထောင်စုသားများ၏ သွေးချင်းနီးစပ်မှုကို ပြသနိုင်ခဲ့ပြီးဖြစ်ပါသည်။ ရှေးဘိုးဘွားတို့ ထားရစ်ခဲ့သည့် လွတ်လပ်ရေးအမွေကို ထပ်မံမဆုံးရှုံးစေရေးအတွက် ထားဝယ်လူမျိုးများအပါအဝင် တိုင်းရင်းသားလူမျိုးအားလုံးတို့က တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်များ ထက်သန်နေအောင် တည်ဆောက်နေကြရမည်ဖြစ်ပါသည်။

ထားဝယ်တိုင်းရင်းသားတို့အနေဖြင့်လည်း အခြားသောမြန်မာတိုင်းရင်းသားတို့နည်းတူ ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှုတွင် တူညီမှုရှိပါသည်။ ထိုဗုဒ္ဓဘာသာကို အခြေခံသည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်း ထားဝယ်လူမျိုးတို့အနေဖြင့် မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်ကို ဂုဏ်ယူဖွယ်ရာ တွေ့မြင်ရပါသည်။ ထိုကဲ့သို့ ထားဝယ်တိုင်းရင်းသားတို့၏ ယဉ်ကျေးသိမ်မွေ့ပြီး နှစ်လိုဖွယ်ကောင်းသော ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာတည်သရွေ့ တည်ရှိနေအောင် လက်ဆင့်ကမ်း ကာကွယ်စောင့်ရှောက်ကြရန်လိုပါသည်။

ထားဝယ်ဒေသသည် မြန်မာနိုင်ငံတောင်ပိုင်းတွင် တည်ရှိပြီး ပင်လယ်ကမ်းရိုးတန်းနှင့် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများ ပေါကြွယ်ဝသည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများ၊ ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများနှင့် အခွင့်အလမ်းကောင်းများဖြင့် ပြည့်စုံ

သည့်ဒေသဖြစ်ပါသည်။ ထားဝယ်ဒေသသည် အခြား ဒေသများနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ကုန်းလမ်း၊ ရေလမ်းများဆုံရာနေရာတွင် တည်ရှိပါသည်။ ထိုကဲ့သို့ စီးပွားရေးအရ အချက်အချာကျသည့် နေရာ ဖြစ်ခြင်းကြောင့်လည်း တစ်နှစ်ထက်တစ်နှစ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်နေပြီး မြန်မာနိုင်ငံ စီးပွားရေးတိုးတက်မှု အတွက် အထောက်အကူပြုသည့် ဒေသအဖြစ် တည်ရှိ နေပါသည်။ ထို့အပြင် ထားဝယ်အထူးစီးပွားရေးဇုန်သည် လည်း မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ခြင်းကြောင့် ဒေသခံ ထားဝယ် လူမျိုးတို့မှ လုပ်ငန်းတိုးတက်အောင်မြင်မှုရှိအောင် ဝိုင်းဝန်းကြိုးပမ်းကြရန်လိုပါသည်။

ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအစိုးရအနေဖြင့်နိုင်ငံတော်၏ဒီမိုကရေစီလမ်းကြောင်း ခိုင်မာရေးအတွက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက် နေသကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ ကောင်းမွန်လာစေရေးအတွက် အခြေခံ အုတ်မြစ်များ ခိုင်မာစေရေး အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။ ထားဝယ်တိုင်းရင်းသားတို့ အနေဖြင့် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များကို အားပေးထောက်ခံပြီး ပြည်ထောင်စုအကျိုးအတွက် ဝိုင်းဝန်း ဆောင်ရွက်ပေးနေသည်ကို တွေ့ရှိရပါသည်။ ထားဝယ် လူမျိုးတို့အနေဖြင့် ထားဝယ်ဒေသရှိ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းကောင်းများကို အခြေပြုပြီး ပြည်ထောင်စု တစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးစား အကောင် အထည်ဖော်သွားရမည်ဖြစ်ပါသည်။

ထားဝယ်လူမျိုးတို့အနေဖြင့် သမိုင်းစဉ်ဆက် ဂုဏ် ယူဖွယ်ရာ ကောင်းမွန်ခဲ့သည့် သမိုင်းမှတ်တမ်းများကို ဆက်လက်ထိန်းသိမ်းပြီး မှတ်ကျောက်တင်ခံနိုင်မည့် သမိုင်းအသစ်များကို ဆက်လက်ရေးထိုးကြရမည်ဖြစ်ပါ သည်။ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံ၍ ထားဝယ် ဒေသရှိ ရှိရင်းစွဲအရင်းအမြစ်များကို မှန်ကန်စွာအသုံးချ ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တက် ကြွစွာပါဝင်၍ ထားဝယ်လူမျိုးတို့၏ စည်းလုံးညီညွတ်မှု ကို ဖော်ထုတ်ပြသနိုင်ပါစေကြောင်း တိုက်တွန်းနှိုးဆော် ရင်း ထားဝယ်အမျိုးသားနေ့ကို ဂုဏ်ပြုဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**
**နိုင်ငံတော်ဝန်ကြီးချုပ်**

■ ■ ■

# နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် ရခိုင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

( ၁၅ - ၁၂ - ၂၀၂၄ )

**ချစ်ခင်လေးစားအပ်ပါသော ရခိုင်ပြည်နယ်အတွင်းရှိ မိဘပြည်သူ ညီအစ်ကိုမောင်နှမအပေါင်းတို့ ခင်ဗျာ**

ယနေ့ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ကျရောက်သည့် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ရခိုင်ပြည်နယ်နေ့ နေ့ထူးနေ့မြတ် အခါသမယ၌ ရခိုင်ပြည်နယ်နှင့် ဒေသအသီးသီးတွင် ရောက်ရှိနေထိုင်ကြသော ရခိုင်တိုင်းရင်းသား သွေးချင်းညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ သုခချမ်းသာပြည့်စုံကြ၍ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ရခိုင်ပြည်နယ်နေ့သည် ပြည်ထောင်စုဖွား ရခိုင်တိုင်းရင်းသားတို့အတွက် ထူးခြားလေးနက်သော ဝိသေသများနှင့်ပြည့်စုံပြီး ဂုဏ်ယူဖွယ်ရာ မင်္ဂလာရှိသောနေ့ဖြစ်ပါသည်။ ၁၉၇၄ ခုနှစ်တွင် ရေးဆွဲအတည်ပြုခဲ့သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တိုင်းနှင့်ပြည်နယ်များ သတ်မှတ်ပြဋ္ဌာန်းရာတွင် ရခိုင်ပြည်နယ်သည်လည်း ပြည်နယ်တစ်ခုအဖြစ်ပါရှိခဲ့ပါသည်။ ယင်း ၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေးအတွက် ဆန္ဒခံယူပွဲ စတင်ကျင်းပခဲ့သည့် ဒီဇင်ဘာလ ၁၅ ရက်နေ့ကို ရခိုင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် နှစ် (၅၀)ပြည့်မြောက်ပြီဖြစ်ပါသဖြင့် ရွှေရတုအထိမ်းအမှတ်နှစ်အဖြစ် သမိုင်းဝင်မော်ကွန်းတင်ပြီး အောင်လံစိုက်ထူ ကမ္ပည်းရေးထိုးနိုင်ခဲ့ပြီ ဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် ရှေးရခိုင်တိုင်းရင်းသားတို့၏ ရှည်လျားသော သမိုင်းကြောင်းနှင့်အတူ ယဉ်ကျေးမှုအမွေအနှစ်များ၊ အနုပညာလက်ရာများ ပေါကြွယ်ဝသော ပြည်နယ်ဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာ သာသနာတော် ထွန်းလင်းတောက်ပသည့် ဒေသတစ်ခုဖြစ်သည်နှင့် အားလျော်စွာ "သဇင်ပန်းခိုင် တစ်မြိုင်မြိုင် ရခိုင့်ဘုရားပေါင်း"ဆိုသည့် အတိုင်း သမိုင်းဝင်ရှေးဟောင်းစေတီပုထိုးများစွာတည်ရှိပြီး ယဉ်ကျေးမှုအမွေအနှစ်များ ပြည့်စုံသော ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် ပထဝီဝင်အနေအထားအရ အနောက်ဘက်ကမ်းရိုးတန်းဒေသတွင် တည်ရှိကာ ဧရိယာ စတုရန်းမိုင်ပေါင်း ၁၄၂၀၀ ကျယ်ဝန်းပြီး အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသဖြင့် နိုင်ငံ့အတွက် အရေးပါသော ပြည်နယ်တစ်ခုဖြစ်ပါသည်။ တော၊ တောင်၊ မြစ်ချောင်းများ၊ စိမ်းလန်းစိုပြည်သော သစ်တောများရှိသည့် အပြင် ရှည်လျားလှပသည့် ပင်လယ်ကမ်းရိုးတန်းနှင့် ဆက်စပ်လျက်ရှိသည့်အတွက် မြေသယံဇာတများ၊ ရေသယံဇာတများ ပေါကြွယ်ဝပြီး အဖိုးတန်ထွက်ကုန်များ ထုတ်လုပ်နိုင်သည့် ဂုဏ်ယူဖွယ်ရာ သာယာလှပသော ပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့ ခင်ဗျာ**

ယနေ့ အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်အရပ်ရပ်ကို နိုင်ငံအခြေအနေနှင့် လိုအပ်ချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ယူဆောင်ရွက်လျက်ရှိသော အရေးပေါ်ကာလဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့တာဝန်ကို စတင်တာဝန်ယူသည့် အချိန်မှစပြီး ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို အဆင့်ဆင့်ချမှတ်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင်လည်း ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်တို့ကို ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ပါအတိုင်း ကဏ္ဍအလိုက် ဟန်ချက်ညီ ရှေ့ဆက်ဆောင်ရွက်လျက်ရှိရာ ယခုဆိုလျှင် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ အကြောင်းကြောင်းကြောင့် ကျန်နေသည့် ဒေသများကို ဆက်လက်ကောက်ယူလျက်ရှိပြီး ရှေ့လုပ်ငန်းစဉ် (၅)ရပ်၏ နောက်ဆုံးအချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူလူထု၏ ဆန္ဒဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေး အခြေခံကျသည့်အုတ်မြစ်မှာ တရားမျှတ၍ သိက္ခာရှိသော နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးဖြစ်ပါသည်။ ထိုကဲ့သို့ ဆက်လက်ဆောင်ရွက်သွားနိုင်ရေးအတွက် အဓိကလိုအပ်ချက်မှာ နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းမှုရှိရေးဖြစ်သဖြင့် နိုင်ငံသားအားလုံး တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့်အတူ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း တိုက်တွန်းမှာကြားလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့ ခင်ဗျာ**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးတို့အတွက် ငြိမ်းချမ်းသာယာဝပြောသည့် အနာဂတ်ကိုရည်မှန်းလျက် ကောင်းမွန်သည့် ပစ္စုပ္ပန်ကို တည်ဆောက်လျက်ရှိရာ နိုင်ငံရေးရည်မှန်းချက် (၂)ရပ်နှင့် အမျိုးသားရေးရည်မှန်းချက် (၂)ရပ်တို့ကိုလည်း အထူးအလေးထားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ လူသားတိုင်းအသက်ရှင် ရပ်တည်ရေးအတွက် စားဝတ်နေရေးမှာ အခြေခံလိုအပ်ချက်များဖြစ်သဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေး ရည်မှန်းချက် (၂)ရပ်အဖြစ် ချမှတ်ထားပြီး စိုက်ပျိုးရေးတွင် ဒေသနှင့်ကိုက်ညီသော ထုတ်ကုန်များ ထွက်ရှိလာစေရေး၊ နိုင်ငံသားတိုင်း အကျိုးရှိစေမည့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် အရှိန်တိုးမြှင့်ဆောင်ရွက်ရေးတို့အတွက် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ သမဝါယမနှင့် စက်မှုလက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး မတည်ရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၁၀ ဘီလီယံကို ခွင့်ပြုထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါ မတည်ငွေကို တောင်သူဦးကြီးများ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ၊ သမဝါယမအသင်းများနှင့် စက်မှုလက်မှုလုပ်ငန်း ဆောင်ရွက်သူများသို့ ခွဲဝေဆောင်ရွက်ထားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေကြပြီဖြစ်ပါသည်။

ထိုကဲ့သို့ ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ပေးခြင်းသည် လူဦးရေအများစုဖြစ်သော ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာစေမည်ဖြစ်ပြီး နိုင်ငံ၏ အဓိက ကုန်ထုတ်လုပ်ငန်းများ မြင့်မားလာစေမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ပေးနေခြင်းသည် ရခိုင်ပြည်နယ်နှင့် ရခိုင်ဒေသ တိုင်းရင်းသားပြည်သူများအပေါ် ထားရှိသည့် နိုင်ငံတော်၏ စေတနာနှင့် တိုင်းရင်းသား ညီနောင်အချင်းချင်း မိသားစုစိတ်ဓာတ်၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို မြင်တွေ့ရမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အသိဉာဏ်ပညာပြည့်ဝပြီး ဗလငါးတန်နှင့် ပြည့်စုံသည့် လူ့ဘောင်အသိုင်းအဝိုင်း ထွန်းကားရေးအတွက် ပညာရေးနှင့်ပတ်သက်ပြီး KG+9 အထိ မသင်မနေရသတ်မှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရာခိုင်နှုန်း မြင့်မားရေး၊ ကျောင်းသား/ကျောင်းသူများကို အတန်းပညာတတ်မြောက်စေရေး၊ တန်းစဉ်ကူးပြောင်းနှုန်း မြင့်မားရေးတို့ကို အလေးထားဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

အနာဂတ်တွင် ပြည်နယ်အတွက်သာမက နိုင်ငံတော်အတွက်ပါ အားကိုးအားထားပြုရမည့် ဗလငါးတန်နှင့် ပြည့်စုံသော အရည်အချင်းပြည့်ဝသည့် လူငယ်များ ပေါ်ထွက်လာရေးအတွက် အတတ်ပညာ ပြည့်ဝရေးသည် အဓိကကျသလို အသိပညာ၊ ဗဟုသုတ၊ အတွေးအခေါ်

အယူအဆ မှန်ကန်ရေးသည်လည်း မရှိမဖြစ် လိုအပ်လှပါသည်။ ထို့ကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အတတ်ပညာသာမက အသိပညာဗဟုသုတများ ရှာမှီးနိုင်ရန် နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိသည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများတွင်လည်း ပူးပေါင်းပါဝင်ခြင်းဖြင့် လူငယ်ကဏ္ဍကို မြှင့်တင်ပေးကြရန် လိုအပ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့ ခင်ဗျာ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်ကဏ္ဍများအပါအဝင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကဏ္ဍအလိုက် မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၂၃ ခုနှစ် မေလအတွင်းက အင်အားအလွန်ပြင်းထန်သည့် မိုခါဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်စဉ်ကလည်း မုန်တိုင်းတိုက်ခတ်ပြီး နောက်တစ်ရက်မှာပင် ရခိုင်ပြည်နယ်သို့ ရောက်ရှိခဲ့ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့ကြောင့်လည်း ရခိုင်ပြည်နယ်သည် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှုများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး မူလအခြေအနေထက် ပိုမိုကောင်းမွန်သည့် အခြေအနေတစ်ရပ်သို့ ရောက်ရှိအောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် ယခင်ကတည်းက လမ်းပန်းဆက်သွယ်ရေးမှအစ အဘက်ဘက်၌ အခက်အခဲများစွာရှိသဖြင့် အစိုးရအဆက်ဆက် ယခုအချိန်အထိ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ခဲ့ခြင်းကြောင့် ယခင်ကထက် အဆပေါင်းများစွာ ပြောင်းလဲတိုးတက်လျက်ရှိသည်မှာ အားလုံးအသိပင် ဖြစ်ပါသည်။

သို့သော်လည်း လက်ရှိကာလတွင် ရခိုင်ပြည်နယ်အပါအဝင် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှု မရှိသည်ကို အခွင့်ကောင်းယူ၍ မိမိနိုင်ငံ၏ ပထဝီနိုင်ငံရေးအရ အင်အားကြီးနိုင်ငံတချို့မှ ဩဇာလွှမ်းမိုးချုပ်ကိုင်လိုသည့်အတွက် ပြည်တွင်းမတည်မငြိမ်ဖြစ်အောင် ဖန်တီးပံ့ပိုးနေခြင်းကို မြင်တွေ့ရမည် ဖြစ်ပါသည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှ စတင်ခဲ့သည့် MNDAA၊ TNLA၊ AA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့များ၏ လုပ်ဆောင်ချက်များသည် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွား အခြေအနေများကို ပိုမိုဆိုးရွားစေခဲ့ပါသည်။ လက်နက်ကိုင် သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူပေါင်းများစွာဆင်းရဲဒုက္ခရောက်ခဲ့ကြရပါသည်။အကြမ်းဖက်သောင်းကျန်းသူများ၏ ခေတ်အဆက်ဆက် လက်နက်ကိုင် တိုက်ခိုက်မှုများသည် နိုင်ငံရေးကို အကြောင်းပြပြီး လွဲမှားသော အယူအဆများဖြင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေကြခြင်းသာ ဖြစ်ပါသည်။ ၎င်းတို့အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းပြီး ပြည်ထောင်စုကြီးကို အတူတကွတည်ဆောက်ရန်ထက် တသီးတခြားရပ်တည်လိုစိတ်ကိုသာ ရှေ့တန်းတင်လာသည်ကို တွေ့ရှိရပါသည်။ လူငယ်လူရွယ်များကို မူးယစ်ဆေးဝါးဖြင့် သိမ်းသွင်းမြူဆွယ်ပြီး စစ်ပွဲထဲ အတင်းအဓမ္မရောက်ရှိစေခဲ့ကြပါသည်။ လက်နက်ကိုင်အကြမ်းဖက်နည်းဖြင့် မိမိတို့လိုလားချက်ကို တောင်းဆို၍ မရနိုင်ဘဲ နိုင်ငံရေးစားပွဲဝိုင်းသို့ရောက်လာပြီး ငြိမ်းချမ်းစွာ ဖြေရှင်းသောနည်းဖြင့်သာ ပဋိပက္ခများကို ပြေလည်စေမည်ဖြစ်သည်ကို သိရှိကြပြီး လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး လမ်းကြောင်းမှန်ပေါ်ရောက်ရှိကြရေး တိုက်တွန်းလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမအပေါင်းတို့ ခင်ဗျာ**

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးအားလုံးသည် ရှေးနှစ်ပေါင်းများစွာကတည်းက အေးအတူပူအမျှ တစ်မြေတည်းနေ တစ်ရေတည်းသောက် စည်းလုံးညီညွတ်ခဲ့ကြသည့် ပြည်ထောင်စုဖွား ညီအစ်ကိုမောင်နှမများပင် ဖြစ်ကြပါသည်။ ယနေ့ အချိန်အခါတွင် ပြည်တွင်းမှ ပြည်ဖျက်သစ္စာဖောက်များနှင့် အင်အားကြီးနိုင်ငံများ၏ အကျိုးစီးပွားအတွက် မိမိတို့ တိုင်းရင်းသားများကို ဆင်းရဲဒုက္ခရောက်စေပြီး မိမိတို့ နေထိုင်ရာဒေသ ဖွံ့ဖြိုးတိုးတက်မှုနှင့် အရင်းအမြစ်များကို ဖျက်ဆီးနေ

မည့်အစား မိမိတို့ရင်သန်ကြီးပြင်းခဲ့ရာဒေသနှင့်နိုင်ငံတော်၏ အကျိုးအတွက် အားလုံးက အရှည်ကိုမျှော်တွေးကြရန် အရေးကြီးသည့် အချိန်ဖြစ်ပါသည်။ မိမိတို့အချင်းချင်း သွေးကွဲနေကြမည်ဆိုလျှင် နိုင်ငံတော်၏ စွမ်းအားများ လျော့နည်းပြီး သူတစ်ပါးအလိုကျ လိုက်ပါဆောင်ရွက် ကြရသော လူမျိုးများအဖြစ် သမိုင်းမှတ်တမ်းကျန်ရစ် မည်ကို သတိချပ်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးအတွက် NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသာလျှင် မိမိတို့ အားလုံး မျှော်လင့်ထားသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ မိမိတို့ နိုင်ငံ၏ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက် မှုနှင့် ပြည်တွင်းပယောဂ ကင်းကင်းဖြင့် တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ ကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေး အဖြေရှာ ခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော် အနေဖြင့်လည်း ဆွေးနွေးမှုများကို ဖိတ်ခေါ်ပြီး ငြိမ်းချမ်းရေး တံခါးကို အမြဲဖွင့်ကြိုဆိုလျက်ရှိပါသည်။ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"ဆိုသည့်အတိုင်း တိုင်းရင်းသား ပြည်သူအားလုံး စည်းလုံးညီညွတ်သော စုပေါင်းအားဖြင့် နိုင်ငံ့အကျိုးကို တက်ညီလက်ညီ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

ရခိုင်ပြည်နယ်တွင် ရခိုင်တိုင်းရင်းသား မျိုးနွယ်စုများ ဖြစ်ကြသည့် ရခိုင်၊ ကမန်၊ ခမီး၊ ဒိုင်းနက်၊ မရမာကြီး၊ မြို သက်စသည့် တိုင်းရင်းသားများသည် မြန်မာ၊ ချင်း စသည့် တိုင်းရင်းသားများနှင့် အတူယှဉ်တွဲနေထိုင်လျက်ရှိပါသည်။ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့မှာ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး၏ စည်းလုံး ညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲမှုတို့ပေါ်တွင် မှီတည်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်အတွင်း မှီတင်း နေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အားကြိုး မာန်တက် ပူးပေါင်းဆောင်ရွက်မှုများသည် ရခိုင်ပြည်နယ် အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် စွမ်းအား တစ်ရပ်အဖြစ် ဖြစ်တည်လျက်ရှိပါသည်။

နိဂုံးချုပ်အားဖြင့် မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီ စနစ် ခိုင်မာစေရေးနှင့် မှန်ကန်သည့် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများ အဆင်ပြေချောမွေ့စွာနှင့် လျင်မြန်စွာ အကောင် အထည်ဖော်နိုင်ရေးအတွက် အဓိကလိုအပ်ချက်များဖြစ်သည့် နိုင်ငံလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူ တစ်ရပ်လုံးက ပူးပေါင်းပါဝင်သည်နှင့်အမျှ လျင်မြန်စွာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်ရှိတိုင်းရင်းသား ပြည်သူများအနေဖြင့်လည်း ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကိုအခြေခံ၍ ပြည်နယ်သူ ပြည်နယ် သားများ၏ အကျိုး၊ ပြည်နယ်၏အကျိုး၊ ပြည်ထောင်စု၏ အကျိုး ထမ်းဆောင်နိုင်သူများ ဖြစ်ကြပါစေကြောင်းနှင့် အစဉ်ထာဝရ အေးချမ်းသာယာပျော်ရွှင်ချမ်းမြေ့ကြပါ စေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှစ်(၅၀)ပြည့် ရွှေရတု ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုလျက် သဝဏ်လွှာ ပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

■ ■ ■

# နှစ် (၅၀) ပြည့် ရွှေရတု အာခါအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

## ( ၂၈ – ၁၂ – ၂၀၂၄ )

**ချစ်ခင်လေးစားအပ်ပါသော အာခါတိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား–**

ယနေ့ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော နှစ် (၅၀)ပြည့် ရွှေရတု အာခါအမျိုးသားနေ့ အခမ်းအနားတွင် အာခါတိုင်းရင်းသားလူမျိုးများနှင့်တကွ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အာခါလူမျိုး အကြီးအကဲတို့၏ ဦးဆောင်မှုဖြင့် ၁၉၇၅ ခုနှစ်မှ စတင်ကျင်းပခဲ့သော အာခါအမျိုးသားနေ့ကို အာခါလူမှုအဖွဲ့အစည်းအသီးသီးမှ စည်းလုံးညီညွတ်စွာဖြင့် ဆက်လက်၍ နှစ်စဉ်စည်ကားသိုက်မြိုက်ပြီး အောင်မြင်စွာ ကျင်းပခဲ့ကြသည်မှာ ယခုအခါ ရွှေရတုကာလ နှစ် (၅၀) ပြည့် အခါသမယသို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ထိုကဲ့သို့ အာခါလူမျိုးတို့၏ စည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှု၊ သာယာဝပြောမှုတို့ကို ဖော်ပြခွင့်ရသည့် အမျိုးသားနေ့ အခမ်းအနားတွင် မိမိအနေဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခွင့်ရသည့်အတွက်လည်း များစွာဂုဏ်ယူမိပါသည်။

အာခါလူမျိုးတို့အနေဖြင့် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ဒေသများသို့ ဝင်ရောက်အခြေချနေထိုင်ခဲ့သည့် ၁၁ ရာစုအစောပိုင်း အချိန်ကာလများမှစ၍ ဒေသခံ တိုင်းရင်းသားလူမျိုးများနှင့် အေးအတူပူအမျှ စိတ်ဓာတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံကာ စည်းလုံးညီညွတ်စွာ နေထိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ အာခါလူမျိုးတို့အနေဖြင့် ပင်ရင်းဘာသာဖြစ်သော အာခါဇန်းဘာသာအပြင် ဒေသခံ အခြားတိုင်းရင်းသားများနည်းတူ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန် ဘာသာတို့ကို ကိုးကွယ်လျက်ရှိပြီး ဘာသာတရား၏ အဆုံးအမများအောက်တွင် အေးချမ်းစွာ နေထိုင်လျက်ရှိကြပါသည်။ အာခါစာပေနှင့်ပတ်သက်၍လည်း ၂၀၀၈ ခုနှစ်မှစတင်၍ တစ်ခုတည်းသော အာခါအမျိုးသားစာပေကို ဖော်ဆောင်နိုင်ခဲ့သည်ကို တွေ့ရှိရသောကြောင့် အာခါလူမျိုးတို့၏ ကြိုးပမ်းအားထုတ်မှုကို ဖော်ပြနိုင်ခဲ့ပါသည်။ အာခါလူမျိုးများသည် မိမိတို့၏ အဝတ်အထည်များကို ကိုယ်တိုင် ရက်လုပ်ဝတ်ဆင်ကြသကဲ့သို့မိမိတို့၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ ရိုးရာဓလေ့ထုံးတမ်းတို့မပျောက်ပျက်အောင် ထိန်းသိမ်းလျက်ရှိသည်ကို ဂုဏ်ယူဖွယ်တွေ့ရှိရပါသည်။ အာခါလူမျိုးတို့၏ ကိုးကွယ်ယုံကြည်မှု၊ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများအရ ရာသီအလိုက် ကျင်းပပြုလုပ်သည့် ထုံးတမ်းအစဉ်အလာပွဲများနှင့် လူမျိုးဘာသာမရွေး အာခါ တိုင်းရင်းသားတို့နှင့်အတူတကွ ပျော်ရွှင်စွာ ပါဝင်ဆင်နွဲနိုင်သော ပွဲတော်များ ကျင်းပလျက်ရှိသည်ကိုလည်း သိရှိရပါသည်။

အာခါလူမျိုးတို့အနေဖြင့် ခေတ်အဆက်ဆက်တွင် ဒေသတည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် အာခါလူမျိုးတို့ နေထိုင်ရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသသည် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မြင့်မားနေသည်ကို တွေ့ရှိရပါသည်။ ပညာရေးကဏ္ဍတိုးတက်မှု၏ ရလဒ်အဖြစ် ယခုအခါ နိုင်ငံတော်၏ ကာကွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အုပ်ချုပ်ရေးနယ်ပယ်အသီးသီးတွင် အာခါလူမျိုးတပ်မတော်သားများ၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေကြသည်ကို ဂုဏ်ယူဖွယ်တွေ့မြင်ရပါသည်။ အာခါလူမျိုးတို့အနေဖြင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ လာအို၊ ထိုင်းစသည်တို့နှင့် နယ်နိမိတ်ထိစပ်နေသော

နယ်စပ်ဒေသများတွင် နေထိုင်လျက်ရှိသောကြောင့် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်ပြီး နယ်စပ်ဒေသတည်ငြိမ်ရေး၊ နယ်စပ်ဒေသ ကုန်သွယ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်ခြင်း မှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်မှစ၍ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးကို ရှေးရှုကာ ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်ပြီး နိုင်ငံတစ်ဝန်းလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အတွင်း ဒေသအချို့တွင် ဖြစ်ပွားနေသော လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက်လည်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်နှင့် တွေ့ဆုံဆွေးနွေးရေးနည်းလမ်းများဖြင့် ဖြေရှင်းရန် ဖိတ်ခေါ်ထားရှိပြီးဖြစ်ပါသည်။ သို့သော် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့အနေဖြင့် မိမိဒေသနှင့် မိမိလူမျိုးအကျိုးကို မျက်ကွယ်ပြုကာ အကြမ်းဖက်လုပ်ရပ်များကို တစိုက်မတ်မတ် ဆက်လက်ဆောင်ရွက်နေသည်ကို တွေ့မြင်နေရပါသည်။ အာခါလူမျိုးတို့အနေဖြင့် နိုင်ငံတော်အစိုးရ လျှောက်လှမ်းနေသည့် လမ်းကြောင်းအတိုင်း လိုက်ပါ၍ ပူးပေါင်းဆောင်ရွက်ခဲ့သောကြောင့် မိမိတို့၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာသည်ကို တွေ့ရှိခဲ့ရပြီးဖြစ်ပါသည်။ ထို့ကြောင့် အာခါလူမျိုးတို့အနေဖြင့် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ဆက်လက်ထိန်းသိမ်းကာ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားကဏ္ဍအသီးသီးမှာ ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပြီး မိမိတို့ဒေသနှင့် လူမျိုးအကျိုးကို ပိုမိုမြှင့်တင်ပေးနိုင်ရေး ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

အာခါလူမျိုးတို့အနေဖြင့် နိုင်ငံတော်နှင့် ဒေသအတွက် မှတ်ကျောက်တင်ခံနိုင်သော သမိုင်းမှတ်တမ်းကောင်းများကို ရေးထိုးခဲ့ကြပြီးဖြစ်သလို ဆက်လက်ရေးထိုးနိုင်ရေး ကြိုးပမ်းကြလိမ့်မည်ဟု ယုံကြည်ပါသည်။ ထို့အပြင် အာခါလူမျိုးတို့အနေဖြင့် မိမိတို့တွင် ခိုင်ခိုင်မာမာရှိပြီးဖြစ်သော သမိုင်းအစဉ်အလာ၊ ရိုးရာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို မပျောက်ပျက်အောင် လက်ဆင့်ကမ်းကာကွယ်စောင့်ရှောက်ရင်း ယခုကဲ့သို့ အမျိုးသားနေ့များမှတစ်ဆင့် အာခါလူမျိုးတို့၏ စည်းလုံးညီညွတ်မှုများကို ဖော်ထုတ်ပြသကာ အာခါလူမျိုးတို့၏ဂုဏ်ကို မြှင့်တင်နိုင်ကြပြီး နိုင်ငံတော်နှင့် ဒေသကောင်းကျိုးကို ရှက်ဆောင်နိုင်သူများဖြစ်အောင် ကြိုးပမ်းအားထုတ်ကြပါလို့ တိုက်တွန်းရင်း နှစ် (၅၁)ပြည့် ရွှေရတုအာခါအမျိုးသားနေ့ကို ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**
**နိုင်ငံတော်ဝန်ကြီးချုပ်**

■ ■ ■

# ကရင်အမျိုးသားနှစ်သစ်ကူးနေ့သို့ ပေးပို့သည့် သဝဏ်လွှာ

## ( ၃၀ - ၁၂ - ၂၀၂၄ )

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျာ**

ယနေ့ ခရစ်နှစ် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်၊ ကရင်သက္ကရာဇ် ၂၇၆၄ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ပြာသိုလဆန်း ၁ ရက်နေ့သည် ကရင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အမြတ်တနိုး တန်ဖိုးထားသည့် ကရင်နှစ်သစ်ကူး နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ကရင်နှစ်သစ်ကူး အခါသမယတွင် ကရင်တိုင်းရင်းသားများ အပါအဝင် မိဘပြည်သူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ကရင်တိုင်းရင်းသားတို့၏ နှစ်သစ်မင်္ဂလာ နေ့ထူးနေ့မြတ်အချိန်အခါကို နှစ်စဉ်ပြာသိုလဆန်း ၁ ရက်နေ့တွင် ပျော်ရွှင်ကြည်နူးစွာ ကျင်းပဆင်နွှဲကြပြီး ထိုနေ့ကို နိုင်ငံတော်အစိုးရက မြန်မာတစ်နိုင်ငံလုံး တရားဝင်ရုံးပိတ်ရက်အဖြစ် လေးစားဂုဏ်ပြု သတ်မှတ်ပေးထားပါသည်။ နှစ်သစ်ကူးနေ့ကို ကောင်းမြတ်သောနေ့ဟု အဓိပ္ပာယ်ဖွင့်ကြပြီး နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးပြောင်းသည့် ကရင်တိုင်းရင်းသားတို့၏ ကရင်အမျိုးသားနှစ်သစ်ကူးအချိန်အခါသမယမှသည် နှစ်သစ်အတွက် စိတ်သစ်လူသစ်ဖြင့် လန်းဆန်းတက်ကြွနေကြမည်ဟု ယုံကြည်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကို မောင်နှမများခင်ဗျာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများသည် တစ်ဦးနှင့်တစ်ဦး ဓလေ့ထုံးစံများ မတူကွဲပြား ခြားနားကြသော်လည်း တိုင်းရင်းသားမျိုးနွယ်စုအားလုံး မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့မွေးမြူပြီး တစ်ဦးအပေါ်တစ်ဦး တန်ဖိုးထားလေးစား၍ အတူတကွ နေထိုင်လာခဲ့ကြပါသည်။ မွေးဖွားရာဇာတိ၊ နေထိုင်သည့်အရပ်ဒေသနှင့် ပြောဆိုသုံးနှုန်းသော ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်သည့်ဘာသာ၊ ဓလေ့ထုံးတမ်း အစဉ်အလာစသည်ဖြင့် မည်သို့ပင် ကွဲပြားခြားနားစေကာမူ တစ်မြေတည်းနေ တစ်ရေတည်းသောက်ပြီး ပြည်ထောင်စုကြီးအတွင်း ညီရင်းအစ်ကို၊ မောင်ရင်းနှမတို့ကဲ့သို့ စုပေါင်းနေထိုင်လာခဲ့ကြပါသည်။

ကရင်တိုင်းရင်းသားများသည် မြန်မာနိုင်ငံဖွားတိုင်းရင်းသားများဖြစ်သည်နှင့်အညီ ကရင်ပြည်နယ်အပြင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပျံ့နှံ့နေထိုင်လျက်ရှိကြပါသည်။ ထို့အပြင် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်း ဖြန့်ခွဲပျံ့နှံ့နေထိုင်လျက်ရှိကြပါသည်။ ကရင်တိုင်းရင်းသားတို့သည် သမိုင်းစဉ်တစ်လျှောက် တိုင်းရင်းသားအားလုံးနှင့် အေးအတူပူအမျှ စည်းလုံးညီညွတ်စွာ နေထိုင်လာခဲ့ကြပါသည်။ ထို့ပြင် မိမိတို့နိုင်ငံ သူ့ကျွန်ဘဝကျရောက်ခဲ့စဉ်ကာလ နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ကရင်တိုင်းရင်းသားတို့သည် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် အပြည့်အဝဖြင့် တိုင်းရင်းသားအားလုံးနှင့်အတူ အသက်သွေးချွေးတို့ စတေးပြီး တိုက်ပွဲဝင်ခဲ့ကြသည်ကို သမိုင်းက သက်သေတည်လျက်ရှိသည်မှာ လေးစားဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။

ကရင်တိုင်းရင်းသားတို့သည် ပင်ကိုသဘာဝအရ ရိုးသားအေးချမ်းပြီး မာန်မာနကင်းစင်ကြသည်။ သို့သော် ရဲရင့်ပြတ်သားပြီး ကတိသစ္စာလည်း ကြီးမားကြပါသည်။ နိုင်ငံအတွက် မျိုးချစ်စိတ်ဖြင့် အရေးကြီးက သွေးစည်းခဲ့ကြပါသည်။ ကရင်တိုင်းရင်းသားများသည် ဘိုးဘွားဘီဘင် အစဉ်အဆက် ထိန်းသိမ်းလာခဲ့ကြသည့် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုအနုပညာ၊ ရိုးရာဓလေ့ထုံးတမ်းများ၊ သမိုင်း အမွေအနှစ်များကို လက်ဆင့်ကမ်း ဆက်လက်

ထိန်းသိမ်းကြရန် တိုက်တွန်းလိုပါသည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ကရင်တိုင်းရင်းသားများနည်းတူ အနယ်နယ် အရပ်ရပ်ရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးသည် မိမိတို့၏ ကောင်းမြတ်သော အစဉ်အလာများကိုအစဉ်အမြဲထိန်းသိမ်းစောင့်ရှောက်ပြီး အားလုံးအတူတကွ ဥမကွဲသိုက်မပျက်တွဲလက်များ ညီညာပါက ပြည်ထောင်စုကြီးသည်လည်း စည်းလုံးညီညွတ်မှုဖြင့် အဓွန့်ရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူညီအစ်ကို မောင်နှမများခင်ဗျာ**

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံအတွင်းရှိပြည်သူများ၏ လူမှုဘဝမြင့်မားရေး၊ ပြည်ထောင်စုတစ်ဝန်းအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ငြိမ်းချမ်းရေးသည် အခြေခံအုတ်မြစ်တစ်ခုဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် တိုင်းရင်းသားညီနောင်များအချင်းချင်း အထင်အမြင်လွဲမှားကာ ယနေ့အချိန်အထိ လက်နက်ကိုင် ပဋိပက္ခများဖြင့် မတည်မငြိမ်၊ မအေးမချမ်းဖြစ်နေခြင်းကို သတိထားသင့်ကြပါသည်။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် ယနေ့မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားများအချင်းချင်း အပြန်အလှန်လေးစားခြင်း၊ တစ်ဦးနှင့်တစ်ဦးအကြား ပူးပေါင်းဆောင်ရွက်မှုဖြစ်ပေါ်စေပြီး နားလည်မှုလွဲမှားခြင်းနှင့် ပဋိပက္ခများကိုလျှော့ချကာ တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဖြေရှင်းနိုင်ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပြီး နှစ်ဖက်ဆွေးနွေးချက်များမှ ရရှိလာသည့် သဘောထား မှတ်ချက်များကိုလည်း နောင်လာမည့် လွှတ်တော်အစည်းအဝေးများတွင် ဆွေးနွေးအတည်ပြုနိုင်ရန် မှတ်တမ်းတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ တွေ့ဆုံဆွေးနွေးမှုများအတွက် အစဉ်အမြဲ ဖိတ်ခေါ်ကြိုဆိုပြီး တံခါးဖွင့်ထားပါသည်။ ရှေ့ဆက်၍လည်း ငြိမ်းချမ်းရေးအတွက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူညီအစ်ကို မောင်နှမများခင်ဗျာ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ ပြည်သူပြည်သားအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ အလုပ်အကိုင်များ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းတို့ ဖြစ်ပါသည်။

စားရေရိက္ခာဖူလုံရေးအတွက် မူလစိုက်ပျိုးမွေးမြူရေးသာမက ခေတ်မီနည်းစနစ်များဖြင့် အစာအာဟာရထုတ်လုပ်ခြင်းများကိုလည်း တီထွင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူဆောင်ရွက်ချိန်တွင် သယံဇာတပစ္စည်းထုတ်လုပ်မှုများကို တတ်နိုင်သမျှ ထိန်းသိမ်းပြီး ပြည်ပသို့ တင်ပို့ခြင်းမပြုလုပ်ဘဲ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသည့် ထွက်ကုန်များကိုသာ ပိုမိုတင်ပို့ခဲ့ပါသည်။ စီးပွားရေးကောင်းမွန်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်လျက်ရှိပါသည်။

တိုင်းရင်းသားပြည်သူအားလုံးကလည်းစားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှုမြှင့်တင်ဆောင်ရွက်ရေးကို အထူးအားပေးဆောင်ရွက်ကြရန်လိုပါသည်။ ပြည်ပရောင်းတန်းဝင်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေပိုမိုရရှိစေရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ နိုင်ငံ့စီးပွားတိုးတက်မြင့်မားလာမည်ဆိုပါက ပြည်သူတို့၏ လူမှုစီးပွားဘဝများလည်း တိုးတက်လာသကဲ့သို့ နိုင်ငံတော်၏စီးပွားရေးမူဝါဒ မျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ညီမျှစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူညီအစ်ကို မောင်နှမများခင်ဗျာ**

ယနေ့နိုင်ငံတော်တွင် လိုအပ်လျက်ရှိသော တည်ငြိမ်

အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကရင်ပြည်နယ်မှ ကရင် တိုင်းရင်းသားများအပါအဝင် တိုင်းရင်းသား ပြည်သူ အားလုံးက ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက် သွားကြရမည်ဖြစ်ပါသည်။ ကရင်ပြည်နယ်အပါအဝင် မိမိတို့နေထိုင်ရာ နေရာဒေသများအတွင်း တိုက်ပွဲများနှင့် ဆူပူအကြမ်းဖက်မှုများ လျော့နည်းပပျောက်လာစေရန် အချင်းချင်း ဝိုင်းဝန်းဆောင်ရွက်ပြီး တိုင်းရင်းသားများ အားလုံး စည်းလုံးညီညွတ်ခြင်းဖြင့် ပြည်ထောင်စုကြီး အေးချမ်းသာယာဝပြောရေး ဖော်ဆောင်ကြကာ တည်ငြိမ် အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများကို ပိုမိုရရှိနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ သဝဏ်လွှာပေးပို့အပ် ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

■ ■ ■

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ၊ တည်မြဲမှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ မဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော် တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99986-56-27-7